မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂ ] ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက် ( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၃ (က) အရ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချစီမံဆောင်ရွက်နိုင်ရန် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန် (လယ်/ဆည်)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | တွဲဖက်စစ်ထောက်ချုပ် (၂)<br>စစ်ထောက်ချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီးပွားရေးရာဌာနကြီး
နိုင်ငံတော်သမ္မတရုံး

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(စျ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(တ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဒ) အငြိမ်းစားပညာရှင် (၁) ဦး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဓ) အငြိမ်းစားပညာရှင် (၁) ဦး အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(န) အငြိမ်းစားပညာရှင် (၁) ဦး အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ** အနေဖြင့် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါလုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့်အညီ နည်းလမ်းတကျဆောင်ရွက်နိုင်ရန် စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ လုပ်ပိုင်ခွင့်ရပ်စဲခြင်းတို့ကို ဆောင်ရွက်နိုင်သည် -

(က) စိုက်ပျိုးရေးလုပ်ငန်း၊

(ခ) မွေးမြူရေးလုပ်ငန်း၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊

(ဃ) အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ။

၃။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** သို့ အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက နည်းလမ်းတကျတင်ပြလျှောက်ထားလာခြင်းများကိုစိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းဆိုခြင်းများ ဆောင်ရွက်နိုင်သည် -

(က) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဂ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၁၄ အရ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ကင်းလွတ်ခွင့်ပြုထားသူများဖြစ်သည့် နိုင်ငံတော်နှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားမည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊

(င) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ။

၄။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စီမံခန့်ခွဲရေးကော်မတီများ၏ သဘောထားထောက်ခံချက်ဖြင့် တင်ပြလာသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးကော်မတီများ၏ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ရောက်လာသည့်ကိစ္စရပ်များအား ဆုံးဖြတ်ပေးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ (၆) လလျှင် တစ်ကြိမ်တင်ပြရမည်။ မူဝါဒဆိုင်ရာ အဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတထံ နည်းလမ်းတကျ တင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၆။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ** သည် လိုအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၇။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်စိုးဝင်း<br>ကောင်စစ်ဝန်ချုပ်<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>မြန်မာကောင်စစ်ဝန်ချုပ်ရုံး<br>လော့စ်အိန်ဂျယ်လိစ်မြို့<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးချစ်တိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး<br>ဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး<br>ဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

**စီမံကိန်းနှင့်မူဝါဒဆိုင်ရာ ချေးငွေစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏စီးပွားရေးမူဝါဒများကို ဆောင်ရွက်ရာတွင် ငွေရေးကြေးရေးကဏ္ဍမှ အဓိကပါဝင်လျက်ရှိရာ ပြည်သူများ၏ အပ်နှံစုဆောင်းငွေများဖြင့် နှစ်တို၊ နှစ်လတ် ကူးသန်းရောင်းဝယ်ရေးချေးငွေ (Commercial) နှင့် SME ချေးငွေများအပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံရသော စီမံကိန်းနှင့်မူဝါဒဆိုင်ရာလုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေများထုတ်ချေးပေးလျက်ရှိပါသဖြင့် ကျပ်သန်း (၁၅၀၀) နှင့်အထက် သတ်မှတ်ထုတ်ချေးရာတွင် စိစစ်နိုင်ရန် **စီမံကိန်းနှင့်မူဝါဒဆိုင်ရာ ချေးငွေစိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဃ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(င) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ဦးဆောင်ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
မြန်မာ့စီးပွားရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ စီမံကိန်းနှင့်မူဝါဒဆိုင်ရာ ချေးငွေစိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီတို့၏ စီမံကိန်းနှင့်မူဝါဒဆိုင်ရာ ချေးငွေလျှောက်ထားလာမှုများအပေါ် နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ စီးပွားရေးမူဝါဒနှင့်ကိုက်ညီသော ချေးငွေလျှောက်ထားလာမှုများကို စိစစ်ခွင့်ပြုခြင်း၊ မကိုက်ညီပါက ငြင်းပယ်ခြင်း၊

(ခ) ချေးငွေထုတ်ချေးခြင်းနှင့်သက်ဆိုင်သော ပြည်ထောင်စုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများကို လိုအပ်ပါက စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ချေးရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်၊

(ဂ) ခွင့်ပြုချေးငွေသက်တမ်းကာလ (နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်) သတ်မှတ်ပေးခြင်း၊

(ဃ) ချေးငွေရယူမည့် လုပ်ငန်းအမျိုးအစား၊ စီမံကိန်းပေါ် မူတည်၍ ချေးငွေအတိုးနှုန်း သတ်မှတ်ပေးခြင်း၊

(င) ဘဏ်ချေးငွေတစ်ရပ်အတွက် လက်ရှိရယူနေသော မြေ၊ အဆောက်အဦ စသည့်အာမခံပစ္စည်းများအပြင် လိုအပ်ပါက အခြားသော အာမခံပစ္စည်းအမျိုးအစား (စက်ပစ္စည်း) ကို တိုးချဲ့သတ်မှတ်ခွင့်ပြုခြင်း၊

(စ) ချေးငွေထုတ်ချေးခွင့်ပြုပြီးနောက် လုပ်ငန်းရှင်မှ ရင်းနှီးရန်မလုံလောက်၍ ချေးငွေပမာဏတိုးမြှင့်ပေးရန် ထပ်မံလျှောက်ထားလာသောကိစ္စများအပေါ် စိစစ်ခွင့်ပြုခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း၊

(ဆ) ချေးငွေအရင်းအတိုးပေးဆပ်မှုအပေါ် စောင့်ကြည့်ကြပ်မတ်ခြင်း၊

(ဇ) အာမခံပစ္စည်းများ တည်မြဲနေခြင်း ရှိ မရှိ စီးပွားရေးလုပ်ငန်းများအခြေအနေတိုးတက်မှု ရှိ မရှိတို့ကို အကဲဖြတ်အဖွဲ့များ Evaluation Teams ဖွဲ့စည်းစစ်ဆေးမှုပြုလုပ်ခြင်း၊

(ဈ) ခွင့်ပြုပြီးသော ချေးငွေတစ်ရပ်သည် ပေးဆပ်ရန်သက်တမ်းမစေ့ရောက်သေးသော်လည်း လုပ်ငန်းရှင်၏ ချို့ယွင်းအားနည်းချက်တစ်စုံတစ်ရာကြောင့် ချေးငွေပြန်လည်ပေးဆပ်မှုအပေါ် ထိခိုက်နိုင်သော အထောက်အထားအခိုင်အလုံရရှိပါက ယင်းချေးငွေအား သက်တမ်းမစေ့ရောက်မီ ပြန်လည်ပေးဆပ်စေခြင်း (သို့မဟုတ်) မူလခွင့်ပြုချေးငွေပမာဏကို ပြင်ဆင်လျှော့ချသတ်မှတ်ခြင်း၊

(ည) သတ်မှတ်ကာလအတွင်း အရင်း၊ အတိုး၊ ပေးဆပ်ရန်ပျက်ကွက်သော ချေးငွေများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တရားစွဲဆိုခြင်း၊ လိုအပ်ပါက အာမခံပစ္စည်းများကို ချိပ်ပိတ်ခြင်း၊ သိမ်းဆည်းခြင်း၊ ပြန်လည်ရောင်းချခြင်း စသည်တို့ ဆောင်ရွက်ရန် ခွင့်ပြုခြင်း၊

(ဋ) စီမံကိန်းလုပ်ငန်းကြီးများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကြီးများအတွက် ပမာဏကြီးမားသည့် ချေးငွေကိစ္စရပ်များကို အဖွဲ့မှစိစစ်ပြီး လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆောင်ရွက်ခြင်း။

၃။ မူအရ ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

## မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ယှဉ်ပြိုင်မှုဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဦးသန်းမောင် — ဒုတိယဥက္ကဋ္ဌ
ဥပဒေပညာရှင်

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဆ) ဦးသုတအောင် — အဖွဲ့ဝင်
စီးပွားရေးပညာရှင်

(ဇ) ဒေါ်မြတ်မြတ်ကျော် — အဖွဲ့ဝင်
ဥပဒေပညာရှင်

(ဈ) ဒေါ်အေးအေးသိန်း — အဖွဲ့ဝင်
ဥပဒေပညာရှင်

(ည) ဦးအေးဟန် — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဠ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ယှဉ်ပြိုင်မှုဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များ၏ လစာ၊ စရိတ်၊ ချီးမြှင့်ငွေများနှင့်ကော်မရှင်၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကို ယှဉ်ပြိုင်မှုဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၅၄ တို့အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရန်ဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

**ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့်**
**ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့်ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ (မူကြမ်း)**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**

၁၃၈၀ ပြည့်နှစ်၊ လ ရက်
(၂၀၁၈ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ရေနံ (Petroleum)** ဆိုသည်မှာ ဟိုက်ဒြိုကာဗွန်အရောအနှောဖြစ်သော ရုပ်ကြွင်းလောင်စာ (Fossil Fuel) များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံစိမ်း (Crude Oil)၊ လေဆီ သို့မဟုတ် ရေနံစိမ်းအပေါ့စား (Condensate) နှင့် သဘာဝဓာတ်ငွေ့ (Natural Gas) တို့ ပါဝင်သည်။

(ဂ) **ရေနံစိမ်း (Crude Oil)** ဆိုသည်မှာ မြေအောက်မှရရှိသော သဘာဝအလျောက် ဖြစ်တည်လာသော ရေနံအရည်၊ အခဲကိုသော်လည်းကောင်း၊ ရေနံဖယောင်း၊ ရေနံတွင်းထိပ်တွင် သဘာဝအလျောက် ဖြစ်တည်လာသည့် ရေနံဓာတ်ငွေ့၊ ရေနံအရည်၊ ဟိုက်ဒြိုဂျင်နှင့် ကာဗွန်ဓာတ်များ ပေါင်းစပ်ပါဝင်သည့် ဒြပ်ပေါင်းရည်၊ ရေနံအရည်နှင့် ရေနံအငွေ့နှစ်မျိုးစလုံး ပေါင်းစပ်ဖြစ်တည်သည့် ဒြပ်ပေါင်းကိုသော်လည်းကောင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရာမှ အပူချိန်နှင့် ဖိအားအပြောင်းအလဲကြောင့် ဖြစ်တည်လာသည့် လေဆီ သို့မဟုတ် ရေနံစိမ်းအပေါ့စား (Condensate) နှင့် ရေနံစိမ်းမှ ခွဲခြားထုတ်ယူထားသော ပစ္စည်းများကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **သဘာဝဓာတ်ငွေ့ (Natural Gas)** ဆိုသည်မှာ ရေနံတွင်းမှ ထုတ်ယူရရှိသော ဟိုက်ဒြိုဂျင်နှင့် ကာဗွန်ဒြပ်စင်များ ပေါင်းစပ်ပါဝင်နေသည့် အငွေ့အခြေအနေရှိသည့် ဓာတ်ငွေ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံနှင့်အခြားဓာတ်ပေါင်းများ ပါဝင်နေသော ဓာတ်ငွေ့စို၊ အခြား ဒြပ်ပေါင်းများ သဘာဝအလျောက် သို့မဟုတ် ပြုပြင်ဖယ်ရှားသဖြင့် ဖြစ်လာသည့် ဓာတ်ငွေ့ခြောက်၊ ဓာတ်ငွေ့တွင်းထိပ်မှထွက်သောဓာတ်ငွေ့နှင့် ဓာတ်ငွေ့စိုမှ ခွဲခြားထုတ်ယူ၍ ကြွင်းကျန်ရစ်သော ကြွင်းကျန်ဓာတ်ငွေ့တို့လည်းပါဝင်သည်။

(င) **ရေနံလုပ်ငန်း (Petroleum Activity)** ဆိုသည်မှာ ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်း သို့မဟုတ် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံလုပ်ငန်းနှင့်ဆက်စပ်သော စီမံကိန်းရေးဆွဲခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စီမံခန့်ခွဲရေး၊ အင်ဂျင်နီယာလုပ်ငန်းများ၊ ဝယ်ယူခြင်းလုပ်ငန်းများ၊ တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စနစ်တကျဖျက်သိမ်းခြင်းလုပ်ငန်းများ၊ ရေနံလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ခြင်းလုပ်ငန်းများလည်းပါဝင်သည်။

(စ) **ရေနံစူးစမ်းရှာဖွေခြင်း**ဆိုသည်မှာ ရေနံခိုအောင်းမှုအလားအလာကောင်းမွန်သည့် ကျောက်လွှာအနေအထား ရှိ မရှိနှင့် ရေနံခိုအောင်းမှုကို စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်း ရှိ မရှိတို့ကို ဘူမိဗေဒ၊ ဘူမိရူပဗေဒ၊ ဘူမိဓာတုဗေဒနည်းပညာ သို့မဟုတ် အခြားခေတ်မီတိုးတက်သော နည်းပညာတို့ဖြင့် စူးစမ်းရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ရှာဖွေရေးတွင်းတူးခြင်းနှင့် အကဲဖြတ်တွင်းတူးခြင်းတို့ မပါဝင်။

(ဆ) **ရေနံတူးဖော်စမ်းသပ်ခြင်း**ဆိုသည်မှာ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ရေနံခိုအောင်းမှုအလားအလာရှိပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် အထောက်အထားများ တွေ့ရှိသည့်အခါ ရေနံထုတ်ယူရန်အလို့ငှာ ကုန်းတွင်းတွင်ဖြစ်စေ၊ ကမ်းလွန်ရေတိမ်ပိုင်း သို့မဟုတ် ကမ်းလွန်ရေနက်ပိုင်းတွင်ဖြစ်စေ မြေအောက်ကျောက်လွှာတို့ကို တွင်းတူးဖော်မှုနည်းပညာ တစ်ရပ်ရပ်ဖြင့် တူးဖော်ခြင်း၊ စမ်းသပ်ခြင်း၊ အကဲဖြတ်ခြင်းတို့ကို ဆိုသည်။

(ဇ) **ရေနံထုတ်လုပ်ခြင်း (Development and Production)** ဆိုသည်မှာ ရေနံတူးဖော်စမ်းသပ်ခြင်းမှ ထွက်ရှိလာသည့် ရေနံကိုဖြစ်စေ၊ မြေအောက်မှ မြေပြင်ပေါ်သို့ အလိုအလျောက် စိမ့်ထွက်သော ရေနံကိုဖြစ်စေ လူစွမ်းအား သို့မဟုတ် စက်စွမ်းအား အကူအညီဖြင့် ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဈ) **ခွင့်ပြုမိန့်**ဆိုသည်မှာ ရေနံစူးစမ်းရှာဖွေခြင်း သို့မဟုတ် ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ဤဥပဒေအရ ဝန်ကြီးဌာနက ထုတ်ပေးသည့်ခွင့်ပြုမိန့်ကို ဆိုသည်။

(ည) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ရေနံထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဋ) **ရေနံလုပ်ကွက် (Block)** ဆိုသည်မှာ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံလုပ်ငန်းလုပ်ကိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လုပ်ကွက်နယ်နိမိတ်ကို နယ်နိမိတ်ပိုင်းခြား၍ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်ထားသော အကျယ်အဝန်းရှိသည့် ရေနံလုပ်ကွက်ကို ဆိုသည်။

(ဌ) **ကမ်းလွန်ဒေသ (Offshore)** ဆိုသည်မှာ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုဖော်ပြထားသည့် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ဒေသရေတိမ်ပိုင်းတို့ကို ဆိုသည်။

(ဍ) **ကုန်းတွင်းပိုင်းဒေသ (Onshore)** ဆိုသည်မှာ နိုင်ငံတော်၏ ပင်လယ်ကမ်းခြေနယ်နိမိတ်မှ ကုန်းတွင်းပိုင်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်၊ မြေပြင်၊ တောတောင် စသည်တို့အပါအဝင် အိမ်နီးချင်း နိုင်ငံများနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားသော ဒေသအထိကျယ်ဝန်းသည့် နေရာဒေသကို ဆိုသည်။

(ဎ) **ပဋိညာဉ်စာချုပ် (Contract)** ဆိုသည်မှာ ရေနံလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုပ်ကိုင်ရန် ဤဥပဒေအရ ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ရရှိသူနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းတို့ချုပ်ဆိုသည့် စာချုပ်ကို ဆိုသည်။

(ဏ) **ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းသည့် ကုမ္ပဏီ၊

(၂) အစုစပ်လုပ်ငန်းဥပဒေအရ ဖွဲ့စည်းသည့် အစုစပ်အသင်း၊

(၃) သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းသည့် သမဝါယမအသင်း။

(တ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ရေနံလုပ်ငန်းကြီးကြပ်ရေးဗဟိုကော်မတီကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန**ဆိုသည်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာနကို ဆိုသည်။

(ဓ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(န) **မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**ဆိုသည်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်မှု အောက်တွင်ရှိသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွင်း ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် သီးသန့်အခွင့်အရေး ရှိသော ဌာနကို ဆိုသည်။

(ပ) **ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ရရှိသူကို ဆိုသည်။

(ဖ) **ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator)** ဆိုသည်မှာ ရေနံလုပ်ငန်းကို လုပ်ကိုင်ခွင့်ရသူက ၎င်းတို့ ကိုယ်စား ဦးစီးဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ပိုင်ခွင့်ပေးအပ်ခြင်း ခံရသည့် အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံသယံဇာတသဘာဝအရင်းအမြစ်များအား ကောင်းမွန်သောစီမံခန့်ခွဲမှုမြင့်တင်ခြင်းဖြင့် ရေနံလုပ်ငန်းများကို အမျိုးသားအကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ရန်၊

(ခ) စွမ်းအင်ဆိုင်ရာမူဝါဒများနှင့်အညီ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းတို့ကို စနစ်တကျပြုလုပ်ရန်၊

(ဂ) ရေနံသယံဇာတကို ပြည်တွင်း၌ ဖူလုံစွာသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေ ရရှိစေရန်၊

(ဃ) ရေနံလုပ်ငန်းဖြင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊

(င) ရေနံလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုများ မရှိစေရေး သို့မဟုတ် လျော့နည်းစေရေးဆောင်ရွက်ရန်။

## အခန်း (၃)
## ရေနံလုပ်ငန်းများကြီးကြပ်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ ရေနံလုပ်ငန်းများ ကြီးကြပ်ရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ............ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ<br>ကိုယ်စားလှယ်တစ်ဦး .................. | အဖွဲ့ဝင် |
| (၄) | နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး... | အဖွဲ့ဝင် |
| (၆) | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ<br>ကိုယ်စားလှယ်တစ်ဦး................ | အဖွဲ့ဝင် |
| (၇) | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ<br>ကိုယ်စားလှယ်တစ်ဦး ..................... | အဖွဲ့ဝင် |
| (၈) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး..... | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန.......... | အတွင်းရေးမှူး |
| (၁၀) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့်ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်း၊

(ခ) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ရေနံလုပ်ကွက်သတ်မှတ်ရေးနှင့် ရေနံလုပ်ကွက်လုပ်ကိုင်ခွင့်လျှောက်ထားမှုများ စိစစ်ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်မှုပြုခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်လိုသည့် အရည်အချင်းပြည့်မီသော ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၏ လျှောက်ထားလာမှုများအပေါ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူ၍ ပွင့်လင်းမြင်သာစွာ ရွေးချယ်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ရေနံလုပ်ကွက်များတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်မည့် ပြည်တွင်းပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့ ရေနံလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ရေးအတွက် သဘောတူညီချက်ပေးခြင်း၊

(စ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း တင်ပြလာသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan) အား စိစစ်အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်မည့် ရေနံလုပ်ကွက်တည်ရှိရာဒေသတွင် ရေနံလုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ရေနံလုပ်ငန်းလုပ်ကိုင်သည့် နယ်မြေဒေသ၏ လူမှုစီးပွားအကျိုးပြုလုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ရေနံလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)

## ရေနံလုပ်ကွက်သတ်မှတ်ခြင်း

၆။ ဝန်ကြီးဌာနသည် ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် ရေနံလုပ်ကွက်များကို ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူ၍ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်သတ်မှတ်ကြေညာရာတွင် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ကသာ လုပ်ကိုင်မည့် ရေနံလုပ်ကွက်ကိုလည်းကောင်း၊ ရေနံသယံဇာတစဉ်ဆက်မပြတ်ထုတ်ယူအသုံးပြုနိုင်ရေးအတွက် သီးသန့်ချန်လှပ်ထားရမည့် ရေနံလုပ်ကွက်များ (Reserved Blocks) ကိုလည်းကောင်း သီးခြားထည့်သွင်းသတ်မှတ်နိုင်သည်။

၈။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၆ အရ ကုန်းတွင်းပိုင်းဒေသတွင် ရေနံလုပ်ကွက်သတ်မှတ်ကြေညာခြင်းမပြုမီ မည်သည့်နယ်မြေဒေသကို သတ်မှတ်ကြေညာရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် သတ်မှတ်ချက်များနှင့်အညီ ကြေညာရမည်။

(ခ) ရေနံလုပ်ကွက် သတ်မှတ်ကြေညာရာတွင် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် ရေနံလုပ်ကွက်နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောကျွမ်းကျင်သူများပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးရမည်။

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေတွင် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်သတ်မှတ်လိုပါက ယင်းသို့သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ရေနံလုပ်ကွက်အတွင်း ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေတွင် ရေနံလုပ်ငန်းဆောင်ရွက်လိုပါက မြေအသုံးချနိုင်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်ကိုဖြစ်စေ၊ ရေနံလုပ်ကွက်တစ်ခု၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၅)
## ဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စွမ်းအင်သယံဇာတအရင်းအမြစ်ဆိုင်ရာ ကောင်းမွန်သောစီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် စီမံဆောင်ရွက်ခြင်း၊

(ခ) ရေနံလုပ်ငန်းဆောင်ရွက်လိုသူ အရည်အချင်းပြည့်မီသော ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၏ လျှောက်ထားလာမှုများအပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ခြင်း၊

(ဂ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက လုပ်ကိုင်သော ရေနံလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်တို့ ပူးပေါင်းလုပ်ကိုင်သော ရေနံလုပ်ငန်းများကိုလည်းကောင်း စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ရေနံလုပ်ငန်းဆောင်ရွက်မှုကို ချောမွေ့စေရန် လိုအပ်သော လုပ်ကိုင်ခွင့်နှင့် ရေနံလုပ်ငန်း၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးခြင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ သက်ဆိုင်ရာလုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်အရလည်းကောင်း ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ အခွန်ဆိုင်ရာ ကိစ္စရပ်များအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးရန်၊ ပြင်ဆင်ပေးရန် သို့မဟုတ် ရပ်စဲပေးရန် လျှောက်ထားချက်ကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လုပ်ငန်းတွင် ၎င်းပါဝင်သည့် အစုရှယ်ယာ၊ တာဝန်နှင့် အခွင့်အရေး သို့မဟုတ် အကျိုးစီးပွား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ ပြုလုပ်လိုကြောင်း လျှောက်ထားလာပါက တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) ဤဥပဒေပါ လုပ်ငန်းဆောင်ရွက်ချက်များမှ ရရှိလာသည့် သတင်းအချက်အလက်များအနက်မှ ပြည်သူလူထုသိသင့်သိထိုက်သော သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြည်သူလူထုသို့ အသိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ အခါအားလျော်စွာ ဆောင်ရွက်ခြင်း၊

(စျ) ရေနံလုပ်ငန်းများ၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြိုတင်ကာကွယ်မှုများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ရေနံလုပ်ငန်းများအတွက် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်း။

၁၁။ ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား ရေနံလုပ်ငန်းနှင့်သက်ဆိုင်သည့် လိုအပ်သော အထောက်အထားများ၊ အချက်အလက်များကို တင်ပြစေခြင်း၊

(ခ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဂ) ရေနံလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် မတည်ရင်းနှီးပစ္စည်းများ (Physical Assests) နှင့် ယင်းလုပ်ငန်းမှစုဆောင်းရရှိသော အချက်အလက်မှုရင်းများနှင့် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခန့်မှန်းတွက်ချက်မှုများ၊ မြေသား၊ ရေနံ၊ ဓာတုပစ္စည်းစသည့် နမူနာများ၊ သတင်းများနှင့် အစီရင်ခံစာများကို ပဋိညာဉ်စာချုပ်နှင့်အညီ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံမှ ရယူပိုင်ဆိုင်ခွင့်ရှိခြင်း၊

(ဃ) ရေနံလုပ်ငန်းများဆောင်ရွက်လျက်ရှိသော လုပ်ငန်းတည်နေရာ၊ ဆက်စပ်နေရာများနှင့် ရေနံလုပ်ကွက်အတွင်းသို့ အချိန်မရွေး ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းများ၊ စာရင်းစာအုပ်များကို စစ်ဆေးခြင်း၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်သက်ဆိုင်သည့် မူဝါဒ၊ အရေးပေါ်ဆောင်ရွက်မည့် အစီအစဉ်များကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ မရှိ ဝင်ရောက်စစ်ဆေးခြင်း၊

(စ) ရေနံလုပ်ငန်းများတွင် သတ်မှတ်ထားသည့် အစုရှယ်ယာအချိုးအစား၊ တာဝန်နှင့်အခွင့်အရေး၊ အကျိုးစီးပွားတို့ကို ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား လူမှုရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သောထိခိုက်မှု လေ့လာဆန်းစစ်ခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ရေနံလုပ်ငန်းနှင့်စပ်ဆိုင်သည့် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရရှိသည့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ အစုရှယ်ယာ၊ တာဝန်နှင့်အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားတစ်ရပ်ရပ်ကိုသော်လည်းကောင်း လွှဲပြောင်းသည့်အခါ ဦးစားပေးလွှဲပြောင်းရယူခွင့်ရှိခြင်း၊

(ဈ) ထုတ်လုပ်သည့်ရေနံအား ပြည်တွင်းသုံးလိုအပ်ချက်ပြည့်မီစေရေးအတွက် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံမှ ဦးစားပေးဝယ်ယူခွင့်ရှိခြင်း၊

(ည) ရေနံလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်သမားများနှင့်စပ်လျဉ်းသည့် လုပ်ငန်းခွင်ဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဋ) နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်ပါက ခွင့်ပြုထားသော ရေနံလုပ်ကွက်မြေဧရိယာ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ တည်ဆဲမြေသိမ်းဥပဒေနှင့်အညီ သိမ်းယူပြီး လွှဲပြောင်းပေးခြင်း၊

(ဌ) ရေနံလုပ်ငန်းများဆောင်ရွက်ရာမှ ရရှိသောအချက်အလက်များ၊ သတင်းများကို တင်းကျပ်စွာလျှို့ဝှက်ထိန်းသိမ်းလျက် သုံးစွဲနိုင်ခွင့်ရှိခြင်း၊

(ဍ) ရေနံလုပ်ငန်းများနှင့်ဆက်စပ်သော သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အခကြေးငွေ စည်းကြပ်နိုင်ခြင်း။

## အခန်း (၆)
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်

၁၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်များအနက်မှ ပုဒ်မ ၇ အရ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ကသာ လုပ်ကိုင်ရန် သတ်မှတ်ထားသည့် ရေနံလုပ်ကွက်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအား ရေနံလုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

၁၃။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် -

(က) ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့်ပူးပေါင်း၍သော်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း လုပ်ကိုင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရာတွင် ဤဥပဒေအရ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ရယူခြင်းတို့မှ ကင်းလွတ်ခွင့်ရရှိစေရမည်။

၁၄။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို ပူးပေါင်းဆောင်ရွက်သည့် အောက်ဖော်ပြပါ စီးပွားရေးစနစ်တစ်မျိုးမျိုးဖြင့်လုပ်ကိုင်ရန် ဤဥပဒေအရ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်တို့ရယူ၍ နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်နိုင်သည် -

(က) ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် လုပ်ကိုင်ခြင်း၊

(ခ) အစုရှယ်ယာထည့်ဝင်၍ ဖက်စပ်လုပ်ကိုင်ခြင်း၊

(ဂ) အခြားပူးပေါင်းလုပ်ကိုင်သည့် စနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ခြင်း၊

(ဃ) အကျိုးအမြတ်ပေါ်တွင် ခွဲဝေခံစားရေးစနစ် (Profit Sharing) ဖြင့် လုပ်ကိုင်ခြင်း။

## အခန်း (၇)
## ရေနံလုပ်ငန်းကို ပုဂ္ဂလိက ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့် ပူးပေါင်းလုပ်ကိုင်ရန် အသိပေးဖိတ်ခေါ်ခြင်း

၁၅။ ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်ကိုယ်စား မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်ရေးအတွက် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူကို ရွေးချယ်ရာတွင် -

(က) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်းနှင့် ဈေးကစားခြင်းများ မရှိစေရေး၊ တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိစေရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးရှိစေရေးတို့အတွက် ကြိုးကြပ်ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်ချက်များနှင့်အညီ တင်ဒါကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများဖွဲ့စည်း၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အများပြည်သူတို့အား ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ရမည်။

၁၆။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်ကိုယ်စား မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဖြင့် အများပြည်သူတို့အား

ဖိတ်ခေါ်ရာတွင် ရေနံ၊ သယံဇာတအမျိုးအစားနှင့် ရေနံလုပ်ကွက်အလိုက်ဖော်ပြရာ၌ အခြားလိုအပ်သော အချက်များအပြင် အောက်ပါတို့ ပါရှိစေရမည် -

(က) ပူးပေါင်းလုပ်ကိုင်မည့် ရေနံလုပ်ကွက် အမည်၊ အမှတ်အသား၊ တည်နေရာ၊ လတ္တီတွဒ်၊ လောင်ဂျီတွဒ်၊

(ခ) တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်မည့်စနစ် [ဖက်စပ်စနစ် (JV)၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစနစ် (PSC)၊ အကျိုးအမြတ်ပေါ်တွင် ခွဲဝေခံစားရေးစနစ် (Profit Sharing)]၊

(ဂ) အဆိုပြုသူက တင်ပြအဆိုပြုရမည့် အချက်များမှာ -

(၁) မတည်ရင်းနှီးမည့် ငွေကြေးပမာဏနှင့်စပ်လျဉ်း၍ ငွေကြေးခိုင်မာမှုရှိကြောင်း အထောက်အထားများ (Financial Statements)၊

(၂) ကုမ္ပဏီ၊ အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ဖွဲ့စည်းပုံစည်းမျဉ်းမိတ္တူ၊

(၃) နည်းပညာနှင့်ကျွမ်းကျင်သူ ပညာရှင်များပြည့်စုံစွာရှိကြောင်း အထောက်အထားများ၊

(၄) မည်သည့်နိုင်ငံ၏ ရေနံလုပ်ကွက်တွင် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ခဲ့သည့် အတွေ့အကြုံအထောက်အထား၊

(၅) နိုင်ငံတော်၏ဘဏ္ဍာငွေသို့ ထည့်ဝင်ထောက်ပံ့မည့် ငွေကြေးပမာဏနှင့် အမျိုးအစား၊

(၆) ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းပြုမည့် လုပ်ငန်းစီမံချက် (Work Plan)၊

(၇) ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးသည့်အခါ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်ပြုလုပ်ရမည့်ကိစ္စ။

## အခန်း (၈)
## ရေနံလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း

၁၇။ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည် ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုလည်းကောင်းရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလျှောက်ထားရမည်။

၁၈။ (က) ဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ တင်ဒါကော်မတီနှင့်အခြားလိုအပ်သော ကော်မတီများကို ဖွဲ့စည်း၍ ရေနံလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန် အဆိုပြုလျှောက်ထားချက်များအား စိစစ်ရွေးချယ်ရန် တာဝန်ပေးရမည်။

(ခ) တင်ဒါကော်မတီသည် သတ်မှတ်ထားသည့်အထောက်အထားနှင့် လိုအပ်ချက်များပြည့်စုံသော အဆိုပြုသူများအား ပွင့်လင်းမြင်သာစွာ ပဏာမစိစစ်ရွေးချယ်ပြီးနောက် ရွေးချယ်ခံရသူများ၏ စာရင်းချုပ် (Short List) ကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် ပဏာမရွေးချယ်ခံရသူများ၏ စာရင်းချုပ် (Short List) ကို ထုတ်ပြန်ကြေညာပေးရမည်။

၁၉။ ဦးစီးဌာနသည် -

(က) ပဏာမရွေးချယ်ခံရသည့် ပြည်တွင်းပြည်ပ ပုဂ္ဂလိက ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံသို့ ဦးစီးဌာနတွင် သတ်မှတ်ရက်အတွင်း လာရောက်မှတ်ပုံတင်ရေးအတွက် အကြောင်းကြားရမည်။

(ခ) သတ်မှတ်ရက်အတွင်း လာရောက်မှတ်ပုံတင်သော ပဏာမရွေးချယ်ခံရသူကို မှတ်ပုံတင်ထားရှိရမည်။

၂၀။ တင်ဒါကော်မတီသည် ပဏာမရွေးချယ်ခံရသူများ၏ အဆိုပြုချက်များကို အသေးစိတ်စိစစ်ပြီး ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန်ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးသင့်သော အဆိုပြုသူများကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၁။ ဝန်ကြီးဌာနသည် -

(က) တင်ဒါကော်မတီက စိစစ်ရွေးချယ်သည့် အောက်ပါကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်အရ လုပ်ကိုင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များကို ထုတ်ပေးနိုင်သည် -

(၁) နိုင်ငံသား သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရာခိုင်နှုန်းပြည့်ဖြင့် ရေနံလုပ်ငန်းလုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ၊ အဖွဲ့အစည်း၊ အဆိုပြုသူများ၊

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ဖက်စပ်လုပ်ကိုင်သော အဆိုပြုသူများ၊

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် လုပ်ကိုင်သော အဆိုပြုသူများ၊

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များကို အဆိုပြုသူများအား ထုတ်ပေးရာတွင် သတ်မှတ်ထားသော ခွင့်ပြုမိန့်အတွက် အခကြေးငွေနှင့် လုပ်ငန်းလိုင်စင်ခတို့ကို ပေးသွင်းစေရမည်။

၂၂။ ဦးစီးဌာနသည် ပုဒ်မ ၂၁ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ရသူနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို ပူးပေါင်းလုပ်ကိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်းရေးကိစ္စနှင့် ပဋိညာဉ်စာချုပ်ကို နှစ်ဖက်သဘောတူ ချုပ်ဆိုရေးကိစ္စတို့အတွက် စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၉)
## ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း

၂၃။ ပုဒ်မ ၂၁ အရ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ရေနံစူးစမ်းရှာဖွေခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပဋိညာဉ်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၂၄။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၂၁ အရ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် စူးစမ်းလေ့လာသည့်ကာလ၏ ခွင့်ပြုမိန့်သက်တမ်းကို ၂ နှစ်အထိ သတ်မှတ်ပေးနိုင်သည်။

(ခ) လိုအပ်ပါက သက်တမ်းတိုးမြှင့်ပေးရန် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားချက်အပေါ် ၁ နှစ်အထိ တစ်ကြိမ်သာ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၅။ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ရေနံစူးစမ်းရှာဖွေခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်ရလဒ်တို့ကို ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည့်အပြင် ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းပြီးဆုံးသည့်အခါ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်ရလဒ် နောက်ဆုံးအစီရင်ခံစာတို့ကို တင်ပြရမည်။

## အခန်း (၁၀)
## ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း

၂၆။ ပုဒ်မ ၂၁ အရ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပဋိညာဉ်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၂၇။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၂၁ အရ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် ခွင့်ပြုမိန့်သက်တမ်း သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ပေးသော သက်တမ်းစုစုပေါင်းကာလသည် ၈ နှစ်ထက်မပိုစေရ။

၂၈။ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်ရလဒ်တို့ကို ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည့်အပြင် ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းပြီးဆုံးသည့်အခါ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်ရလဒ် နောက်ဆုံးအစီရင်ခံစာတို့ကို တင်ပြရမည်။

## အခန်း (၁၁)
## ရေနံကို စီးပွားဖြစ်ထုတ်ယူရန် ရှာဖွေတွေ့ရှိခြင်း

၂၉။ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသည့် ရေနံလုပ်ကွက်မှ ရေနံကို ခိုင်လုံသော အထောက်အထားများအရ စီးပွားဖြစ်ထုတ်ယူရရှိနိုင်ကြောင်း တွေ့ရှိပါက တွေ့ရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားပြီးနောက် ခွင့်ပြုမိန့်ရရှိသည့် ရေနံလုပ်ကွက်မှ ရေနံကို စီးပွားဖြစ်ထုတ်ယူရရှိနိုင်ကြောင်း အသေးစိတ်အကဲဖြတ်လုပ်ငန်းအစီအစဉ်နှင့် ငွေရေးကြေးရေးခန့်မှန်းတွက်ချက်မှု အစီရင်ခံစာတို့ကို အတည်ပြုနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ တင်ပြရမည်။

၃၀။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၉ အရ အကြောင်းကြားချက်ရရှိသည့်အခါ ဖော်ပြပါ ရေနံလုပ်ကွက်မှ ရေနံကို စီးပွားဖြစ်ထုတ်ယူရရှိနိုင်ခြင်း ရှိ မရှိ ကို နိုင်ငံတကာရေနံလုပ်ငန်းတွင် အတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိကြောင်း ဂုဏ်သတင်းရှိသည့် အခြားတတိယကုမ္ပဏီ၊ အဖွဲ့အစည်း၏ အကဲဖြတ်ချက်ကို ရယူပြီး ခိုင်လုံသော အထောက်အထားများအရ ရေနံကို စီးပွားဖြစ် မည်မျှထုတ်ယူရရှိနိုင်ကြောင်း အများပြည်သူသို့ အသိပေးကြေညာရမည်။

၃၁။ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ရေနံကို စီးပွားဖြစ် ရှာဖွေတွေ့ရှိပါက ချုပ်ဆိုထားသည့် လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်နှင့်အညီ ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan) များ ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ်ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်လိုပါက ဝန်ကြီးဌာန၏ အတည်ပြုချက်ကို ထပ်မံရယူပြီး ရေနံလုပ်ငန်းလုပ်ကိုင်ရန် လုပ်ငန်းအစီအစဉ်ကို ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ်နှင့်အညီ ပြည့်မီအောင် ဆောင်ရွက်ရမည်။

## အခန်း (၁၂)

## ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း

၃၂။ ပုဒ်မ ၂၁ အရ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရရှိသူသည် ရေနံထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပဋိညာဉ်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၃၃။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၂၁ အရ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်သက်တမ်းကို ပထမအကြိမ် နှစ် ၂၀ အထိ သတ်မှတ်ပေးနိုင်သည်။ စီးပွားရေးတွက်ခြေကိုက်မှုအပေါ် မူတည်၍ လိုင်စင်သက်တမ်းကို နှစ် ၃၀ အထိ သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မ ၂၁ အရ လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားပါက တစ်ကြိမ်လျှင် ၅ နှစ်အထိ နှစ်ကြိမ်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင် သက်တမ်းကာလအတွင်း ထူးခြားသည့်အခြေအနေတစ်ရပ်ရပ်အရ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားပါက စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင့်လျော်သောကာလသတ်မှတ်၍ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၃၄။ ပုဒ်မ ၂၁ အရ လုပ်ငန်းလိုင်စင်ရရှိသူသည် ရေနံထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များနှင့်တွေ့ရှိချက်ရလဒ်တို့ကို ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ နှစ်စဉ်အစီရင်ခံရမည့်အပြင် ရေနံထုတ်လုပ်ခြင်းလုပ်ငန်းပြီးဆုံးသည့်အခါ ဆောင်ရွက်ချက်များနှင့် ရေနံထုတ်ယူမှု နောက်ဆုံးအစီရင်ခံစာတို့ကို သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

## အခန်း (၁၃)

## ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ရေနံလုပ်ကွက်ကို စွန့်လွှတ်ခြင်း

၃၅။ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း သို့မဟုတ် ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်သက်တမ်းအတွင်း မည်သည့်အချိန်အခါ၌မဆို ရေနံလုပ်ကွက်တစ်ခုလုံးတွင်ဖြစ်စေ၊ ရေနံလုပ်ကွက်၏ အစိတ်အပိုင်းတစ်ခုခုတွင်ဖြစ်စေ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း သို့မဟုတ် ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းကို စွန့်လွှတ်လိုလျှင် ထိုသို့စွန့်လွှတ်လိုကြောင်း အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ဝန်ကြီးဌာနသို့ တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စွန့်လွှတ်ပြီး လုပ်ကွက်အား ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၃၆။ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးချိန်တွင် ရေနံရှာဖွေတွေ့ရှိခြင်းမရှိပါက ခွင့်ပြုထားသည့် ရေနံလုပ်ကွက်ကို စွန့်လွှတ်ပြီး ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(ခ) ခွင့်ပြုမိန့်သက်တမ်းကာလအတွင်း ရေနံကိုရှာဖွေတွေ့ရှိပါက ရေနံထုတ်လုပ်ခြင်းပြုမည့် လုပ်ကွက်ဧရိယာမှအပ ကျန်သည့်လုပ်ကွက်ဧရိယာများကို ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်နေ့ရက်ထက်နောက်မကျစေဘဲ သတ်မှတ်ချက်များနှင့်အညီ စွန့်လွှတ်ပြီး ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၃၇။ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) လုပ်ငန်းလိုင်စင်သက်တမ်းအတွင်း ရေနံထုတ်ယူလျက်ရှိသည့် ရေနံသိုက်ပမာဏ (Field Reserve) ကုန်ဆုံးသည့်အခါ ရေနံဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုဧရိယာကို စွန့်လွှတ်လိုလျှင် ထိုသို့စွန့်လွှတ်လိုကြောင်း

အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ဝန်ကြီးဌာနသို့ တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အပ်နှံနိုင်သည်။

(ခ) လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ရေနံဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုဧရိယာကို စွန့်လွှတ်ပြီး ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အပ်နှံရမည်။

၃၈။ (က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်စွန့်လွှတ်ခြင်းနှင့် စပ်လျဉ်း၍ ရေနံလုပ်ငန်းတစ်ခုခုကို စွန့်လွှတ်ခြင်းမပြုမီ ယင်းရေနံလုပ်ငန်းနှင့်သက်ဆိုင်သည့် ကုန်ကျစရိတ်များ၊ ဆုံးရှုံးမှုများ၊ ဆောင်ရွက်ရန်ကိစ္စများနှင့် ပေးလျော်ရန်ကိစ္စများအတွက် တာဝန်ရှိစေရမည်။ ထို့ပြင် စွန့်လွှတ်သည့် ရေနံလုပ်ကွက်တစ်ခုခုကို မူလပတ်ဝန်းကျင် အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်များအတွက် သီးခြားသဘောတူညီချက်မရှိလျှင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် တာဝန်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါ တာဝန်ရှိစေရမည့်ကိစ္စများမှအပ အခြားကိစ္စများနှင့်စပ်လျဉ်း၍ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ပဋိညာဉ်စာချုပ်ပါအတိုင်း ဖြစ်စေရမည်။

## အခန်း (၁၄)

## ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ တာဝန်နှင့်အခွင့်အရေးများ

၃၉။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်စည်းကမ်းချက်များနှင့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာခြင်း၊

(ခ) တည်ဆဲဥပဒေများအရ အခွန်အခများ ပေးဆောင်ခြင်း၊

(ဂ) ရေနံလုပ်ငန်းများလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ စွန့်ပစ်ပစ္စည်းများနှင့်သက်ဆိုင်သည့် မူဝါဒများ၊ တည်ဆဲဥပဒေများ၊ နိုင်ငံတကာရေနံလုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်း၊

(ဃ) ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် မြင့်မားသော နည်းပညာ၊ စီးပွားရေးဆိုင်ရာ အခြေခံမူများနှင့်အညီ ဖြစ်နိုင်သမျှ လေလွင့်ဆုံးရှုံးမှုမရှိစေရန် ရေနံထုတ်လုပ်ခြင်း၊

(င) ရေနံလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသည့် အလုပ်သမားများအား နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် လုပ်ငန်းအမျိုးအစားအလိုက် အာမခံထားရှိပေးခြင်း၊

(စ) ရေနံလုပ်ငန်းများလုပ်ကိုင်ရာတွင် နိုင်ငံသားအလုပ်သမားများ၊ ကျွမ်းကျင်ပညာရှင်များကို ဦးစားပေး ခန့်ထားခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် စီမံဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်ရွက်သူနှင့် တစ်ဆင့်ခံကန်ထရိုက်တာများမှလည်း ထိုသို့ခန့်ထားဆောင်ရွက်စေရန်အတွက် တာဝန်ယူခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်သက်အပေါ် မူတည်ပြီး နိုင်ငံသားအလုပ်သမားများနှင့် နိုင်ငံသား ကျွမ်းကျင်ပညာရှင်များကို နိုင်ငံခြားသားကျွမ်းကျင်သူ၊ နိုင်ငံခြားသားအလုပ်သမားများနှင့် တန်းတူ ခံစားခွင့်ပေးခြင်း၊

(ဆ) ရေနံလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုအပ်သည့် မြေဧရိယာနှင့်ယင်းမြေပေါ်ရှိ အခြေခံအဆောက်အအုံ၊ သီးနှံပင်များအတွက် လျော်ကြေးကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ပေးလျော်ခြင်း၊

(ဇ) ခွင့်ပြုထားသောရေနံလုပ်ကွက်အတွင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေစဉ် ရေနံသယံဇာတမဟုတ်သော အခြားသဘာဝသယံဇာတပစ္စည်းတစ်မျိုးမျိုး၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခု သို့မဟုတ် ရတနာသိုက်တစ်ခုခုကို တွေ့ရှိလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာနများသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(ဈ) ခွင့်ပြုမိန့်နှင့်လုပ်ငန်းလိုင်စင်သက်တမ်းကာလအတွင်းဖြစ်စေ၊ သက်တမ်းကုန်ဆုံးသည့်အခါဖြစ်စေ၊ ရေနံလုပ်ငန်းရပ်စဲသည့်အခါဖြစ်စေ ရေနံလုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသည့် မတည်ရင်းနှီးပစ္စည်းများ (Physical Assests) နှင့် ယင်းလုပ်ငန်းမှ စုဆောင်းရရှိသော အချက်အလက်မူရင်းများနှင့် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခန့်မှန်းတွက်ချက်မှုများ၊ မြေသား၊ ရေနံ၊ ဓာတုပစ္စည်းစသည့် နမူနာများ၊ သတင်းများနှင့် အစီရင်ခံစာများကို ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း၊

(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် တည်ဆဲဥပဒေများ၊ နိုင်ငံတကာရေနံလုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်း၊

(ဋ) ထွက်ရှိသည့်ရေနံကို ပြည်တွင်းသုံးလိုအပ်ချက်အတွက် လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးခြင်း၊

(ဌ) လုပ်ငန်းအတွက် လိုအပ်သော ပင်မကုမ္ပဏီအာမခံချက် (Parent Company Guarantee) နှင့် လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံချက် (Performance Bank Guarantee) တို့ကို တင်သွင်းခြင်း၊

(ဍ) ရေနံလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်းမှ ဖြစ်နိုင်သမျှ ဦးစားပေးရယူဆောင်ရွက်ခြင်း၊

(ဎ) ရေနံကို စီးပွားဖြစ်ထုတ်ယူရရှိနိုင်ကြောင်း ရှာဖွေတွေ့ရှိချက်ကို အတည်ပြုပြီးပါက ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်စည်းကမ်းချက်တို့နှင့်အညီ ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan) ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဏ) ကုန်းတွင်းပိုင်းဒေသ ရေနံလုပ်ကွက်များတွင် ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပြီးစီးသည့်လုပ်ငန်းအလိုက် မူလပတ်ဝန်းကျင်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်ဆောင်ရွက်ပေးခြင်း၊

(တ) ဘေးအန္တရာယ်ရှိပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းဆိုင်ရာစီမံခန့်ခွဲမည့် အစီအစဉ်များ၊ မတော်တဆဖြစ်ပွားမှုများ၊ သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ်ဆောင်ရွက်မည့် အစီအမံများ ရေးဆွဲ၍ ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြပြီး အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ထ) ရေနံထုတ်လုပ်ခြင်းလုပ်ငန်းစဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တွင်းမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို လေထုအတွင်းသို့ လွှတ်ထုတ်ခြင်း (venting) သို့မဟုတ် မီးရှို့ခြင်း (flaring) ပြုရန် လိုအပ်ပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဒ) လူမှုစီးပွားအကျိုးပြုလုပ်ငန်း (Corporate Social Responsibility) များအတွက် ဆောင်ရွက်မည့် အစီအစဉ်နှင့် သုံးစွဲမည့်ငွေပမာဏကို ပြုစုရေးဆွဲ၍ ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြအတည်ပြုချက် ရယူခြင်း၊

(ဓ) ရေနံလုပ်ငန်းတွင် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူပါဝင်သည့် အစုရှယ်ယာ၊ တာဝန်နှင့် အခွင့်အရေး သို့မဟုတ် အကျိုးစီးပွား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(န) ထွက်ရှိလာသော ရေနံနှင့် ရောင်းချသောရေနံတို့ကို တိုင်းတာခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းတို့ ပြုလုပ်ရာတွင် ခေတ်မီသော၊ အရည်အသွေးကောင်းမွန်သော ကိရိယာများကို တပ်ဆင်အသုံးပြုခြင်း၊

(ပ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူမှာ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုထက်ပိုမိုပါက ယင်းတို့အနက်မှ အရည်အချင်းပြည့်ဝပြီး ငွေကြေးခိုင်မာတောင့်တင်း၍ နိုင်ငံတကာရေနံလုပ်ငန်းတွင် လက်ခံကျင့်သုံးလျက်ရှိသော အကောင်းဆုံးကျင့်စဉ်နှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား လုပ်ငန်းဆောင်ရွက်သူ (Operator) အဖြစ် ခန့်အပ်၍ ရေနံလုပ်ငန်းအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဦးစီးလုပ်ကိုင်ဆောင်ရွက်စေခြင်း၊

(ဖ) ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်ညီညွတ်ခြင်း ရှိ မရှိ ဝန်ကြီးဌာနမှ စိစစ်အတည်ပြုနိုင်ရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများနှင့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိခြင်း၊

(ဗ) ရေနံသိုက်တစ်ခုသည် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ရေနံလုပ်ကွက်အပြင် အခြားရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ရေနံလုပ်ကွက်အတွင်းသို့ ကျရောက်တည်ရှိနေပါက အဆိုပါလုပ်ကိုင်ခွင့်ရသူများအချင်းချင်း အကျိုးရှိစွာ ပူးပေါင်း၍ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်နှင့်အညီ သဘောတူညီမှုရရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ဘ) ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများအသုံးပြု၍ တည်ဆောက်ခြင်းနှင့် ရေနံလုပ်ငန်းရပ်ဆိုင်းပြီးနောက် လုပ်ငန်းတွင် တပ်ဆင်အသုံးပြုသည့် ပစ္စည်းများနှင့် အဆောက်အအုံတို့ကို စနစ်တကျဖြုတ်သိမ်းခြင်း သို့မဟုတ် စီမံထုခွဲခြင်းတို့ကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် လုံခြုံဘေးကင်းစွာ ဆောင်ရွက်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် ယင်းလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် သီးသန့်ရန်ပုံငွေတစ်ရပ် ထားရှိခြင်း၊

(မ) ထွက်ရှိသောရေနံနှင့် ရောင်းချသည့်ရေနံတို့ကို နိုင်ငံတကာက လက်ခံကျင့်သုံးသည့် နည်းစဉ်များနှင့်အညီ တိုင်းတာခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ စမ်းသပ်တိုင်းတာသည့် ကိရိယာနှင့် နည်းစဉ်များကို ဝန်ကြီးဌာန၏အတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ယ) အမှန်တကယ်ထုတ်ယူရရှိနိုင်မည့် ရေနံသိုက်ပမာဏကို နိုင်ငံတကာရေနံလုပ်ငန်းတွင် အတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိကြောင်း ဂုဏ်သတင်းရှိသည့် အခြားတတိယပုဂ္ဂိုလ်ဖြင့် စစ်ဆေးအတည်ပြုချက်ရယူခြင်း။

၄၀။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်နိုင်ရန် ရေနံလုပ်ကွက်နှင့်သက်ဆိုင်သည့် ဘူမိဗေဒ၊ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းထံမှ လေ့လာကြည့်ရှုနိုင်ခြင်း၊

(ခ) မိမိ၏ အစုရှယ်ယာ သို့မဟုတ် အခွင့်အရေး သို့မဟုတ် အကျိုးခံစားခွင့်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အပြီးအပိုင်လွှဲပြောင်းရောင်းချရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြခွင့်ရှိခြင်း၊

(ဂ) နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော သတ်မှတ်သည့်ဘဏ်တစ်ခုခုတွင် လက်ခံဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသုံးငွေကြေးအမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဃ) နိုင်ငံခြားသုံး ငွေကြေးအမျိုးအစားအလိုက် သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုမှ နိုင်ငံခြားဘဏ်တစ်ခုခုသို့ ငွေလွှဲပြောင်းနိုင်ခွင့်ရှိခြင်း၊

(င) ရေနံလုပ်ငန်းလုပ်ကိုင်ရာမှရရှိသော အချက်အလက်များ၊ သတင်းများကို တင်းကျပ်စွာ လျှို့ဝှက်ထားရှိခြင်းနှင့် သက်ဆိုင်ရာအစိုးရအာဏာပိုင်များ၊ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ အဖွဲ့ဝင်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ လွှဲပြောင်းလက်ခံရန် အလားအလာရှိသူများထံသို့ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဖော်ပြသခွင့်ရှိခြင်း၊

(စ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာမှရရှိသော အချက်အလက်များ၊ သတင်းများအနက်မှ စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များဖြစ်သော ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များ၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အချက်အလက်များမှတစ်ပါး ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ဆိုင်ရာ အချက်အလက်များ၊ ထုတ်လုပ်ခြင်းဆိုင်ရာ အချက်အလက်များနှင့် ငွေကြေးဆိုင်ရာအချက်အလက်များကို ထုတ်ဖော်ပြသခွင့်ရှိသည်။

## အခန်း (၁၅)
## စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း

၄၁။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ သင့်လျော်သောအရာရှိများကို ရေနံလုပ်ငန်းစစ်ဆေးရေးအရာရှိများအဖြစ်လည်းကောင်း၊ စစ်ဆေးရေးအဖွဲ့အဖြစ် ဖွဲ့စည်း၍လည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) မိမိ၏ လုပ်ငန်းတာဝန်များကို စစ်ဆေးရေးအရာရှိများနှင့် စစ်ဆေးရေးအဖွဲ့တို့အား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၄၂။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်တို့ပါ စည်းကမ်းချက်များကိုလည်းကောင်း ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးရာတွင် လိုက်နာဆောင်ရွက်ခြင်းမရှိသော ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား စီမံခန့်ခွဲရေးအရ အရေးယူဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) ရေနံလုပ်ငန်းများ၌ လုပ်ကိုင်လျက်ရှိသူများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူများက ရေနံလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့်စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(င) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်းနှင့် ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၁၆)
## စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များ

၄၃။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည် -

(က) ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ရပ်စဲခြင်း၊

(ခ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း၊

(ဃ) နာမည်ပျက်ပုဂ္ဂိုလ်စာရင်း သို့မဟုတ် နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းကြေညာခြင်း။

၄၄။　ဝန်ကြီးဌာနသည် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ)၊ (ဈ)၊ (ဏ)၊ (ထ) နှင့် (ဘ) ပါ တားမြစ်ချက်မှအပ အခန်း (၁၄) ပါ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေး၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၇)
## တားမြစ်ချက်များ

၄၅။　မည်သူမဆို ခွင့်ပြုမိန့်မရှိဘဲ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း သို့မဟုတ် ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၄၆။　မည်သူမဆို လုပ်ငန်းလိုင်စင်မရှိဘဲ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၄၇။　ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ရေနံလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ဆောင်ရွက်ရာတွင် -

(က) သဘာဝပတ်ဝန်းကျင်ကို သတ်မှတ်ချက်များနှင့်မညီဘဲ ထိခိုက်ပျက်စီးစေခြင်း မရှိစေရ၊

(ခ) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဂ) ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ)၊ (ဈ)၊ (ဏ)၊ (ထ) နှင့် (ဘ) တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၈။　ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ရေနံလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မမှန်မကန်သတင်းပေးခြင်း၊ တင်ပြခြင်း၊ အစီရင်ခံခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်းမပြုရ။

၄၉။　မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်ဖြင့် ဤဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သည့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မပြုရ။

## အခန်း (၁၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၀။　မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၅၁။　မည်သူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၅၂။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၃။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၉)
## ဘဏ္ဍာတော်ကြေးနှင့် အခြားအခွန်အခများ

၅၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် နှစ်စဉ်ထုတ်လုပ်ရရှိသည့် ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့တွင်းထိပ် စုစုပေါင်းတန်ဖိုး သို့မဟုတ် ပမာဏ (Gross value or volume) ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းကို ဝန်ကြီး ဌာနက သတ်မှတ်သည့်အတိုင်း ငွေသားဖြင့်ဖြစ်စေ၊ ရေနံဖြင့်ဖြစ်စေ (in cash or in kind) ဘဏ္ဍာတော်ကြေး (Royalty) အဖြစ် နိုင်ငံတော်ဘဏ္ဍာငွေသို့ နှစ်စဉ်ပေးဆောင်ရမည်။

၅၆။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်အတွက် အခကြေးငွေများ၊ ငှားရမ်းခ၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၅၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ရေနံလုပ်ငန်းတစ်ရပ်ရပ်မှရရှိသည့် ဝင်ငွေအပေါ် သတ်မှတ်ထားသော အခွန်အကောက်များကို တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေနှင့်အညီ ပေးဆောင်ရမည်။

(ခ) ရေနံလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်အတွက် အခကြေးငွေများ၊ ငှားရမ်းခ၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို ဝန်ကြီးဌာနသို့ ပေးဆောင်ရမည်။

၅၈။ လုပ်ငန်းလိုင်စင်ရရှိသူသည် နိုင်ငံခြားကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် နိုင်ငံခြားသားဖြစ်ပါက ဘဏ္ဍာတော်ကြေးနှင့် အခြားအခကြေးငွေများကို ငွေသားဖြင့် ပေးဆောင်ရလျှင် သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေဖြင့် ပေးဆောင်ရမည်။

## အခန်း (၂၀)
## အထွေထွေ

၅၉။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေ၏ မြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ ကမ်းလွန်ဒေသတွင်ဖြစ်စေ တွေ့ရှိရသော ရေနံ သယံဇာတသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

၆၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၆၁။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ကိုင်ခွင့်ပြုထားသည့် ရေနံလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များပါ သဘော တူညီချက်များနှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိစေရမည်။ ယင်းပဋိညာဉ်စာချုပ်ပါ သက်တမ်းကုန်ဆုံးပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၆၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။ သို့ရာတွင် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅/၂၀၁၇) ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၃။ ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်း ပြုလုပ်နိုင်ရန်အတွက် သတ်မှတ်ချက်များနှင့်အညီ သီးသန့်ရန်ပုံငွေတစ်ရပ် ထားရှိဆောင်ရွက်ရမည်။

၆၄။ ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် ရေနံလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားအလုပ်သမားများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်သင်ကြားရေးရန်ပုံငွေ (Training Fund) ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိပြီး လေ့ကျင့်သင်ကြားရေးအတွက် စီမံဆောင်ရွက်ရမည်။

၆၅။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်း၏ ထူးခြားသော လုပ်ငန်းသဘာဝနှင့် နိုင်ငံတကာရေနံလုပ်ငန်းကျင့်စဉ်များနှင့်အညီ ကမ်းလွန်ဒေသ ရေနံလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများအား အထောက်အကူပြုဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အလှည့်ကျ အလုပ်အဆိုင်းစနစ်ဖြင့် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် တစ်နေ့ပုံမှန်အလုပ်ချိန်၊ အလုပ်လုပ်ရက်၊ အချိန်ပိုလုပ်ခ၊ ခွင့်ရက်၊ အလုပ်နားရက်၊ ခံစားခွင့်တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၆၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့သည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၆၇။ ၁၉၅၇ ခုနှစ်၊ ရေနံဓာတ်ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၈ ခုနှစ်) ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၈ ခုနှစ်)** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်) (မူကြမ်း)
## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေတွင်ပါရှိသော "Ministry of Finance" ဆိုသည့်စကားရပ်ကို "Ministry of Planning and Finance" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Union Minister for Finance" ဆိုသည့် စကားရပ်ကို "Union Minister for Planning and Finance" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "Public Warehouse" ဆိုသည့် စကားရပ်ကို "Public Customs Warehouse" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Private Warehouse" ဆိုသည့် စကားရပ်ကို "Private Customs Warehouse" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) ၏ နောက်တွင် ပုဒ်မခွဲ (ဏ)၊ (တ) နှင့် (ထ) တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**Interpretation.** (o) "Public Customs Warehouse" means a warehouse at the airport, seaport or inland ports (including border entry points) where goods imported or to be exported can be stored under customs control before payment of duties and taxes.

(p) "Private Customs Warehouse" means a warehouse where the individually owned goods imported or to be exported can be stored under customs control before payment of duties and taxes.

(q) "Manufacturing Customs Warehouse" means a privately owned warehouse where a person with a legal license may store the privately owned imported goods under customs control for manufacturing operations, before payment of duties and taxes.

၄။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆ ၏ နောက်တွင် ပုဒ်မ ၁၆-က ကို အောက်ပါ အတိုင်းဖြည့်စွက်ရမည် -

**Power to license Manufacturing Customs Warehouse.** 16-A The Director General may issue a license to a privately owned warehouse as a Manufacturing Customs Warehouse.

၅။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၈၀၊ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၉၄၊ နောက်ဆက်တွဲဇယားပုံစံ (က) နှင့် ပုံစံ (ဂ) တို့တွင်ပါရှိသော "by sea" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၊ ပုဒ်မ ၂၂ တို့တွင် ပါရှိသော "by any means of transport" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၃၀၊ ပုဒ်မ ၄၂ တို့တွင်ပါရှိသော "by any means" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**Owner's power to deal with warehoused goods.** (f) any goods imported may be processed into finished products from raw materials in a Manufacturing Customs Warehouse.

၉။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၀၅ တွင်ပါရှိသော "by sea or by inland" ဆိုသည့် စကားရပ်ကို "by any mode of transport" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၉ ၏ နောက်တွင် ၉-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 9-A If the person chargeable with payment of duties short-levied or erroneously refunded or imposed duties and taxes or penalty or a fine upon any goods are not paid within the limited time, | 20,39 & 193 | Such person concerned shall be liable to a penalty not exceeding three times of those payment of duties short-levied or erroneously refunded or imposed duties and taxes or penalty or a fine upon any goods shall be chargeable or shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years or to fine or to both. |

၁၁။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၇၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 72. If any person makes or signs, or uses, any declaration or document used in the transaction of any business relating to the Customs, knowing or having reason to believe such declaration or document to be false in any particular, or counterfeits, falsifies or fraudulently alters or destroys any such document, or any seal, signature, initials or other mark made or impressed by any officer of Customs in the transaction of any business relating to the Customs, or, being required under this Act to produce any document, refuses or neglects to produce such document, or, being required under this Act to answer any question put to him by an officer of Customs, does not truly answer such question. | General | Such person or any person concerned shall be liable to a penalty not exceeding three times of the customs value of the goods or such person or any person concerned shall be liable to a penalty not exceeding ten million kyats or such person or any person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years or to fine or to both. |

၁၂။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ဇယားအမှတ်စဉ် ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

| Offences | Section of this Act to which offence has reference | Penalties |
|---|---|---|
| 80. If any person, without the approval of the Competent Customs Official under section 202, acts as an agent for the transaction of business as therein mentioned, | 202 | Such person or any person concerned shall be liable to a penalty not exceeding five million kyats or such person or any person concerned shall, on conviction of any such offence before a Magistrate, be liable to imprisonment for a term not exceeding three years. |

၁၃။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၂ တွင်ပါရှိသော "fine, penalty or a fine upon any goods " နှင့် "fine, penalty or rate" ဆိုသည့် စကားရပ်ကို "imposed duties and taxes, fine or penalty or a fine upon any goods" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၃ တွင်ပါရှိသော "penalty or a fine upon any goods" ဆိုသည့် စကားရပ်ကို "imposed duties and taxes, fine or penalty or a fine upon any goods" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ပုဒ်မ ၂၀၂ တွင် တတိယအပိုဒ်နှင့်စတုတ္ထအပိုဒ်ကို အောက်ပါအတိုင်းအစားထိုးရမည် -

**Custom-house agents.** Such officer may, in case of misbehavior of the Person so authorized, confiscate security, or suspend or withdraw such approval, but an appeal against every such confiscation of security or suspension or withdrawal shall lie to the Union Minister of Planning and Finance, whose decision thereon shall be final.

Every appeal under this section shall be made within one month of the confiscation of security or suspension or withdrawal.

၁၆။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၂ ၏နောက်တွင် ပုဒ်မ ၂၀၂-က ကို အောက်ပါ အတိုင်းဖြည့်စွက်ရမည် -

**Responsibilities of Custom-house agent for Customs declaration, calculation and payment of duties and taxes and other amounts payable.** 202-A Such person shall be responsible to declare complete and accurate facts and figures in the Customs declaration in due time.

၁၇။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**Rules to be notified.** (c) All rules made under this Act shall be notified in the Gazette. All such rules for the time being in force shall be collected, arranged and published at intervals not exceeding two years, and shall be sold to the public at reasonable price.

၁၈။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၈ ၏နောက်တွင် ပုဒ်မ ၂၀၈-က ကို အောက်ပါ အတိုင်းဖြည့်စွက်ရမည် -

**Customs Transit.** 208-A Customs Transit procedure is applicable with the goods which are transported under Customs control from one Customs office to another.

၁၉။ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၉ ၏နောက်တွင် ပုဒ်မ ၂၁၀၊ ပုဒ်မ ၂၁၁၊ ပုဒ်မ ၂၁၂၊ ပုဒ်မ ၂၁၃၊ ပုဒ်မ ၂၁၄ နှင့် ပုဒ်မ ၂၁၅ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**Responsibilities of Ministries concerned to cooperate.**

210 Any Ministry concerned shall, within the scope of their respective tasks and powers, be responsible for coordinating and cooperating with the Ministry of Planning and Finance for the performance of electronic Customs (e-Customs) or Single Window.

**Amount of fees.**

211 Customs Declarant, users of electronic Customs (e-Customs) or Single Window, shall pay the amount of fees prescribed by the Director General of Customs from time to time.

**Revenue allocation.**

212 The revenue collected on importation and exportation may be deposited to the relevant Region or State fund in accord with the percentage prescribed by the Ministry of Planning and Finance with the approval of the Union Government.

**Application of international treaties and practices related to Customs.**

213 If there are cases which have not been provided for this Act, any other legal instrument and any international treaty to which the Republic of the Union of Myanmar has signed or acceded, then interna tional practices related to Customs may be applicable.

Provided that during the period when such Customs practices could not be complied, the Director-General of Customs has the power to issue the orders and notifications, that not contravene the existing laws, rules and regulations of Myanmar, with the permission of the Union Minister of Planning and Finance, relating to such Customs practices and these may be applied.

**Activities of international cooperation on Customs.**

214 (A) Activities of international cooperation on Customs shall cover:

(1) Negotiation, conclusion and organization of implementation of treaties and international agreements on Customs;
(2) Exploitation and exchange of information and technical cooperation with customs authorities of foreign countries and related international organizations;
(3) Dispatch of Myanmar customs officials abroad and receiving foreign customs officials sent to Myanmar to perform technical customs operations in accordance with the law on customs, treaties to which the Republic of the Union of Myanmar becomes a party or concluded international agreements;
(4) Exercise of rights, performance of obligations and enjoyment of interests of the State of Myanmar at the World Customs Organization, customs related international organizations, countries and territories.

(B) Myanmar Customs Department shall be responsible to carry out activities prescribed in sub-section (A) of this section in accordance with existing laws.

**Reward.**

215 Regarding the distribution of reward to be paid to the informers, investigation organization and seizing organization from the proceeds of the sales of confiscated goods, penalty and fines received under the existing Customs Laws, it may reward according to the ratio defined by the Union Government.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (မူကြမ်း)**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၈၀ ပြည့်နှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း (၁)**

**အခန်း (၁)**

**အမည်နှင့်စတင်အာဏာတည်ခြင်း**

**အမည်နှင့်စတင်အာဏာတည်ခြင်း**

၁။ (က) ဤဥပဒေကို **မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) အပိုင်း (၁၀) မှအပ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

(ဂ) ဤဥပဒေ၏ အပိုင်း (၁၀) သည် နိုင်ငံတော်သမ္မတက သီးခြားအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

## အခန်း (၂)
## အဓိပ္ပာယ်ဖွင့်ဆိုချက်များ

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၂။ ဤဥပဒေတွင် -

(က) **သက်ဆိုင်ရာဥပဒေ**ဆိုသည့်စကားရပ်တွင် သက်ဆိုင်ရာကိစ္စရပ်အပေါ် အကျိုးသက်ရောက်မှုရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း အတည်ဖြစ်လျက်ရှိသည့် ဥပဒေများနှင့် ဥပဒေကဲ့သို့စည်းနှောင်အားရှိသော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တစ်ရပ်ရပ်တို့ ပါဝင်သည်။

(ခ) **တွဲဖက်လုပ်ကိုင်သူ**ဆိုသည်မှာ -

(၁) အထူးသဖြင့် ကုမ္ပဏီတစ်ခုနှင့်သက်ဆိုင်သည့်အခါတွင် -

(ကက) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် အဓိပ္ပာယ်ဖော်ပြသတ်မှတ်ထားသည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(ခခ) ဆက်စပ်သည့်အဖွဲ့အစည်း၊

(ဂဂ) ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(ဃဃ) ကုမ္ပဏီကို ထိန်းချုပ်အုပ်ချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံရသော ကုမ္ပဏီ အပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦး၊

(ငင) ပုဒ်မခွဲငယ် (ကက) သို့မဟုတ် (ဂဂ) သို့မဟုတ် (ဃဃ) တွင် ရည်ညွှန်းဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ ဇနီး၊ ခင်ပွန်း၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် သားသမီးတစ်ဦးဦးနှင့်

(စစ) ဤအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ရည်ညွှန်းဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်အုပ်ချုပ်နေသော ကုမ္ပဏီတစ်ခုခုနှင့်

(၂) ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခု (ကုမ္ပဏီတစ်ခုအပါအဝင်) နှင့် သက်ဆိုင်သည့်အခါတွင် -

(ကက) ပုဂ္ဂိုလ်တစ်ဦး၏ ဇနီး၊ ခင်ပွန်း၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် သားသမီးတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၊

(ခခ) အဖွဲ့အစည်းကို ထိန်းချုပ်အုပ်ချုပ်နေသော သို့မဟုတ် အဖွဲ့အစည်း၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုခံရသော ကုမ္ပဏီအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦး၊

(ဂဂ) ပုဒ်မခွဲငယ် (ခခ) တွင် ရည်ညွှန်းဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်အုပ်ချုပ်သော ကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(ဂ) **အသင်း**ဆိုသည်မှာ အပိုင်း (၃) အရ ဖွဲ့စည်းထားသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းကို ဆိုသည်။

(ဃ) **လူမွဲ**ဆိုသည်မှာ ကြွေးမြီပြန်လည်မပေးဆပ်နိုင်သဖြင့် အပိုင်း (၈) ပါ ပြဋ္ဌာန်းချက်များအရ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရသူ တစ်ဦးဦးကို ဆိုသည်။

(င) **လူမွဲအဖြစ်ခံယူစေသည့်အမိန့်**ဆိုသည်မှာ ကြွေးမြီပြန်လည်မပေးဆပ်နိုင်သဖြင့် လူပုဂ္ဂိုလ်တစ်ဦးဦးအား လူမွဲအဖြစ်ခံယူစေရန် ဆုံးဖြတ်သည့်အမိန့်တစ်ရပ်ကို ဆိုသည်။

(စ) **စာအုပ်စာတမ်းများ**ဆိုသည်မှာ ငွေစာရင်းများ၊ စာချုပ်စာတမ်းများ၊ ရေးသားချက်များနှင့် စာရွက်စာတမ်းများကို ဆိုသည်။

(ဆ) **အလုပ်လုပ်ကိုင်ရက်**ဆိုသည်မှာ စနေ၊ တနင်္ဂနွေနှင့် နိုင်ငံတော်အတွင်း ဘဏ်ပိတ်ရက်အဖြစ် သတ်မှတ်ထားသည့်နေ့ရက်မှအပ အခြားမည်သည့်နေ့ရက်ကိုမဆို ဆိုသည်။

(ဇ) **စီးပွားရေးလုပ်ငန်းဆိုင်ရာကြွေးမြီ**ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခုခုက ဆောင်ရွက်နေသည့်လုပ်ငန်း သို့မဟုတ် စီးပွားရေးကို လည်ပတ်နေစေရန်အတွက် ကုန်စည်များပေးသွင်းရန် သို့မဟုတ် ဝန်ဆောင်မှုများပေးရန် သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ကို ပြုလုပ်ရန်အလို့ငှာ ယင်း၏လုပ်ငန်းလည်ပတ်မှုများသို့ ငွေကြေးထည့်ဝင်သည့် နည်းလမ်းဖြင့်ဖြစ်စေ၊ အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် နည်းလမ်းဖြင့်ဖြစ်စေ ကျခံဆောင်ရွက်ပေးသဖြင့် တင်ရှိသော ကြွေးမြီတစ်ရပ်ရပ်ကို ဆိုသည်။

(ဈ) **တောင်းဆိုချက်**ဆိုသည်မှာ ငွေပေးချေရန် တောင်းခံပိုင်ခွင့်တစ်ရပ်ကို ဖြစ်ပေါ်စေသည့် လုပ်ငန်းတာဝန်တစ်ရပ်ကို ချိုးဖောက်မှုအတွက် ကုစားခွင့်၊ တောင်းခံပိုင်ခွင့်အပါအဝင် ငွေပေးချေမှုတစ်ရပ်ကို တောင်းခံပိုင်ခွင့်တစ်ရပ်ဖြစ်ပြီး ယင်းအခွင့်အရေးသည် တရားရုံး၏ စီရင်ချက်အရဖြစ်စေ၊ ပုံသေသတ်မှတ်ထားချက်အရဖြစ်စေ၊ ကိစ္စတစ်ရပ်အပေါ် မူတည်သည်ဖြစ်စေ၊ မတည်သည်ဖြစ်စေ၊ အငြင်းပွားနေသည်ဖြစ်စေ၊ အငြင်းမပွားသည်ဖြစ်စေ၊ အာမခံအကျိုးခံစားခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကျုံးဝင်စေရမည်။

(ည) **ကုမ္ပဏီ**ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီကို ဆိုသည်။

(ဋ) ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍ **ကြွေးမြီပေးဆပ်ရသူ**ဆိုသည်မှာ -

(၁) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့လျှင် ကုမ္ပဏီတွင်လက်ရှိပါဝင်နေသူဖြစ်စေ၊ ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူဖြစ်စေ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုအတွက် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ၊

(၂) အစုရှယ်ယာမတည်ငွေရင်းထားရှိသော ကုမ္ပဏီဖြစ်ပါက အစုရှယ်ယာတန်ဖိုးအား အပြည့်အဝပေးချေဝယ်ယူပိုင်ဆိုင်ထားသူ၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများအား ဆုံးဖြတ်နိုင်ခြင်းမရှိမီ ကြွေးမြီပေးဆပ်ရန်တာဝန်ရှိသူဟု စွပ်စွဲဖော်ပြခံရသူကို ဆိုသည်။

(ဌ) **ကောင်စီ**ဆိုသည်မှာ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကို ဆိုသည်။

(ဍ) **တရားရုံး**ဆိုသည်မှာ ဤဥပဒေအရ ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရန် စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကို ဆိုသည်။

(ဎ) **ဒီဘင်ချာ**ဆိုသည်မှာ ချေးယူသောငွေအတွက် ကုမ္ပဏီက ထုတ်ပေးသော သက်သေခံလက်မှတ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဒီဘင်ချာစတော့ရှယ်ယာလည်း ပါဝင်သည်။

(ဏ) ကုမ္ပဏီ သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခု၏ **ဒါရိုက်တာ**ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ဒါရိုက်တာကို ဆိုသည်။

(တ) **လူမွဲပိုင်ပစ္စည်း**ဆိုသည့် စကားရပ်တွင် ပုဒ်မ ၂၈၉ အရ အမိန့်ချမှတ်နိုင်သော လူမွဲ၏ဝင်ငွေလည်း ပါဝင်စေရမည်။

(ထ) အပိုင်း (၈) ပါ ပြဋ္ဌာန်းချက်များအရ တစ်သီးပုဂ္ဂလ လူမွဲခံယူခြင်းအတွက် **ဖယ်ထုတ်ရမည့်ပစ္စည်းများ**ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် -

(၁) လူမွဲ၏ အလုပ်အကိုင်အတွက်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအတွက်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက်ဖြစ်စေ မရှိမဖြစ်အသုံးပြုရန်လိုအပ်သော ကိရိယာများ၊ စာအုပ်များ၊ ယာဉ်များနှင့်အခြားကိရိယာများ၊

(၂) အခြားသူတစ်ဦးဦးက လူမွဲထံ ယုံမှတ်အပ်နှံထားသော ပစ္စည်းများ၊

(၃) နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တန်ဖိုးပမာဏရှိ လူမွဲနှင့်၎င်းမိသားစုအခြေခံစားဝတ်နေရေးအတွက် လိုအပ်သည့် အဝတ်အစား၊ အိပ်ရာ၊ ပရိဘောဂ၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်တွင်းစားနပ်ရိက္ခာ၊

(၄) နည်းဥပဒေဖြင့် သတ်မှတ်ထားသော တန်ဖိုးထက်မကျော်လွန်သည့် ယာယီနေထိုင်ရေး အသုံးစရိတ်၊

(၅) နည်းဥပဒေဖြင့် သတ်မှတ်ထားသော တန်ဖိုးထက်မကျော်လွန်သည့် ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံအရ သုံးစွဲသည့် လူမွဲ၏ လက်ဝတ်ရတနာများ။

(ဒ) **အပြောင်းအလဲရှိသောကြွေးမြီတာဝန်**ဆိုသည်မှာ စတင်ချေးငှားစဉ်ကပင် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တစ်ရပ်အဖြစ် ရည်ရွယ်သတ်မှတ်ခဲ့သော ကြွေးမြီတာဝန်ကို ဆိုသည်။

(ဓ) **ကုမ္ပဏီတစ်ခုနှင့်ဆက်နွှယ်နေသည့် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ**ဆိုသည်မှာ ဆက်နွှယ်နေသည့် လက်အောက်ခံကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ၏အစုများကို ပိုင်ဆိုင်သည့်ကုမ္ပဏီကို ဆိုသည်။

(န) **မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်း**ဆိုသည်မှာ အောက်ပါ စီးပွားရေးလုပ်ငန်းကို ဆိုသည်-

(၁) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းဖြစ်ပါက အပိုင်း (၆) အရ လျှောက်ထားစဉ်အချိန်က မြီရှင်များထံသို့ ပေးဆပ်ရန်တင်ရှိသည့် စုစုပေါင်း ကြွေးမြီသည် နည်းဥပဒေဖြင့် သတ်မှတ်ထားသော ပမာဏထက်မပိုသည့် စီးပွားရေးဆိုင်ရာ ကြွေးမြီများ တင်ရှိနေသည့်လုပ်ငန်း၊

(၂) ကုမ္ပဏီအဖြစ် မှတ်ပုံတင်မထားသော မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းဖြစ်ပါက အပိုင်း (၆) အရ လျှောက်ထားစဉ်အချိန်က မြီရှင်များထံသို့ ပေးဆပ်ရန်တင်ရှိသည့် စုစုပေါင်း ကြွေးမြီသည် နည်းဥပဒေဖြင့် သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်သည့် စီးပွားရေး လုပ်ငန်းဆိုင်ရာကြွေးမြီများ တင်ရှိနေသည့်လုပ်ငန်း။

(ပ) **ကုမ္ပဏီမှတ်ပုံတင်ထားခြင်းမရှိသော မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်း**ဆိုသည်မှာ -

(၁) လူပုဂ္ဂိုလ် တစ်ဦးတည်းက ပိုင်ဆိုင်လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်း၊

(၂) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများက ၁၉၃၂ ခုနှစ်၊ အစုစပ်လုပ်ငန်းအက်ဥပဒေ ပုဒ်မ ၄ နှင့်အညီ လုပ်ဆောင်နေသော အစုစပ်လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဖ) **လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ**ဆိုသည်မှာ အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ အဖြစ် မှတ်ပုံတင်ထားသူကို ဆိုသည်။

(ဗ) **ကြွေးမြီမပေးဆပ်နိုင်ခြင်း**ဆိုသည်မှာ ကြွေးမြီများကိုပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပေးဆပ်နိုင်မှုမရှိခြင်းကို ဆိုသည်။

(ဘ) **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**ဆိုသည်မှာ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် အပိုင်း (၇) အရ ခန့်အပ်ခြင်းခံရသူကို ဆိုသည်။

(မ) **ဈေးကွက်တန်ဖိုး**ဆိုသည်မှာ ပစ္စည်းတစ်ခုအား ရောင်းချရန်ဆန္ဒရှိသူက ဈေးကွက်တွင် လွတ်လပ်စွာ ရောင်းချခြင်းဖြင့် ရရှိနိုင်မည့် ငွေပမာဏကို ဆိုသည်။

(ယ) **စံဥပဒေ**ဆိုသည်မှာ နိုင်ငံဖြတ်ကျော် လူမွဲခံယူမှုများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဥပဒေဆိုင်ရာ ကုလသမဂ္ဂကော်မရှင်အဖွဲ့က ရေးဆွဲခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် A/RES/52/ 158 (1997) ဖြင့် အတည်ပြုခဲ့သော ဥပဒေကို ဆိုသည်။

(ရ) **မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအစီအစဉ်**ဆိုသည်မှာ ပုဒ်မ ၁၂၁ တွင် ရည်ညွှန်းဖော်ပြထားသော အချက်အလက်များပါရှိသည့် အဆိုပြုချက် သို့မဟုတ် ထိုသို့သော အသွင်သဏ္ဌာန်ရှိသည့် အစီအစဉ်ကို ဆိုသည်။

(လ) **ရာထူးလက်ရှိဖြစ်သူ**ဆိုသည်မှာ အောက်ပါရာထူးတစ်ခုခုအတွက် ခန့်အပ်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည် -

(၁) ကုမ္ပဏီ၏ ပစ္စည်းထိန်း၊

(၂) ကုမ္ပဏီ၏ ပြန်လည်ထူထောင်ရေးမန်နေဂျာ၊

(၃) အပိုင်း (၅) အရ ဆောင်ရွက်သော ကုမ္ပဏီ၏ ပြန်လည်ထူထောင်ရေး အစီအစဉ်ကြီးကြပ်သူ၊

(၄) အပိုင်း (၆) အရ ဆောင်ရွက်သော မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းတစ်ခု၏ ပြန်လည်ထူထောင်ရေး အစီအစဉ်ကြီးကြပ်သူ၊

(၅) မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခု၏ ပြန်လည်ထူထောင်ရေးအကြံပေး၊

(၆) ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအပါအဝင် ကုမ္ပဏီတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊

(၇) လူမွဲခံယူခြင်းဆိုင်ရာ ယုံမှတ်အပ်နှံခြင်းခံရသူ။

(ဝ) **အဖွဲ့အစည်းတစ်ခုနှင့်ပတ်သက်သည့်အရာရှိ**ဆိုသည်မှာ ထိုအဖွဲ့အစည်း၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးကို ဆိုသည်။

(သ) **ပြည်ပကော်ပိုရေးရှင်း**ဆိုသည်မှာ နိုင်ငံတော်ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

(ဟ) **အပိုင်း (၆) လုပ်ငန်း**ဆိုသည်မှာ အပိုင်း (၆) အရ အကောင်အထည်ဖော် ဆောင်ရွက်သော မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းကို ဆိုသည်။

(ဠ) **အပိုင်း (၆) လုပ်ငန်းစဉ်**ဆိုသည်မှာ အပိုင်း (၆) အရ အကောင်အထည်ဖော်ဆောင်ရွက်သော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆိုသည်။

(ကက) **အစီအစဉ်ကြီးကြပ်သူ**ဆိုသည်မှာ အပိုင်း (၅)၊ အခန်း (၄) သို့မဟုတ် အပိုင်း (၆)၊ အခန်း (၄) အရ ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ကြီးကြပ်ရန်ခန့်အပ်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကခ) **ယခင်ဥပဒေ**ဆိုသည်မှာ -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အပိုင်း (၅)၊

(၂) ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၏ အပိုင်း (၅)၊

(၃) ၁၉၀၉ ခုနှစ်၊ ရန်ကုန်လူမွဲခံယူခြင်းဆိုင်ရာအက်ဥပဒေ၊

(၄) ၁၉၂၀ ခုနှစ်၊ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာအက်ဥပဒေ၊

(၅) ၁၉၃၂ ခုနှစ်၊ အစုစပ်လုပ်ငန်း အက်ဥပဒေ အပိုင်း (၆) နှင့်

(၆) အထက်ပါ ဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဆိုသည်။

(ကဂ) **ပစ္စည်း**ဆိုသည်မှာ ငွေကြေး၊ ကုန်စည်၊ ဝတ္ထုပစ္စည်း၊ ဥပဒေအရ တရားစွဲဆိုတောင်းခံနိုင်သော တောင်းဆိုချက်များ၊ မြေနှင့် အမျိုးမျိုးသောပစ္စည်းများ၊ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ ရှိသော ပိုင်ဆိုင်မှုနှင့် ထိုပိုင်ဆိုင်မှုမှတစ်ဆင့် ပေါ်ပေါက်လာသော အကျိုးခံစားခွင့်အရပ်ရပ်ကို ဆိုသည်။

(ကဃ) **ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**ဆိုသည်မှာ ပုဒ်မ ၁၆၆ အရ ခန့်အပ်ခြင်းခံရသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကင) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ သို့မဟုတ် အခြားသက်ဆိုင်သော ဥပဒေအရ ကုမ္ပဏီများမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ တာဝန်များနှင့်မှတ်ပုံတင်အရာရှိသို့ အပ်နှံထားသော အခြားအခွင့်အာဏာများကို ကျင့်သုံးရန်၊ အခြားလုပ်ငန်းတာဝန်များနှင့် တာဝန်များကို ထမ်းဆောင်ရန်နှင့် ဤဥပဒေအရ ကုမ္ပဏီနှင့် မိုက်ခရို၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ

အပါအဝင် တစ်သီးပုဂ္ဂလများမှ လူမွဲအဖြစ်ခံယူမှုများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် ခန့်အပ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်ဌာန သို့မဟုတ် လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကစ) **နည်းဥပဒေ**ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများကို ဆိုသည်။

(ကဆ) **ပြန်လည်ထူထောင်ရေးအကြံပေး**ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များ သို့မဟုတ် ဒါရိုက်တာများအား အကြံပေးရန် အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များ အရ ခန့်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကဇ) **ပြန်လည်ထူထောင်ရေးမန်နေဂျာ**ဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အပိုင်း (၅)၊ အခန်း (၂) ပါ ပြဋ္ဌာန်းချက်များအရ ခန့်ထားသောလူပုဂ္ဂိုလ်ကို ဆိုသည်။

(ကဈ) **ပြန်လည်ထူထောင်ရေးအစီအစဉ်**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၇၂ တွင် ရည်ညွှန်းဖော်ပြထားသည့် အချက်အလက်များပါရှိသည့် အဆိုပြုချက် သို့မဟုတ် ထိုသို့သော အသွင်သဏ္ဍာန်ရှိသည့် အစီအစဉ်ကို ဆိုသည်။

(ကည) **အဖွဲ့အစည်း (ကုမ္ပဏီအပါအဝင်) တစ်ခု၏ ဆက်စပ်သည့်အဖွဲ့အစည်း**ဆိုသည်မှာ -

(၁) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုခု သို့မဟုတ်

(၂) အဖွဲ့အစည်း၏ လက်အောက်ခံကုမ္ပဏီတစ်ခုခု သို့မဟုတ်

(၃) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(ကဋ) **ကုမ္ပဏီနှင့်ပတ်သက်သော အာမခံအကျိုးခံစားခွင့်ရမြီရှင်**ဆိုသည်မှာ ကုမ္ပဏီ၏မြီရှင်တစ်ဦးဖြစ်ပြီး ကြွေးမြီတောင်းဆိုခွင့်နှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် ပစ္စည်းများအပေါ် အာမခံတစ်ရပ် ကိုင်ဆောင်ထားသူဖြစ်ပြီး ကုမ္ပဏီနှင့်ပတ်သက်သော **အာမခံအကျိုးခံစားခွင့်မရရှိသောမြီရှင်** ဆိုသည်မှာ ထိုသို့သော အာမခံတစ်ရပ်ကို ကိုင်ဆောင်ထားခြင်းမရှိသည့်မြီရှင်ကို ဆိုသည်။

(ကဌ) **အာမခံ**ဆိုသည်မှာ ဒီဘင်ချာ၊ စာချုပ်ပေါင်နှံခြင်းနှင့် ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် အခြားသောအာမခံကို ဆိုသည်။

(ကဍ) **အာမခံအကျိုးခံစားခွင့်**ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်အရ သတ်မှတ်ဖော်ပြထားသော သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ စာချုပ်ဖြင့် ပေါင်နှံခြင်း သို့မဟုတ် အာမခံအကျိုးခံစားခွင့်ဆိုင်ရာ အခြားပုံစံတစ်ရပ်ကို ဆိုသည်။

(ကဎ) **အထူးဆုံးဖြတ်ချက်**ဆိုသည်မှာ အထူးဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင် တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခံရသည့် ကိုယ်စားလှယ်တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ လေးပုံသုံးပုံအောက် မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ဆိုသည်။

(ကဏ) **လက်အောက်ခံကုမ္ပဏီ**ဆိုသည်မှာ -

(၁) အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီသည့် ကုမ္ပဏီကို ဆိုသည် -

(ကက) ကုမ္ပဏီ၏ဘုတ်အဖွဲ့ ဖွဲ့စည်းမှုကို အခြားကုမ္ပဏီက ထိန်းချုပ်ထားခြင်း သို့မဟုတ်

(ခခ) ကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက်အများဆုံးအနက်မှ ထက်ဝက်ထက်ကျော်လွန်သည့်မဲများကို အခြားကုမ္ပဏီက အသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ်နိုင်ခြင်း သို့မဟုတ်

(ဂဂ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့်ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့်အခွင့်အရေးမရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါကုမ္ပဏီက ထုတ်ဝေထားသော အစုရှယ်ယာများ၏ ထက်ဝက်ကျော်လွန်သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီက ပိုင်ဆိုင်ထားခြင်း သို့မဟုတ်

(ဃဃ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့်ပမာဏထက်ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့်အခွင့်အရေးမရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများအပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစုတိုင်း၏ ထက်ဝက်ကျော်ကို ရထိုက်ခွင့်ရှိခြင်း။

(၂) ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ကက) ပါ အခြေအနေတစ်ရပ်ရပ်နှင့်ကိုက်ညီသည့် လက်အောက်ခံကုမ္ပဏီက ထပ်မံဖွဲ့စည်းသည့် ၎င်း၏လက်အောက်ခံကုမ္ပဏီသည်လည်း အဆိုပါ အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီဖြစ်သည်။

(ကတ) **ယုံမှတ်အပ်နှံခြင်းခံရသူ**ဆိုသည်မှာ အပိုင်း (၈) ပါ ပြဋ္ဌာန်းချက်များအရ တစ်သီးပုဂ္ဂလဖြစ်သူ လူမွဲပိုင်ပစ္စည်းအား စီမံခန့်ခွဲရန် ခန့်အပ်ထားသူကို ဆိုသည်။

(ကထ) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

## အကြောင်းကြားခြင်းနှင့် ကြေညာခြင်း

၃။ (က) ဤဥပဒေအရ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိစေရေးအကြောင်းကြားရန် သို့မဟုတ် ကြေညာရန် သတ်မှတ်ပြဋ္ဌာန်းထားပါက ထိုသို့အကြောင်းကြားချက် သို့မဟုတ် ကြေညာချက်ကို ပြုလုပ်ရာတွင် မည်သို့သောအချက်များကို ထည့်သွင်း၍ မည်သည့်အချိန်တွင် မည်သို့မည်ပုံ ပြုလုပ်ပေးပို့ရမည်ကို နည်းဥပဒေဖြင့် သတ်မှတ်နိုင်သည်။

(ခ) ထိုအကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းနှင့်ပတ်သက်၍ ပြုလုပ်သည့် နည်းလမ်း၊ ပါဝင်ရမည့်အကြောင်းအရာနှင့် ပြုလုပ်ရမည့်အချိန်တို့ကို သတ်မှတ်ထားသည့် နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ ပျက်ကွက်လျှင် ဤဥပဒေပါ အကြောင်းကြားရန် သို့မဟုတ် ကြေညာရန် တာဝန်ကို ချိုးဖောက်ရာရောက်သည်။

(ဂ) ဤဥပဒေပါ အကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်လျှင် ထိုသူအား အောက်ပါအတိုင်းအရေးယူ ဆောင်ရွက်ရမည် -

(၁) ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ဒဏ်ကြေးငွေ ကျပ်တစ်သိန်းအထိ တပ်ရိုက်နိုင်သည်။

(၂) တရားရုံးသည် ဆောင်ရွက်ရန်ပျက်ကွက်မှုအား သတ်မှတ်ထားသည့် အချိန်အတွင်း မပျက်မကွက် ဆောင်ရွက်စေရန် ၎င်းအပေါ် အမိန့်ချမှတ်နိုင်သည်။

## ဒဏ်ကြေးငွေများအား တိုးမြှင့်သတ်မှတ်ခြင်း

၄။ ဤဥပဒေပါ ဒဏ်ကြေးငွေပမာဏများကို တိုးမြှင့်သတ်မှတ်သင့်သည်ဟုယူဆလျှင် နည်းဥပဒေဖြင့် တိုးမြှင့်သတ်မှတ်နိုင်သည်။

## မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ (က) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (သို့မဟုတ် ယင်းကိုဆက်ခံသည့် အဖွဲ့အစည်း/ဌာနတစ်ခုခု) ကို ကုမ္ပဏီများမှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးထားသမျှကာလပတ်လုံး ထိုဌာန၏ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ် အလားတူတာဝန်ကို ထမ်းဆောင်

နေသောသူ) သည် ဤဥပဒေအရ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းနှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းပြုနိုင်သည့်အပြင် ထိုလုပ်ငန်းတာဝန်များနှင့်အခွင့်အာဏာများကို ထိုဌာနရှိ အခြားအရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အခြားအရာရှိများကို လွှဲအပ်ကျင့်သုံးစေနိုင်သည်။ ထိုသို့လွှဲအပ်ခြင်းခံရသူသည် မှတ်ပုံတင်အရာရှိအား တာဝန်ခံ၍ မှတ်ပုံတင်အရာရှိမှ ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရသတ်မှတ်ထားသော အကြောင်းကြားမှုတစ်ရပ်ကို လက်ခံရရှိပြီးနောက် တတ်နိုင်သမျှ ဆောလျင်စွာ ယင်းအသိပေးအကြောင်းကြားမှုကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်း၍ မှတ်တမ်းတင်ရမည်။

(ဂ) ထိုသို့ ကုမ္ပဏီနှင့်ပတ်သက်သည့် အကြောင်းကြားစာများကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရာ၌ အကျိုးသက်ဆိုင်သူက အလွယ်တကူ ရှာဖွေသိရှိနိုင်စေရန်နှင့်လိုအပ်ပါက မိတ္တူမှန်ကူးယူ ရရှိနိုင်စေရန်အတွက် အကောင်းဆုံးနည်းလမ်းများဖြင့် မှတ်ပုံတင်စာရင်းကို ပြုစုထားရှိ၍ မှတ်တမ်းတင်ထားရမည်။

## အပိုင်း (၂)
## ရည်ရွယ်ချက်

### ရည်ရွယ်ချက်များ

၆။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ ဥပဒေစနစ်နှင့် ကူးသန်းရောင်းဝယ်ရေးစနစ်များအကြား လိုက်လျောညီထွေဖြစ်စေရန်၊

(ခ) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်ရန်အတွက် ထိရောက်လွယ်ကူသောစနစ်တစ်ရပ်ရှိစေရန်နှင့် ယင်းစနစ်အား ထိရောက်စွာ အကောင်အထည်ဖော်ရန် ကျွမ်းကျင်သော လူမွဲခံယူခြင်းဆိုင်ရာပညာရှင်များ ပေါ်ပေါက်လာစေရန်၊

(ဂ) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းလုပ်ငန်းစဉ်များကို ကြိုတင်ခန့်မှန်း သိရှိနိုင်ပြီး သင့်တင့်မျှတသော ရလဒ်များရရှိစေရန်၊

(ဃ) လူမွဲမှုခင်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာနှင့်ဘက်လိုက်ခြင်းကင်းစွာ ဖြေရှင်းဆောင်ရွက်နိုင်စေရန်၊

(င) အလားအလာရှိသော စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် နိုင်ငံတော်အတွင်းရှိ မိုက်ခရို အသေးစားနှင့် အလတ်စားလုပ်ငန်းများ ငွေကြေးအခက်အခဲကြုံတွေ့ရသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူများပေးခြင်း၊ ထိုမှတစ်ဆင့် လုပ်ငန်းများပြန်လည်ရှင်သန်စေပြီး အလုပ်အကိုင်များတည်မြဲစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးရန်၊

(စ) အလားအလာမကောင်းသော စီးပွားရေးလုပ်ငန်းများအတွက် ထိရောက်လွယ်ကူသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်ရှိစေရန်နှင့် ထိုသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုတန်ဖိုးများကို အတတ်နိုင်ဆုံးမြင့်တင်နိုင်စေရန် ဆောင်ရွက်ခြင်းဖြင့် မြီရှင်များမှ ငွေကြေးအများဆုံးပြန်လည်ရရှိစေရန်၊

(ဆ) အခြေအနေတူသည့် မြီရှင်များအကြား သာတူညီမျှ ဖြစ်စေရန်၊

(ဇ) လူမွဲခံယူသည့်စနစ်ကို အလွဲသုံးစားပြုခြင်းမှ တားဆီးရန်၊

(ဈ) နယ်စပ်ဖြတ်ကျော်လူမွဲခံယူမှုမူဘောင်ကို တည်ထောင်ပေးခြင်းအားဖြင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စွမ်းအား အထောက်အကူဖြစ်စေရန်။

## အပိုင်း (၃)

## လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်သူများစည်းမျဉ်း

## အခန်း (၁)

## နိဒါန်း

**ဤအပိုင်းနှင့်သက်ဆိုင်ခြင်း**

၇။ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အောက်ပါရာထူးများတွင် ခန့်ထားသူတို့နှင့်သက်ဆိုင်စေရမည် -

(က) ပစ္စည်းထိန်း၊

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာ၊

(ဂ) ပြန်လည်ထူထောင်ရေးအကြံပေး၊

(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကြီးကြပ်သူ၊

(င) ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအပါအဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊

(စ) ယုံမှတ်အပ်နှံခြင်းခံရသူ။

## အခန်း (၂)

## လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအဖြစ် မှတ်ပုံတင်ခြင်း

**လိုက်နာရမည့် ကျင့်ဝတ်များ**

၈။ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် -

(က) ဤဥပဒေအရ မှတ်ပုံတင်ထားသူဖြစ်ရမည်၊

(ခ) ၎င်း၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်းနှင့် တာဝန်များကို ထမ်းဆောင်ရာတွင် -

(၁) ဤဥပဒေပါ ရည်ရွယ်ချက်များအတိုင်း လျော်ကန်သင့်မြတ်စွာ ဆောင်ရွက်ရမည်၊

(၂) ထိုက်သင့်သည့် သတိဝီရိယဖြင့် ဆောင်ရွက်ရမည်၊

(၃) သဘောရိုးဖြင့် ဖြောင့်မတ်စွာ ဆောင်ရွက်ရမည်။

(ဂ) မိမိကိုယ်ကျိုးအတွက်ဖြစ်စေ၊ တစ်စုံတစ်ဦး၏ အကျိုးအတွက်ဖြစ်စေ မိမိရာထူးတာဝန်ကို မလျော်မကန်အသုံးမပြုရ၊

(ဃ) နည်းဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော ကျင့်ဝတ်များကို လိုက်နာရမည်။

## အခန်း (၃)

## အရည်အချင်းမပြည့်ဝသူများက လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခြင်းအပေါ် ကန့်သတ်ချက်များ

**သတ်မှတ်အရည်အချင်းမပြည့်မီဘဲ ဆောင်ရွက်ခြင်း**

၉။ (က) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူဖြစ်မှသာလျှင် ပုဒ်မ ၇ တွင် ဖော်ပြထားသော ရာထူး တစ်ရပ်ရပ်ကို တာဝန်ယူလက်ခံဆောင်ရွက်နိုင်သည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းမရှိသည့်အချိန်တွင် ထိုသို့ လက်ခံဆောင်ရွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်သိန်းငါးဆယ်ထက်မပိုသော ဒဏ်ကြေးငွေကို တပ်ရိုက်နိုင်သည်။

## လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ်ဆောင်ရွက်ရန် အရည်အချင်းမရှိသည့်ပုဂ္ဂိုလ်များ

၁၀။ (က) အဖွဲ့အစည်းမဟုတ်သော လူပုဂ္ဂိုလ်ကသာလျှင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) လူတစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်မရှိစေရ -

(၁) လူမွဲအဖြစ်မှ ရပ်စဲခြင်းမရှိသေးသူဖြစ်လျှင် သို့မဟုတ်

(၂) ဤဥပဒေပါ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီက လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆက်လက်ဆောင်ရွက်ရန်မသင့်ဟုယူဆသော အကျင့်စာရိတ္တနှင့်ပတ်သက်သည့် ပြစ်မှုတစ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်လျှင် သို့မဟုတ်

(၃) နည်းဥပဒေအရ သတ်မှတ်ထားသည့် အာမခံတစ်ရပ်ရပ်ကို ထားရှိခြင်းမရှိလျှင် သို့မဟုတ်

(၄) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီမှ ထုတ်ပေးထားသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်မှာ သက်တမ်းကုန်ဆုံးနေလျှင် သို့မဟုတ်

(၅) ဤဥပဒေနှင့်အညီ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ထားခြင်းမရှိလျှင်။

## လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း

၁၁။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ၏ မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိရမည်။

## မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း

၁၂။ (က) အောက်ပါအချက်များနှင့်ကိုက်ညီကြောင်း ယုံကြည်ကျေနပ်လျှင် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီသည် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည် -

(၁) ပုဒ်မ ၁၀ အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်ရှိသူများစာရင်းမှ ထုတ်ပယ်ခြင်းခံရသူမဟုတ်ခြင်း၊

(၂) ကောင်စီက သတ်မှတ်ထားသော ပညာရေးလိုအပ်ချက်၊ လက်တွေ့သင်တန်းနှင့်အတွေ့အကြုံဆိုင်ရာ သတ်မှတ်ချက်များဖြင့် ပြည့်စုံသူဖြစ်ခြင်း၊

(၃) ဤဥပဒေအရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို မှန်ကန်စွာဆောင်ရွက်နိုင်သူဖြစ်ခြင်း။

(ခ) ကောင်စီသည် ဤဥပဒေစတင်အာဏာတည်သောနေ့မှစ၍ (၁) နှစ်အတွင်း ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ပါ လိုအပ်ချက်များကို ပြည့်မီခြင်းမရှိသော်လည်း တစ်စုံတစ်ဦးသည် လူမွဲမှုခင်းကိစ္စရပ်များတွင် လုံလောက်သောအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများရှိသည်ဟု ကျေနပ်ပါက ထိုကာလအတွက်သာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

(ဂ) ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိရန်အတွက် ကောင်စီသို့ တင်ပြလျှောက်ထားရမည်။

(ဃ) ကောင်စီသည်လျှောက်ထားသူအား ထုချေခွင့်ပေးခြင်း သို့မဟုတ် စာဖြင့်ရေးသား တင်ပြစေခြင်းမပြုဘဲ ၎င်း၏လျှောက်လွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းမပြုရ။

**ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်များကို နှစ်စဉ်သက်တမ်းတိုးခြင်း**

၁၃။ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် (၁) နှစ်ဖြစ်သည်။ သတ်မှတ်ကာလမကုန်ဆုံးမီ သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းမရှိပါက သက်တမ်းကုန်ဆုံးသည့်နေ့တွင် ရပ်စဲပြီးဖြစ်စေရမည်။

**မမှန်မကန်တင်ပြခြင်း**

၁၄။ မည်သူမဆို ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကိုရရှိရန်ဖြစ်စေ၊ သက်တမ်းတိုးရန်ဖြစ်စေ တင်ပြဆောင်ရွက်ရာတွင် မမှန်မကန်တင်ပြလျှင် သို့မဟုတ် တစ်စုံတစ်ရာကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ပြုလုပ်လျှင် သို့မဟုတ် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်နှစ်ဆယ့်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်မည်။

**အခန်း (၄)**
**မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ**

**ဖွဲ့စည်းခြင်း**

၁၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုစာရင်းစစ်ချုပ်၊

(၂) မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥက္ကဋ္ဌ၊

(၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊

(၄) မှတ်ပုံတင်အရာရှိ၊

(၅) ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊

(၆) ဥက္ကဋ္ဌ၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊

(၇) အခန်း (၅) အရ ဖွဲ့စည်းသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း၏ ဥက္ကဋ္ဌနှင့် ၎င်းမှ အမည်စာရင်းတင်သွင်းသည့်အသင်းဝင် ကိုယ်စားလှယ် (၅) ဦး၊

(၈) ပုဒ်မခွဲငယ် (၇) ပါ အသင်းမပေါ်ပေါက်မီ ကြားကာလအတွင်း မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ဥက္ကဋ္ဌနှင့် ၎င်းမှအမည်စာရင်းတင်သွင်းသည့်အသင်းဝင် ကိုယ်စားလှယ် (၅) ဦး။

(ခ) ကောင်စီသည် ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်သည့် လွတ်လပ်သော အဖွဲ့အစည်းဖြစ်သည်။

(ဂ) ကောင်စီသည် စဉ်ဆက်မပြတ်သော ဆက်ခံခွင့်၊ ယင်း၏ ကိုယ်ပိုင်တံဆိပ်ကိုသုံးစွဲခွင့်၊ တရားစွဲခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်ရှိသည်။

(ဃ) ကောင်စီသည် တစ်နှစ်လျှင်အနည်းဆုံး တစ်ကြိမ် ပုံမှန်အစည်းအဝေးကျင်းပပြုလုပ်ရမည်။ လိုအပ်ပါက အစည်းအဝေးခေါ်ယူကျင်းပနိုင်သည်။

(င) ကောင်စီဝင်များသည် ယင်းတို့အနက် တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ရမည်။ ကောင်စီဥက္ကဋ္ဌသည် သတ်မှတ်ထားသော အစည်းအဝေးများနှင့် လိုအပ်သည့်အစည်းအဝေးတို့ကို ခေါ်ယူခြင်း၊ အဖွဲ့ဝင်များအား အစည်းအဝေးများအတွက် သင့်လျော်သည့် အကြောင်းကြားစာပေးပို့ခြင်း၊ အစည်းအဝေးကျင်းပပါက သဘာပတိအဖြစ် ဆောင်ရွက်ခြင်းအပါအဝင် အထွေထွေကြီးကြပ်ပိုင်ခွင့်နှင့် ကောင်စီ၏ လုပ်ငန်းကိစ္စရပ်များကို လမ်းညွှန်ပိုင်ခွင့်ရှိသည်။

(စ) ဥက္ကဋ္ဌသည် ၎င်းထမ်းဆောင်ရမည့်တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်နိုင်ခြင်းမရှိလျှင် မည်သည့်အချိန်တွင်မဆို ၎င်း၏တာဝန်ဝတ္တရားများကို အခြားအဖွဲ့ဝင်တစ်ဦးဦးထံသို့ ယာယီ လွှဲအပ်နိုင်သည်။

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိစေရမည်။

**ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၆။ ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကောင်စီသည် ပုဒ်မ ၁၂ အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လျှောက်ထား လာသူကို သင့်လျော်သည်ဟုဆုံးဖြတ်လျှင် ထိုသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ ပုဒ်မ ၁၁ အရ ထားရှိသောမှတ်ပုံတင်စာရင်းတွင် ထည့်သွင်းမှတ်တမ်းတင်ခြင်း၊

(ခ) ပုဒ်မ ၁၃ အရ လျှောက်ထားလာပါက မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်နှင့်ပတ်သက်၍သင့်လျော်မည်ဟုယူဆသော စည်းကမ်း သို့မဟုတ် ကန့်သတ်ချက်များ သတ်မှတ်ခြင်း၊

(ဃ) လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် ကျင့်သုံးရမည့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ အစီအစဉ်များ၊ လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများ၊ လက်စွဲများနှင့် အရည်အသွေးထိန်းသိမ်းရေးအစီအစဉ်များကို သတ်မှတ်ခြင်း၊

(င) ဤဥပဒေအရ တာဝန်နှင့်ဝတ္တရားများကို ချိုးဖောက်ကြောင်း သို့မဟုတ် တာဝန်များဆောင်ရွက် ရာတွင် ပေါ့ဆစွာပြုမူကြောင်း သို့မဟုတ် ကျင့်ဝတ်မညီကြောင်း လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်သူ တစ်ဦးအပေါ် တိုင်ကြားချက်ကို ကြားနာဆုံးဖြတ်ခြင်း၊

(စ) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏လုပ်ငန်းဆောင်ရွက်မှုကြောင့် လျော်ကြေးတစ်စုံတစ်ရာ ပေးရန် တာဝန်ရှိလာပါက အောက်ပါ အာမခံစနစ်နှစ်ရပ်အနက် မည်သည့်စနစ်ဖြင့် အာမခံ ထားရှိမည်ကို ဆုံးဖြတ်ရန်နှင့် အနည်းဆုံးအာမခံတန်ဖိုးကို ဆုံးဖြတ်ခြင်း -

(၁) ကျွမ်းကျင်သူအနေဖြင့် ဆောင်ရွက်ချက်များအပေါ် လျော်ကြေးပေးရန်တာဝန်မှ ကင်းလွတ်ခွင့် အာမခံ၊

(၂) သမာဓိအာမခံ။

(ဆ) ကောင်စီသည် ဤဥပဒေပြဋ္ဌာန်းသည့်အချိန်မှစ၍ ယင်း၏ တာဝန်များကို အရည်အသွေးပြည့်မီစွာ ထမ်းဆောင်နိုင်သည်အထိ အသွင်ကူးပြောင်းရေးကာလအတွင်း ဖြစ်ပေါ်လာသည့် အခက်အခဲ များကို ဖြေရှင်းပေးခြင်း၊

(ဇ) နည်းဥပဒေနှင့်အညီ သတ်မှတ်သော အောက်ပါတာဝန်များကို ထမ်းဆောင်ခြင်း -

(၁) အခြားဆက်စပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းနှင့်

(၂) ကောင်စီ၏လုပ်ငန်းတာဝန်များကို အစဉ်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ပိုင်ခွင့်များအပ်နှင်းခြင်း။

**ကော်မတီများဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်း**

၁၇။ (က) ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်ပါက လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးကော်မတီနှင့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့ကိုလည်းကောင်း၊ အကြံပေး သို့မဟုတ် အမှုဆောင်ကော်မတီများကိုလည်းကောင်း ဖွဲ့စည်းနိုင်သည်။

(ခ) ကောင်စီသည် ဤအပိုင်းတွင် ဖော်ပြထားသည့် တာဝန်များ၊ လုပ်ပိုင်ခွင့်များ သို့မဟုတ် လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကော်မတီ သို့မဟုတ် အသင်းအဖွဲ့ထံသို့ လွှဲအပ်နိုင်သည်။

**လူမွဲခံယူခြင်းဆိုင်ရာ နိုင်ငံခြားသားကျွမ်းကျင်သူများ**

၁၈။ (က) ကောင်စီသည် ၎င်း၏ဆင်ခြင်တုံတရားဖြင့် အခြားနိုင်ငံတစ်ခု၏ စီရင်ပိုင်ခွင့်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် ဆောင်ရွက်ခွင့်ရှိသော သို့မဟုတ် မှတ်ပုံတင်ထားသော လူမွဲခံယူခြင်းဆိုင်ရာ နိုင်ငံခြားသားကျွမ်းကျင်သူတစ်ဦးကို အပိုင်း (၁၀) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ မြန်မာနိုင်ငံရှိ နိုင်ငံခြားလူမွဲမှုခင်းတွင် လိုက်ပါဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ ခွင့်ပြုနိုင်ရန်အတွက် စဉ်းစားဆုံးဖြတ်ရာတွင် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် လူမွဲခံယူခြင်းဆိုင်ရာ နိုင်ငံခြားသားကျွမ်းကျင်သူတွင် အနည်းဆုံးရှိရမည့် အရည်အချင်းများကိုလည်း သတ်မှတ်နိုင်သည်။

## အခန်း (၅)

## လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း

**အသင်းအား အသိအမှတ်ပြုခြင်း**

၁၉။ (က) မှတ်ပုံတင်ထားသူများသည် အသင်းဖွဲ့စည်းလိုပါက မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက ကောင်စီသည် အဆိုပါ အသင်းအနေဖြင့်၎င်း၏ လုပ်ငန်းတာဝန်တို့ကို ဆောင်ရွက်နိုင်ရန်သင့်လျော်သည်ဟုယူဆလျှင် အသိအမှတ်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) ပါ အသင်းမပေါ်ပေါက်မီကြားကာလအတွင်း ၎င်း၏တာဝန်ဝတ္တရားများကို ကောင်စီသည် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းအား ထိုတာဝန်များကို ယာယီထမ်းဆောင်စေနိုင်သည်။

**အသင်း၏ ရည်ရွယ်ချက်များ**

၂၀။ ဤဥပဒေ၏ပုဒ်မ ၁၉ အရ ဖွဲ့စည်းထားသော အသင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အတွင်း လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ပြုစုပျိုးထောင်ရန်နှင့် လုပ်ထုံးလုပ်နည်း တိုးတက်ကောင်းမွန်လာစေရန်၊

(ခ) လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအကြား လုပ်ငန်းပိုင်းဆိုင်ရာနှင့် အပြုအမူပိုင်းဆိုင်ရာ ကျင့်ဝတ်များ လိုက်နာမှုအားကောင်းလာစေရန်၊

(ဂ) မြီရှင်များနှင့်မြီစားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ဝန်ဆောင်မှုများကို မြှင့်တင်ရန်၊

(ဃ) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကို ဥပဒေနှင့်အညီ ကြီးကြပ်နိုင်ရေးအတွက် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီက ထုတ်ပြန်သည့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီသည် ၎င်း၏လုပ်ငန်းတာဝန်များကို အသင်းသို့ လွှဲပြောင်းပေးအပ်ပါက အသင်းသည် ကောင်စီသို့ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ရန်၊

(ဆ) နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ သက်ဆိုင်သည့်ကိစ္စရပ်များတွင် ကောင်စီသို့ အကြံပြုရန်။

**အသင်းဝင်ဖြစ်မှု**

၂၁။ (က) မည်သူမဆို လက်ရှိအသင်းဝင်မဟုတ်ပါက လုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်ကို ကိုင်ဆောင်ခွင့်မရှိသည့်အပြင် ပုဒ်မ ၁၂ အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ခွင့်မရှိစေရ။

(ခ) အသင်းသည် အသင်းဝင်အဖြစ် ပါဝင်မည့်သူများနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ပြုလုပ်ရမည်။ အဆိုပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် စံချိန်စံနှုန်းများနှင့် လိုအပ်ချက်များ၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးရန်နှင့်ကျွမ်းကျင်သူအဖြစ် လိုက်နာရမည့် ကျင့်ဝတ်ပိုင်းအရ သတ်မှတ်ချက်များကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းရမည်။

(ဂ) မည်သည့်အသင်းဝင်မဆို ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) ကို မလိုက်နာပါက ထိုသူအား အသင်းဝင်အဖြစ် လက်ခံခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းကို ခွင့်မပြုရ။ အသင်းဥက္ကဋ္ဌသည် မည်သည့်အချိန်၌မဆို အသင်းဝင်တစ်ဦးဦးသည် ယင်းသို့ လိုက်နာကြောင်း အထောက်အထားတင်ပြဆင့်ဆိုနိုင်ပြီး ထိုသို့ တင်ပြရန်ပျက်ကွက်ပါက ၎င်း၏အသင်းဝင်ဖြစ်မှုကို ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

(ဃ) အသင်းသည် လျှောက်ထားသူနှင့်ပတ်သက်၍ ကောင်စီသို့ အောက်ပါအခြေအနေ တစ်ရပ်ရပ်ကို မပျက်မကွက် အစီရင်ခံတင်ပြရမည် -

(၁) အသင်းဝင်အဖြစ် ခွင့်ပြုထားပြီးဖြစ်ကြောင်း သို့မဟုတ်

(၂) အသင်းဝင်အဖြစ်မှ နုတ်ထွက်ပြီးကြောင်း သို့မဟုတ် လစ်လပ်ပြီးဖြစ်ကြောင်း သို့မဟုတ်

(၃) အသင်းဝင်ဖြစ်ခြင်းမှ သက်တမ်းကုန်ဆုံးပြီး သို့မဟုတ် ပယ်ဖျက်ပြီး သို့မဟုတ် ရုပ်သိမ်းပြီး ဖြစ်ကြောင်း။

(င) မည်သူမဆို -

(၁) အသင်းဝင်အဖြစ် လျှောက်ထားမှုကို ငြင်းပယ်ခြင်းခံရလျှင် သို့မဟုတ်

(၂) အသင်းဝင်သက်တမ်းကုန်ဆုံးသွားလျှင် သို့မဟုတ် ၎င်း၏ဆန္ဒမပါဘဲ ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် အသင်း၏ဆုံးဖြတ်ချက်ကို ပြင်ဆင်ပယ်ဖျက်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

## အခန်း (၆)

## နစ်နာမှုနှင့် စုံစမ်းစစ်ဆေးခြင်း

**လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြောင့်ဖြစ်သော နစ်နာမှုများ**

၂၂။ (က) မည်သူမဆို လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူတစ်ဦး၏ အလွဲပြုမှုဆောင်ရွက်မှုကြောင့်ဖြစ်စေ၊ ကျင့်ဝတ်နှင့်မညီသော ဆောင်ရွက်မှုကြောင့်ဖြစ်စေ ထိခိုက်နစ်နာခဲ့လျှင် ကောင်စီက သတ်မှတ်ထားသည့် အချိန်အတွင်း၊ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တိုင်တန်းလျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တိုင်တန်းမှုတွင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူက ဆန့်ကျင်ဆောင်ရွက်ခဲ့သည်ဆိုသော စွပ်စွဲချက်နှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များ သို့မဟုတ် ၎င်းက ချိုးဖောက်ခဲ့သည်ဆိုသော စွပ်စွဲချက်နှင့်သက်ဆိုင်သည့် စံနှုန်းများ၊ အမိန့်များ လုပ်ငန်းဆိုင်ရာကျင့်ဝတ်များကို အသေးစိတ်ဖော်ပြနိုင်သည်။သို့ရာတွင် ထိုသို့ ဖော်ပြထားမှုမရှိခြင်းကို အကြောင်းပြု၍ တိုင်တန်းမှုအား ပယ်ချခြင်းမပြုရ။

(ဂ) အသင်းသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်တိုင်တန်းမှုကို လက်ခံရရှိလျှင် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ ချက်ချင်းလွှဲပြောင်းပေးပို့ရမည်။

**တိုင်တန်းမှုများကို အသင်းအား စုံစမ်းစစ်ဆေးစေခြင်း**

၂၃။ (က) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပုဒ်မ ၂၂ အရ တိုင်တန်းမှုကို လက်ခံရရှိသည့်အခါ တိုင်တန်းခံရသူအပေါ် စုံစမ်းစစ်ဆေးရန် အသင်းကို ညွှန်ကြားနိုင်သည်။

(ခ) အသင်းသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးမှုကို ကောင်စီက သတ်မှတ်ထားသည့်အချိန်အတွင်း သတ်မှတ်ထားသည့်ပုံစံအတိုင်း ဆောင်ရွက်ရမည်။

(ဂ) စုံစမ်းစစ်ဆေးမှုဆောင်ရွက်စဉ်အတွင်း အသင်းသည် သက်ဆိုင်ရာစာရွက်စာတမ်း၊ မှတ်တမ်း သို့မဟုတ် အချက်အလက်များကို လက်ဝယ်ရှိသူတစ်ဦးဦးထံမှ ယင်းတို့ကို တောင်းခံနိုင်ပြီး ထိုသူမှလည်း ပေးအပ်ရမည်။

(ဃ) အသင်းသည် ဤပုဒ်မအရ ရရှိသည့် စာရွက်စာတမ်း၊ မှတ်တမ်း သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်ကို အသင်း၏ ထိန်းသိမ်းမှုအောက်တွင်ထားရှိရန် လိုအပ်သည်ဟု ထင်မြင်ယူဆသည့် အချိန်အထိ ထိန်းသိမ်းထားရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှု သို့မဟုတ် ကြားနာမှုပြီးဆုံးပါက အပ်နှံသူထံ ပြန်လည်ပေးအပ်ရမည်။

(င) ပုဒ်မ ၂၂ အရ တိုင်တန်းခံရသူသည် ဥပဒေ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်း၏ ပြဋ္ဌာန်းချက်တစ်ခုခုကို ချိုးဖောက်ခဲ့ကြောင်း သို့မဟုတ် ကောင်စီက ထုတ်ပြန်ထားသည့် သတ်မှတ်စံချိန်စံနှုန်း သို့မဟုတ် လမ်းညွှန်ချက်တစ်ခုခုကို ဖောက်ဖျက်ခဲ့ကြောင်း သို့မဟုတ် အသင်းကထုတ်ပြန်ထားသည့် စည်းကမ်း သို့မဟုတ် ကျင့်ဝတ်ကိုချိုးဖောက်ကြောင်း ယုံကြည်ရန် သင့်လျော်သည့်အကြောင်း ရှိသည် မရှိသည် စသည့် သုံးသပ်ချက်များပါဝင်သည့် အစီရင်ခံစာကို အသင်းသည် ကော်မတီသို့ တင်ပြရမည်။

**အသင်း၏အစီရင်ခံစာအရ စည်းကမ်းထိန်းသိမ်းရေးကော်မတီက အရေးယူဆောင်ရွက်ခြင်း**

၂၄။ (က) ဤအခန်းအရ တိုင်ကြားစာနှင့် ယင်းတိုင်ကြားစာအပေါ် အသင်းကတင်ပြသည့်အစီရင်ခံစာကို စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဆုံးဖြတ်ရမည်။

(ခ) ကောင်စီ သို့မဟုတ် ယင်း၏ လွှဲအပ်ထားသည့် အခွင့်အာဏာအရ ဆောင်ရွက်နေသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) အသင်းသို့ ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားခြင်းအပါအဝင် ဆက်လက်စုံစမ်းမှုများ ဆောင်ရွက်နိုင်သည်၊ ထို့အပြင်

(၂) တိုင်တန်းခံရသူထံ အကြောင်းပြထုချေရန် အကြောင်းကြားစာပေးပို့နိုင်သည်။

(ဂ) စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် တိုင်တန်းခံသူအပေါ် စွပ်စွဲချက်များအား ဖြေရှင်းရန် ကျိုးကြောင်းဆီလျော်သော အခွင့်အရေးကိုပေးပြီးနောက် လုံလောက်သည့်အကြောင်းရင်း ရှိသည်ဟု ကျေနပ်လျှင် -

(၁) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ မှတ်ပုံတင်လက်မှတ်အပေါ် စည်းကမ်းများ သို့မဟုတ် ကန့်သတ်ချက်များ သတ်မှတ်နိုင်ပြီး ယင်းတို့ကို လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိရန် မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်။

(၂) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်နိုင်ပြီး မှတ်ပုံတင်စာရင်းမှ ၎င်း၏အမည်ကို ဖယ်ရှားရန် မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်။

(၃) အောက်ပါကိစ္စရပ်များဖြစ်ပေါ်လာလျှင် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ သို့မဟုတ် ယင်းက လွှဲအပ်ထားသည့် အခွင့်အာဏာအရ ဆောင်ရွက်နေသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ပြီး တရားရုံးသည် အောက်ပါအတိုင်း အမိန့်ချမှတ်နိုင်သည် -

(ကက) ဥပဒေ သို့မဟုတ် နည်းဥပဒေကို ဆန့်ကျင်သောကိစ္စရပ်ဖြစ်လျှင် ထိုလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကို ငွေဒဏ်ချမှတ်စေရန်၊

(ခခ) ဥပဒေ သို့မဟုတ် နည်းဥပဒေကို ချိုးဖောက်ပြီး ပြုလုပ်သည့်ဆောင်ရွက်မှုတစ်ခုကြောင့် ဥပဒေနှင့်မညီသော ရယူမှုရှိခဲ့သည့် သို့မဟုတ် ဆုံးရှုံးမှုကို လွှဲရှောင်ခဲ့သည့်သူ တစ်ဦးအား ထိုဥပဒေနှင့်မညီသော ရယူမှု သို့မဟုတ် လွှဲရှောင်ခဲ့သည့် ဆုံးရှုံးမှုပမာဏအတိုင်း ပြန်လည်ပေးဆောင်စေရန်၊

(ဂဂ) ထိုဖောက်ဖျက်မှုကြောင့် ဆုံးရှုံးမှုခံစားရသူကို ထိုသို့ပေးဆောင်သည့် ငွေပမာဏမှ လျော်ကြေးပေးစေရန်။

**တရားရုံးသည် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများနှင့်ပတ်သက်၍ အမိန့်များချမှတ်နိုင်ခြင်း**

၂၅။ (က) ဤဥပဒေအရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများက ၎င်းတို့၏ တာဝန်နှင့်ဝတ္တရားများကို ဆောင်ရွက်ခြင်း၊ ဥပဒေအရ ရရှိသော လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးခြင်းနှင့်ပတ်သက်၍ ကြီးကြပ်ရန်အတွက် တရားရုံးသည် လိုအပ်သောအမိန့်များကို ချမှတ်နိုင်သည်။

(ခ) မိမိ၏ကိုယ်ပိုင်ဆင်ခြင်တုံတရားအရဖြစ်စေ၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ လျှောက်ထားချက်အရဖြစ်စေ မိမိရှေ့သို့ ရောက်ရှိလာသောအမှုများတွင် တရားရုံးသည် ပုဒ်မခွဲ (က) ပါ အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အား မဆန့်ကျင်စေဘဲ တရားရုံးသည် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ၏ ကြီးကြပ်ရန် တာဝန်နှင့်ဝတ္တရားတို့ကို အထောက်အကူဖြစ်စေရန်အလို့ငှာ အမိန့်ချမှတ်နိုင်သည် သို့မဟုတ် လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) မည်သည့်အချိန်တွင်မဆို တရားရုံးသည် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူတစ်ဦးအား ဤဥပဒေအရ ၎င်းမှကိုင်တွယ်ဆောင်ရွက်ရန် ခန့်အပ်ခဲ့သော လူမွဲခံယူခြင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍လည်းကောင်း သို့မဟုတ် အခြားသူအား ကျမ်းကျိန်ဆိုစေလျက် စစ်မေးနိုင်သည့်အပြင် ထိုလူမွဲခံယူခြင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ ငွေစာရင်းစာအုပ်များကို စစ်ဆေးနိုင်သည်။

(င) မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ လျှောက်ထားချက်အရ တရားရုံးသည် ပုဒ်မ ၂၄ (ဂ) တွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည်။

**စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ဆုံးဖြတ်ချက်ကို နစ်နာသူက ကောင်စီသို့ လျှောက်ထားခြင်း**

၂၆။ (က) ပုဒ်မ ၂၂ အရ လက်ခံရရှိသည့် တိုင်ကြားမှုနှင့်ပတ်သက်၍ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ နစ်နာသူသည် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားခွင့်ရှိသည်။

(ခ) ဤပုဒ်မအရ ကောင်စီသို့ လျှောက်ထားရာတွင် ကော်မတီက ထိုကိစ္စရပ်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် နစ်နာသူထံ အကြောင်းကြားပြီးသည့်နေ့မှစ၍ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

(ဂ) ဤပုဒ်မအရ လျှောက်ထားမှုကို လက်ခံကြားနာနေဆဲအချိန်တွင် ကောင်စီသည် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဂ) အရ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အရေးယူဆောင်ရွက်ခဲ့မှုတစ်ရပ်ရပ်ကို ဆိုင်းငံ့ရန် အမိန့်ချမှတ်နိုင်သည့်အပြင် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဂ) ၏ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) အရ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပေးပို့သော အကြောင်းကြားစာ သို့မဟုတ် ညွှန်ကြားချက်အား ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် မှတ်ပုံတင်အရာရှိအပေါ် တားမြစ်မိန့် ထုတ်ဆင့်နိုင်သည်။

(ဃ) ကောင်စီသည်-

(၁) စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(၂) ယင်းကိစ္စကို ထပ်မံစုံစမ်းရန် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ ပြန်လည်ပေးပို့နိုင်သည်။

(င) ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အပိုင်း (၄)
## ပစ္စည်းထိန်းခြင်း

## အခန်း(၁)
## အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

**ပစ္စည်းထိန်း၏ အဓိပ္ပာယ်**

၂၇။ (က) ကုမ္ပဏီပိုင်ပစ္စည်းများ၏ ပစ္စည်းထိန်းဆိုရာတွင် အောက်ပါပုဂ္ဂိုလ်တို့ပါဝင်သည် -

(၁) ထိုပစ္စည်း၏ ပစ္စည်းထိန်းနှင့် မန်နေဂျာ၊

(၂) ထိုပစ္စည်း၏ တစ်စိတ်တစ်ပိုင်းအပေါ် ခန့်ထားသည့် ပစ္စည်းထိန်း သို့မဟုတ် မန်နေဂျာ သို့မဟုတ်

(၃) ထိုပစ္စည်း၏ တစ်စိတ်တစ်ပိုင်းအပေါ် ခန့်ထားသည့် ပစ္စည်းထိန်း၊ ထို့ပြင်

(၄) ထိုပစ္စည်း သို့မဟုတ် ထိုပစ္စည်း၏တစ်စိတ်တစ်ပိုင်းမှ ပေါ်ထွက်လာသောဝင်ငွေနှင့် စပ်လျဉ်းသည့် ပစ္စည်းထိန်း။

**ပစ္စည်းထိန်းခန့်ထားနိုင်ခြင်း**

၂၈။ ကုမ္ပဏီပိုင်ပစ္စည်းအတွက် အဖွဲ့အစည်းမဟုတ်သည့် လူပုဂ္ဂိုလ်ကိုသာလျှင် ပစ္စည်းထိန်းအဖြစ် ခန့်ထားနိုင်သည်။

## အခန်း (၂)
## တရားရုံးပြင်ပတွင် ပစ္စည်းထိန်းခန့်အပ်ခြင်း

**ပစ္စည်းထိန်းကို စတင်ခန့်အပ်နိုင်သည့်အချိန်**

၂၉။ (က) ပုဒ်မခွဲ (ခ) တွင် ပြဋ္ဌာန်းထားသည့်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ခွင့်ပြုထားသည့် အခြေအနေများ သို့မဟုတ် ပုဒ်မခွဲ (ဂ) တွင် ပြဋ္ဌာန်းထားသည့် ခွင့်ပြုသောအချိန် ကာလများအတွင်း ပစ္စည်းထိန်းကိုခန့်အပ်နိုင်ပြီး အခြားသောအခြေအနေတွင် အာမခံ အကျိုးခံစားခွင့်ရ မြီရှင်တစ်ဦးအနေဖြင့် ပစ္စည်းထိန်းခန့်ထားပိုင်ခွင့် မရှိစေရ။

(ခ) ခွင့်ပြုထားသော အခြေအနေများဆိုရာတွင် အောက်ပါတို့ကို ဆိုသည်-

(၁) ပစ္စည်းထိန်းခန့်အပ်မည့် ပစ္စည်းသည် ဤဥပဒေကို ပြဋ္ဌာန်းခြင်းမပြုမီကပင် အာမခံထားရှိခဲ့ပြီး ဖြစ်လျှင်၊

(၂) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ကုမ္ပဏီပိုင်ပစ္စည်းအားလုံး သို့မဟုတ် ပိုင်ဆိုင်မှုအများစုအပေါ် အာမခံရရှိထားခြင်းမရှိသည့်ကိစ္စဖြစ်သည့်အပြင် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များအရ ပစ္စည်းထိန်းတစ်ဦးအား ခန့်အပ်ခြင်းကို အခြားနည်းဖြင့် တားမြစ်ပိတ်ပင်ထားခြင်းမရှိလျှင်၊

(၃) ထူးခြားသော အခြေအနေများရှိကြောင်းကို တရားရုံးက ယုံကြည်၍-

(ကက) တရားရုံးကပစ္စည်းထိန်းတစ်ဦးအား ကိုယ်တိုင်ခန့်အပ်ခဲ့လျှင် သို့မဟုတ်

(ခခ) ပစ္စည်းထိန်းတစ်ဦးအား ခန့်အပ်ရန် အာမခံအကျိုးခံစားခွင့်ရ မြီရှင်အား ခွင့်ပြုမိန့်ချမှတ်ပေးခဲ့လျှင် သို့မဟုတ်

(၄) နည်းဥပဒေများအရ အခြားတစ်နည်းနည်းဖြင့် ခွင့်ပြုထားခဲ့လျှင်။

(ဂ) ခွင့်ပြုထားသော အချိန်ကာလဆိုရာတွင် အောက်ပါတို့ကို ဆိုသည် -

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် အပိုင်း (၅) အရဖြစ်စေ၊ အပိုင်း (၆) အရဖြစ်စေ၊ ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို လိုက်နာရန်တာဝန်မရှိသည့်အပြင် ၎င်းက ပစ္စည်းထိန်းတစ်ဦးကို ခန့်ထားပါက ယင်းအစီအစဉ်ကို ဆန့်ကျင်စေခြင်းမရှိလျှင် ကုမ္ပဏီက အပိုင်း (၅) အရဖြစ်စေ၊ အပိုင်း (၆) အရဖြစ်စေ ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အချိန်ကာလ သို့မဟုတ်

(၂) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ် အချိန်ကာလ။

**ပစ္စည်းထိန်း၏ လုပ်ပိုင်ခွင့်များ**

၃၀။ (က) အာမခံတစ်ရပ်အတွက် ခန့်ထားသည့် ကုမ္ပဏီ၏ ပစ္စည်းထိန်းသည် ထိုအာမခံတွင် အခြားနည်းဆန့်ကျင်ကွဲလွဲသော သဘောတူညီချက်မရှိလျှင် အောက်ပါအခွင့်အာဏာများ ရရှိသည် -

(၁) ကုမ္ပဏီပိုင်ပစ္စည်းများကို လက်ရောက်ရယူခြင်း၊ ကောက်ခံရယူခြင်းနှင့် ထိုသို့ပြုလုပ်ရန် အလို့ငှာ လိုအပ်သောဆောင်ရွက်ချက်များကို ပြုလုပ်ခြင်း၊

(၂) ကုမ္ပဏီပိုင်ပစ္စည်းများကို လေလံစနစ်ဖြင့်ဖြစ်စေ၊ စာချုပ်ချုပ်ဆို၍ဖြစ်စေ ရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်း၊

(၃) ကုမ္ပဏီပိုင်ပစ္စည်းများကို အာမခံအဖြစ်ထားရှိ၍ ငွေကြေးရရှိအောင် ဆောင်ရွက်ခြင်း သို့မဟုတ် ချေးယူခြင်း၊

(၄) ၎င်း၏တာဝန်များကို ဆောင်ရွက်ရာ၌ အထောက်အကူရရှိစေရန်အလို့ငှာ ဥပဒေအကြံပေး သို့မဟုတ် ငွေစာရင်းကိုင် သို့မဟုတ် အခြားအသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတို့ကို ခန့်အပ်ခြင်း၊

(၅) ကုမ္ပဏီအမည်နှင့်ဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ တရားစွဲဆိုခြင်း၊ တရားစွဲဆိုခံပိုင်ခွင့်ရှိခြင်းနှင့် ခုခံချေပခြင်း၊

(၆) ကုမ္ပဏီကို ထိခိုက်မှုဖြစ်စေသော အငြင်းပွားမှုများကို အနုညာတနည်းဖြင့် ဖြေရှင်းစေခြင်း၊

(၇) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို ထိန်းသိမ်းရာတွင် အာမခံထားရှိခြင်း၊

(၈) ကုမ္ပဏီ၏တံဆိပ်တုံးကို အသုံးပြုခြင်း၊

(၉) စာချုပ်စာတမ်းများ၊ ပြေစာများနှင့် အခြားစာရွက်စာတမ်းများအား ရေးသားချုပ်ဆိုဆောင်ရွက်ရာတွင် ကုမ္ပဏီအမည်နှင့်ဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(၁၀) ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းမရှိသော သို့မဟုတ် အေးဂျင့်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ပိုမိုအဆင်ပြေသော လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ရန် အေးဂျင့်တစ်ဦးအား ခန့်ထားပိုင်ခွင့်ရှိခြင်းနှင့် ဝန်ထမ်းများကိုခန့်အပ်ခွင့်၊ ထုတ်ပယ်ခွင့်ရှိခြင်း၊

(၁၁) ကုမ္ပဏီပိုင်ပစ္စည်းများကို ထုခွဲရောင်းချရန်အတွက် လိုအပ်သလို ဆောင်ရွက်ခွင့်ရှိခြင်း၊

(၁၂) ၎င်း၏တာဝန်များကို ထမ်းဆောင်ရာတွင် လိုအပ်သော ငွေပေးချေမှုများ ပြုလုပ်နိုင်ခြင်း၊

(၁၃) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခြင်း၊

(၁၄) လက်အောက်ခံကုမ္ပဏီများကို ဖွဲ့စည်းတည်ထောင်ခြင်း၊

(၁၅) ကုမ္ပဏီပိုင်ပစ္စည်းနှင့် စီးပွားရေးလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လက်အောက်ခံကုမ္ပဏီများသို့ လွှဲပြောင်းပေးခြင်း၊

(၁၆) ကုမ္ပဏီပိုင်ပစ္စည်းတစ်ရပ်ရပ်နှင့်ပတ်သက်၍ အငှားချထားမှုကို လက်ခံခွင့်ပြုနိုင်ခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း၊ ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းအတွက် လိုအပ်သော သို့မဟုတ် အထောက်အကူဖြစ်စေသော ပစ္စည်းတစ်ရပ်ရပ်ကို ငှားရမ်းခြင်း၊

(၁၇) ကုမ္ပဏီကိုယ်စား ညှိနှိုင်းဖြေရှင်းပေးရန် ဆောင်ရွက်ခြင်း၊

(၁၈) တောင်းခေါ်ခြင်းမပြုရသေးသော ကုမ္ပဏီ၏မတည်ငွေရင်းကို တောင်းခံခြင်း၊

(၁၉) ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန် တင်ရှိနေခြင်းနှင့်စပ်လျဉ်း၍ လူမွဲခံယူမှု၊ ကြွေးမြီမပေးဆပ်နိုင်မှု၊ ကြွေးမြီပြန်လည်မပေးဆပ်မီ ၎င်း၏ပစ္စည်းများကို သိမ်းယူထားမှု သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းမှုတစ်ရပ်ရပ်တွင် ကြွေးမြီများအား ဦးစားပေးအဆင့်အတန်း သတ်မှတ်၍ တောင်းဆိုခြင်း၊ အမြတ်ငွေများကို လက်ခံခြင်းနှင့် ယင်း၏မြီရှင်များအတွက် ယုံမှတ်အပ်နှံခြင်းစာချုပ်များကို သဘောတူလက်ခံခြင်း၊

(၂၀) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားခြင်း သို့မဟုတ် ခုခံချေပခြင်း၊

(၂၁) ကုမ္ပဏီမှတ်ပုံတင်ထားသော ရုံးခန်းတည်နေရာကို ပြောင်းလဲခြင်း၊

(၂၂) အထက်ဖော်ပြပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သည့် နောက်ဆက်တွဲများကို ဆောင်ရွက်ခြင်း။

(ခ) လူပုဂ္ဂိုလ်တစ်ဦးသည် ရိုးဖြောင့်သောသဘောနှင့် တန်ရာတန်ကြေးပေး၍ ပစ္စည်းထိန်းနှင့် အရောင်းအဝယ်ပြုခဲ့ခြင်းဖြစ်ပါက ထိုပစ္စည်းထိန်းသည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာဘောင်အတွင်း ဆောင်ရွက်ခြင်း ဟုတ် မဟုတ်ကို စုံစမ်းမေးမြန်းရန် တာဝန်မရှိစေရ။

**ပစ္စည်းထိန်း၏ တာဝန်ရှိမှု**

၃၁။ (က) ကုမ္ပဏီ၏လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ အခြေအနေများ၌ ပစ္စည်းထိန်းတစ်ဦးသည် ပုဂ္ဂိုလ်ရေးအရ တာဝန်များရှိစေရမည်။

(ခ) အာမခံအကျိုးခံစားခွင့်တစ်ရပ်အား အတည်ပြုဆောင်ရွက်ရန်အလို့ငှာ ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ရယူခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုလုပ်သည့် ပစ္စည်းထိန်းသည် ကုမ္ပဏီ၏အေးဂျင့်အဖြစ် ဆောင်ရွက်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ထိုပစ္စည်းထိန်းအဖြစ် ဆောင်ရွက်ရာ၌ အသုံးပြုခဲ့သောဝန်ဆောင်မှုများ၊ ဝယ်ယူခဲ့သော ကုန်စည်များ သို့မဟုတ် ငှားရမ်းခဲ့သောပစ္စည်းများ၊ လက်ဝယ်ရယူထားသော သို့မဟုတ် သုံးစွဲနေသော သို့မဟုတ် အငှားယူထားသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ ငှားရမ်းထားသည့် ပစ္စည်းများအတွက် ကျခံပေးချေခဲ့သော ကြွေးမြီများနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိသည်။

(ဂ) အကယ်၍ ပစ္စည်းထိန်းသည် ၎င်းတာဝန်ယူနေသောကာလအတွင်း ပစ္စည်းအား ကုမ္ပဏီမှ ဆက်လက်အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းအတွက် စာချုပ်အရပေးရန်ရှိသော ငှားရမ်းခ သို့မဟုတ် အခြားပေးဆောင်ရန်ရှိသော အခကြေးငွေတို့အတွက် အောက်ပါကိစ္စများ၌ တာဝန်ရှိစေရမည် -

(၁) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းမပြုမီ အခြားသူတစ်စုံတစ်ဦးက ပိုင်ဆိုင်သော သို့မဟုတ် အငှားယူထားသော ပစ္စည်းတစ်ရပ်ကို ထိုသူနှင့်ချုပ်ဆိုသော ပဋိညာဉ်တစ်ရပ်အရ ကုမ္ပဏီက သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူခြင်း ပြုလုပ်ထားသည့် ကိစ္စ၊ ထို့ပြင်

(၂) ပစ္စည်းထိန်းခန့်အပ်ပြီးနောက် ကုမ္ပဏီသည် ထိုပစ္စည်းကို ဆက်လက်သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းပြုသည့်ကိစ္စ။

(ဃ) ပစ္စည်းထိန်းသည် ၎င်းအားခန့်ထားပြီးနောက် အလုပ်လုပ်ကိုင်ရက် ၇ ရက်အတွင်း ပစ္စည်းနှင့် စပ်လျဉ်း၍ ယင်း၏ အခွင့်အရေးများကို ကျင့်သုံးတော့မည်မဟုတ်ကြောင်း၊ ထိုပစ္စည်း၏ ပိုင်ရှင်ဖြစ်သူ သို့မဟုတ် အငှားချထားသူထံသို့ အကြောင်းကြားစာကို ပေးပို့ခဲ့သည့်အပြင် ထိုသို့ အကြောင်းကြားစာ ပေးပို့ပြီးနောက်တွင်လည်း ၎င်းသည် အမှန်တကယ်ပင် ထိုပစ္စည်းနှင့် ပတ်သက်၍ အခွင့်အရေးများကို ကျင့်သုံးခြင်းမပြုလျှင် အထက်ပါ ပုဒ်မခွဲ (ဂ) အရ တင်ရှိသော တာဝန်မှ ကင်းလွတ်ခွင့်ရစေရမည်။

**ပစ္စည်းရောင်းချရာတွင် ဂရုပြုရန်တာဝန်**

၃၂။ ပစ္စည်းထိန်းသည် ကုမ္ပဏီပိုင်ပစ္စည်းကို ရောင်းချရာတွင် ထိုက်သင့်သော သတိဝီရိယဖြင့် ဆောင်ရွက်ရမည်။

**ပစ္စည်းထိန်းရာထူးလစ်လပ်ခြင်း**

၃၃။ (က) တရားရုံးသည် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းထိန်းအား ရာထူးမှဖယ်ရှားနိုင်သည်။ ထို့အတူ ပစ္စည်းထိန်းအနေဖြင့်လည်း နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အကြောင်းကြားစာပေး၍ ရာထူးမှနုတ်ထွက်နိုင်သည်။

(ခ) ပစ္စည်းထိန်းသည် ကုမ္ပဏီနှင့်ပတ်သက်၍ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိမှု ရပ်စဲသွားချိန်တွင် ရာထူးမှနုတ်ထွက်ရမည်။

(ဂ) မည်သည့်အချိန်တွင်မဆို ပစ္စည်းထိန်းသည် ရာထူးမှဖယ်ရှားခံရလျှင် သို့မဟုတ် နုတ်ထွက်ပေးရလျှင် ထိုအချိန်ကာလရှိ ၎င်းက ထိန်းသိမ်းကြီးကြပ်ထားသော ကုမ္ပဏီပိုင်ပစ္စည်းများအနက်မှ ထုတ်ယူခွင့်ရှိပြီး ၎င်းအား ခန့်အပ်ခဲ့သည့် မြီရှင်ကိုယ်တိုင် သို့မဟုတ် မြီရှင်ကိုယ်စား ကိုင်ဆောင်ထားသော အာမခံကြွေးမြီတစ်ရပ်ရပ်ထက် အောက်ပါတို့ကို ဦးစားပေး၍ ပေးချေရမည် -

(၁) ၎င်းမှ သင့်တင့်လျောက်ပတ်စွာ ကျခံပေးချေခဲ့သော စရိတ်စကများနှင့် ၎င်း၏အခကြေးငွေများနှင့်

(၂) ကုမ္ပဏီပိုင်ပစ္စည်းများအနက်မှ ၎င်းက ရရန်ရှိသောနစ်နာဆုံးရှုံးမှုအတွက် အာမခံလျော်ကြေးတစ်ရပ်ရပ်။

(ဃ) သေဆုံးခြင်းမှတစ်ပါး ရာထူးနေရာလစ်လပ်လျှင် သို့မဟုတ် ရာထူးမှထုတ်ပယ်ခြင်းခံရလျှင် ပစ္စည်းထိန်းသည် မှတ်ပုံတင်အရာရှိထံ ၁၄ ရက်အတွင်း အကြောင်းကြားစာပေးပို့ရမည်။

(င) ပစ္စည်းထိန်းသည် ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်အား လုံလောက်သောအကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

## အခန်း (၃)

## အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ

**ပစ္စည်းထိန်းကအကြောင်းကြားရန်တာဝန်**

၃၄။ (က) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) မိမိအား ပစ္စည်းထိန်းအဖြစ် ခန့်အပ်ကြောင်း သက်ဆိုင်ရာကုမ္ပဏီသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာပေးပို့ခြင်းနှင့် နည်းဥပဒေတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အများသိစေရန် ကြေညာခြင်း၊

(၂) မိမိအား ပစ္စည်းထိန်းအဖြစ် ခန့်အပ်မှုကို မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားသည့်စာ ပေးပို့ခြင်း၊

(၃) မိမိအား ပစ္စည်းထိန်းအဖြစ် ၂၈ ရက်အတွင်း ၎င်းက လိပ်စာသိရှိသမျှ ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားစာ ပေးပို့ခြင်း။

( ခ ) ပစ္စည်းထိန်းသည် လုံလောက်သောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

## ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်

၃၅။ (က) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရပြီးသည်နှင့်တစ်ပြိုင်နက် ထိုပစ္စည်းထိန်းသည် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များထံသို့ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်ကို ရေးသားပြုစု၍ တင်ပြရန် အကြောင်းကြားစာ ပေးပို့တောင်းခံနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို နည်းဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ရမည်-

(၁) အကြောင်းကြားစာပုံစံ၊

(၂) ဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၏ အချက်အလက်များနှင့်

(၃) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ပါဝင်ရမည့် အချက်အလက်များ။

( ဂ ) ဤပုဒ်မအရ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်ပြုစုတင်ပြရန် တောင်းဆိုခြင်းခံရသူသည် ထိုအကြောင်းကြားစာကို လက်ခံရရှိပြီး ၂၁ ရက်အတွင်း ရေးသားပြုစု၍ တင်ပြရမည်။

(ဃ) မည်သူမဆို ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် ဆောင်ရွက်ရန် တာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ် ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

## ပစ္စည်းထိန်း၏ အစီရင်ခံစာ

၃၆။ (က) ပစ္စည်းထိန်းသည် အောက်ပါကိစ္စရပ်များနှင့်ပတ်သက်၍ မှတ်ပုံတင်အရာရှိထံသို့လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီက သီးခြားခန့်အပ်ထားသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများနှင့် နည်းဥပဒေဖြင့် သတ်မှတ်ထားသော အခြားသော လူပုဂ္ဂိုလ်များထံသို့လည်းကောင်း အစီရင်ခံစာများကို အခါအားလျော်စွာ ပေးပို့အစီရင်ခံရမည် -

(၁) ပုဒ်မ ၃၅ အရ ၎င်းထံသို့ ဆက်နွှယ်သည့် ပုဂ္ဂိုလ်များက ပေးပို့တင်ပြခဲ့သည့် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက် အကျဉ်းချုပ်၊ ထိုထုတ်ဖော်ကြေညာချက် အပေါ် ၎င်း၏ ထင်မြင်ယူဆချက်များနှင့်အတူ ၎င်းက သိရှိနိုင်သမျှ ထိုကုမ္ပဏီတွင် ၎င်းအား ခန့်အပ်ရသည့် အကြောင်းကိစ္စရပ်များ၊

(၂) ပစ္စည်းထိန်းက ကုမ္ပဏီပိုင်ပစ္စည်းတစ်ရပ်ရပ်ကို စီမံခန့်ခွဲမှု သို့မဟုတ် စီမံခန့်ခွဲရန် အဆိုပြုချက်များနှင့် ထိုကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အား ဆက်လက်လည်ပတ်လုပ်ကိုင်မှု သို့မဟုတ် ဆက်လက်လည်ပတ်လုပ်ကိုင်ရန် အဆိုပြုချက်များ၊

(၃) ၎င်းအား ခန့်အပ်ခဲ့သည့် အာမခံအကျိုးခံစားခွင့်ရမြီရှင်ထံသို့ ပေးချေရမည့် ငွေရင်းနှင့် ယင်းအပေါ် ကျသင့်သည့် အတိုးငွေပမာဏအပြင် ဦးစားပေးမြီရှင်များသို့ ပေးချေနိုင်မည့် ငွေကြေးပမာဏများ၊

(၄) အခြားမြီရှင်များအား ပေးချေရန်အတွက် ရနိုင်ဖွယ်ရှိသော ငွေကြေးပမာဏ။

(ခ) ထိုအစီရင်ခံစာများကို အောက်ပါသတ်မှတ်ကာလအတွင်း ထုတ်ပြန်ကြေညာရမည် -

(၁) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ပြီးနောက် ၃ လ၊

(၂) ပစ္စည်းထိန်းအဖြစ် ခန့်အပ်ပြီးချိန်မှစ၍ တစ်နှစ်ပြည့်ပြီးနောက် နှစ်စဉ် ၃ လ၊

(၃) ပစ္စည်းထိန်းအဖြစ် တာဝန်မှရပ်စဲပြီးနောက် ၃ လ။

(ဂ) ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပစ္စည်းထိန်းက ၎င်း၏ လုပ်ငန်းတာဝန် ထမ်းဆောင်ချက်အပေါ် များးစွာထိခိုက်စေမည့် အချက်အလက်များကို အစီရင်ခံစာတွင် ထည့်သွင်းရန် တာဝန်မရှိစေရ။

(ဃ) ပစ္စည်းထိန်းသည် လုံလောက်သောအကြောင်းပြချက်မရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ခဲ့လျှင် -

(၁) မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် နှစ်သိန်းငါးသောင်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။ ထို့ပြင်

(၂) တရားရုံးသည် ထိုပျက်ကွက်မှုကို သတ်မှတ်ထားသည့်အချိန်အတွင်း သီးခြားအတည်ပြုဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

**ငွေကြေးဆိုင်ရာမှတ်တမ်းများ၊ ဘဏ်စာရင်းများနှင့်ပတ်သက်၍ ပစ္စည်းထိန်း၏တာဝန်များ**

၃၇။ (က) ပစ္စည်းထိန်းသည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည် -

(၁) ၎င်း၏ အမည်၊ ပစ္စည်းထိန်းရာထူးကို ဖော်ပြပါရှိပြီး ၎င်းပစ္စည်းထိန်းအဖြစ် ဆောင်ရွက်နေသောကုမ္ပဏီ အမည်ပါဝင်သော ဘဏ်စာရင်းဖွင့်လှစ်ထိန်းသိမ်းထားရှိခြင်း၊

(၂) ၎င်း၏ စီမံအုပ်ချုပ်မှုအောက်ရှိ ကုမ္ပဏီ၏ ငွေကြေးအားလုံးကို ထိုဘဏ်စာရင်း သို့မဟုတ် ဘဏ်စာရင်းများသို့ ပေးသွင်းခြင်းနှင့်

(၃) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ပါ ငွေကြေးများမှလွဲ၍ အခြားသောငွေကြေးများကို ထိုဘဏ်စာရင်းသို့ ထည့်သွင်းအပ်နှံခြင်းမရှိစေရန် တာဝန်ယူဆောင်ရွက်ခြင်း။

(ခ) ပစ္စည်းထိန်းသည် ၎င်းက ဆောင်ရွက်ခဲ့သော ငွေပေး ငွေယူဆောင်ရွက်ချက်အားလုံးကို ရှင်းလင်းချက်များနှင့်တကွ ငွေစာရင်းစာအုပ်များတွင် မှန်ကန်စွာ မှတ်တမ်းရေးသွင်းထိန်းသိမ်းထားရှိရမည်။ ထို့ပြင် တရားရုံးက အမိန့်ချမှတ်ထားခြင်းမရှိလျှင် ကုမ္ပဏီ၏ ဒါရိုက်တာ၊ မြီရှင် သို့မဟုတ် အစုရှယ်ယာဝင်များက သင့်လျော်သည့်ကာလအတွင်း ထိုမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့် တောင်းခံလာသည့်အခါ ခွင့်ပြုရမည်။

**အခကြေးငွေကို သတ်မှတ်ရန် တရားရုံး၏အာဏာ**

၃၈။ (က) စာချုပ်တွင်ပါဝင်သော သတ်မှတ်ချက်တစ်ရပ်ရပ်အရ ကုမ္ပဏီ၏ ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်းခံရသူတစ်ဦးထံသို့ ပေးချေရမည့် အခကြေးငွေကို ပြင်ဆင်သတ်မှတ်ပေးရန် အကျိုးသက်ဆိုင်သူတစ်ဦးမှ လျှောက်ထားလာပါက တရားရုံးသည် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားလာသည့်အခါ တရားရုံးသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ထိုအမိန့်တစ်ရပ် ချမှတ်ခြင်းမပြုမီ အချိန်ကာလတစ်ရပ်နှင့်စပ်လျဉ်း၍ ဤပုဒ်မခွဲအရ အမိန့်တစ်ရပ်ချမှတ်ခဲ့ခြင်းမရှိလျှင် ထိုကာလတစ်ရပ်အတွက် အခကြေးငွေကို သတ်မှတ်ခြင်း၊

(၂) ထိုသို့သော အမိန့်တစ်ရပ်ချမှတ်ခြင်းမပြုမီ ပစ္စည်းထိန်းသည် သေဆုံးသွားခြင်း သို့မဟုတ် ပစ္စည်းထိန်းအဖြစ်မှ ရပ်စဲသွားခြင်းဖြစ်စေကာမူ ဤပုဒ်မအရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(၃) ထိုသို့သော အမိန့်တစ်ရပ်ချမှတ်ခြင်းမပြုမီ အချိန်ကာလတစ်ရပ်၌ ပစ္စည်းထိန်းတစ်ဦး ရရှိထားသော သို့မဟုတ် ထိန်းသိမ်းထားသော အခကြေးငွေသည် နောက်ပိုင်း၌ တရားရုံးက အမိန့်တစ်ရပ်ဖြင့် သတ်မှတ်ထားသော အခကြေးငွေထက် ကျော်လွန်နေပါက ၎င်းရရှိခဲ့သော သို့မဟုတ် ထိန်းသိမ်းထားခဲ့သော ငွေပမာဏအတွက် တရားရုံးက သင့်သည်ထင်မြင်ပါက စာရင်းရှင်းလင်းတင်ပြစေရန် ဆင့်ဆိုခြင်း။

(ဂ) ဤပုဒ်မခွဲ (က) အရ ကျင့်သုံးဆောင်ရွက်ရာတွင် တရားရုံးသည် နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော အချက်အလက်များ သို့မဟုတ် အခြားဆက်စပ်သော အကြောင်းအရာများကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဃ) တရားရုံးသည် ဤပုဒ်မခွဲ (က) အရ ချမှတ်သောအမိန့်ကို ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

**တရားရုံးက ညွှန်ကြားနိုင်ခြင်း**

၃၉။ (က) ပစ္စည်းထိန်းသည် ၎င်း၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာမှ ပေါ်ပေါက်လာသည့် မည်သည့်ကိစ္စရပ်တွင်မဆို တရားရုံး၏ လမ်းညွှန်ချက်ရရှိရန် လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို လမ်းညွှန်ခြင်း သို့မဟုတ် မိမိရှေ့မှောက်တွင် ရောက်ရှိနေသော လူပုဂ္ဂိုလ်များ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်း သို့မဟုတ် မြွက်ဟကြေညာခြင်း သို့မဟုတ် အခြားသင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်းပြုနိုင်သည်။

## အပိုင်း (၅)
## ကုမ္ပဏီကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ရေး
## အခန်း (၁)
## ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ သဘောသဘာဝ

**ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်**

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ -

(က) ဤအပိုင်းပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် အောက်ပါလုပ်ငန်းအဆင့်များ ပါဝင်သည် -

(၁) ကုမ္ပဏီကယ်ဆယ်ခြင်းအဆင့်၊

(၂) ကုမ္ပဏီအစီအစဉ်အဆင့်။

ဤအပိုင်းတွင် **ကုမ္ပဏီကယ်ဆယ်ခြင်းအဆင့်** နှင့် **ကုမ္ပဏီအစီအစဉ်အဆင့်** တို့သည် **ကုမ္ပဏီပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်** ကို ရည်ညွှန်းဘိသကဲ့သို့ မှတ်ယူရမည်။

ရှင်းလင်းချက် (၁)။ **ကုမ္ပဏီကယ်ဆယ်ခြင်းအဆင့်** တွင် ပြန်လည်ထူထောင်ရေးအတွက် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေပြီး ကုမ္ပဏီ၏ ရှေ့အလားအလာနှင့် ပတ်သက်၍ မြီရှင်များက ဆုံးဖြတ်ခြင်း ပါဝင်သည်။

ရှင်းလင်းချက် (၂)။ **ကုမ္ပဏီအစီအစဉ်အဆင့်** တွင် မြီရှင်များက ကုမ္ပဏီပြန်လည်ထူထောင်ရေး အစီအစဉ်ကို အတည်ပြုရန်ဆုံးဖြတ်ပြီး အကောင်အထည်ဖော်ခြင်း ပါဝင်သည်။

(ခ) ကုမ္ပဏီကယ်ဆယ်ခြင်းအဆင့်သည် ပြန်လည်ထူထောင်ရေးမန်နေဂျာကို ပုဒ်မ ၄၇ နှင့်အညီ ခန့်အပ်သည့်အချိန်တွင် စတင်ပြီး အောက်ပါအခြေအနေတွင် ပြီးဆုံးသည်-

(၁) အစီအစဉ်အဆင့် စတင်သည့်အချိန် သို့မဟုတ်

(၂) အစီအစဉ်အဆင့်ကို ဆောင်ရွက်ခြင်းမရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့် အချိန်။

(ဂ) ကုမ္ပဏီပြန်လည်ထူထောင်ရေးအစီအစဉ်အဆင့်သည် ထိုအစီအစဉ်ကို ပုဒ်မ ၇၅ နှင့်အညီ လက်မှတ်ရေးထိုးချိန်တွင်စတင်ပြီး အောက်ပါအခြေအနေတွင် ပြီးဆုံးသည်-

(၁) ပုဒ်မ ၈၄ အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံ ပေးပို့ပြီးလျှင် သို့မဟုတ်

(၂) ပုဒ်မ ၈၇ နှင့်အညီ တရားရုံးက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် အမိန့် ချမှတ်ထားပြီးဖြစ်လျှင် သို့မဟုတ်

(၃) ပုဒ်မ ၈၅ သို့မဟုတ် ၈၆ အရ မြီရှင်များက ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်သို့ ကူးပြောင်းရန် ဆုံးဖြတ်ခဲ့လျှင်။

(ဃ) ကုမ္ပဏီ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစီအစဉ် ကြီးကြပ်သူရာထူးလစ်လပ်ခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခံရခြင်းကြောင့် ရပ်စဲသွားခြင်း မရှိစေရ။

**ပြန်လည်ထူထောင်ရေးအစီအစဉ်၏ ရည်ရွယ်ချက်များ**

၄၁။ ဤအပိုင်းပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုမ္ပဏီအား ဆက်လက်လည်ပတ်စေရန်အတွက် ကယ်ဆယ်ခြင်း သို့မဟုတ်

(ခ) ပုဒ်မခွဲ (က) ပါ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ကုမ္ပဏီအား တတ်နိုင်သမျှ အများဆုံး ဆက်လက်ရပ်တည်နိုင်ရန်အတွက် ဆောင်ရွက်ခြင်း သို့မဟုတ်

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းထက် ယင်း၏ မြီရှင်အများစုအတွက် ပိုမိုကောင်းမွန်သော ရလဒ်ကို ရရှိရန်ဆောင်ရွက်ခြင်း။

**တရားရုံးက ကြီးကြပ်ခြင်း**

၄၂။ ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့် အစီအစဉ်ကြီးကြပ်သူတို့သည် တရားရုံး၏ ကြီးကြပ်မှု အောက်တွင် ရှိသည်။

## အခန်း (၂)
## ပြန်လည်ထူထောင်ရေးမန်နေဂျာအား ခန့်အပ်ခြင်း

**ပြန်လည်ထူထောင်ရေးမန်နေဂျာအား ခန့်အပ်ခြင်း**

၄၃။ ပုဒ်မ ၄၄ နှင့်အညီ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအား ကုမ္ပဏီ၏ ပြန်လည်ထူထောင်ရေး မန်နေဂျာအဖြစ် အောက်ပါနည်းလမ်းများအတိုင်း ခန့်အပ်နိုင်သည် -

(က) ကုမ္ပဏီသည် ကြွေးမြီကို ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပြန်လည် မပေးဆပ် နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ပြန်လည်ပေးနိုင်ရန်အလားအလာမရှိကြောင်း ယူဆပြီး ပြန်လည် ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ရန်လိုအပ်ကြောင်း ကုမ္ပဏီ၏ဒါရိုက်တာများက ထင်မြင်သည့် အခါ ကုမ္ပဏီဒါရိုက်တာဘုတ်အဖွဲ့ အစည်းအဝေးမဲခွဲဆုံးဖြတ်ချက်အရ စာဖြင့် ရေးသား ခန့်အပ်ခြင်း သို့မဟုတ်

(ခ) ကုမ္ပဏီ၏ပိုင်ဆိုင်မှုများအားလုံး သို့မဟုတ် အများစုအပေါ်တွင် အာမခံအကျိုးခံစားခွင့် ရရှိသော မြီရှင်တစ်ဦးသည် ထိုအာမခံစာချုပ်တွင် ပစ္စည်းထိန်းခန့်အပ်နိုင်ကြောင်း စည်းကမ်းချက်များ ပါရှိပါက ထိုစည်းကမ်းသတ်မှတ်ချက်အရ စာဖြင့်ရေးသားခန့်အပ်ခြင်း၊

(ဂ) တရားရုံးအမိန့်အရ ခန့်အပ်ခြင်း။

**ထူးခြားသောအခြေအနေများတွင် ပြန်လည်ထူထောင်ရေးမန်နေဂျာခန့်အပ်ခြင်းကို တားမြစ်ခြင်း**

၄၄။ အောက်ပါအခြေအနေများ၌ ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ခြင်းမပြုရ -

(က) ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် ခန့်အပ်ခြင်းခံရမည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှ ယင်းသို့ခန့်အပ်ခြင်းကို လက်ခံကြောင်းစာဖြင့် ရေးသားသဘောတူညီခြင်းမရှိလျှင် ထို့ပြင်

(ခ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) အရ တရားရုံးက အမိန့်ချမှတ်ထားသည့်မှတစ်ပါး ကုမ္ပဏီသည် အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင်ဖြစ်စေ သို့မဟုတ်

(ဂ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) အရ ကုမ္ပဏီက ခန့်အပ်ရန် အဆိုပြုချက်သည် -

(၁) အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ပြီးဆုံးခြင်းမရှိမီ ၁၂ လအတွင်း ကျရောက်လျှင် သို့မဟုတ်

(၂) ကုမ္ပဏီမှ ပေးပို့သည့် ငွေကြေးဆိုင်ရာမှတ်တမ်းများနှင့် မြီရှင်များ၏စာရင်းကို လေ့လာသုံးသပ်ချက်အရ မြီရှင်များ၏စာရင်းသည် သေချာကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို စတင်ရန် ခိုင်လုံသောအကြောင်းရှိကြောင်းကို လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူက စာဖြင့်ရေးသားထောက်ခံတင်ပြခြင်း မရှိလျှင် သို့မဟုတ်

(ဃ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) အရ ကုမ္ပဏီမှ အဆိုပြုခန့်အပ်ခြင်း သို့မဟုတ် ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ အာမခံအကျိုးခံစားခွင့်ရမြီရှင်မှ အဆိုပြုခန့်အပ်သော်လည်း ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေလျှင်၊

(င) ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ၏ ပုဒ်မ ၂ ပါ အဓိပ္ပာယ်ဖော်ပြချက်အရ ဘဏ် သို့မဟုတ် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်လျှင်။

**ပြန်လည်ထူထောင်ရေးလျှောက်လွှာကို တရားရုံးသို့ တင်သွင်းခြင်း**

၄၅။ (က) ကုမ္ပဏီကို ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်ရန်အတွက် အောက်ပါတို့က လျှောက်ထားနိုင်သည် -

(၁) ထိုကုမ္ပဏီ ကိုယ်တိုင်ဖြစ်စေ၊

(၂) ထိုကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊

(၃) တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကုမ္ပဏီ၏ ဒါရိုက်တာများကဖြစ်စေ၊

(၄) အာမခံအကျိုးခံစားခွင့်ရရှိသော မြီရှင်အပါအဝင် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကုမ္ပဏီ၏ မြီရှင်များကဖြစ်စေ၊

(၅) ပုဒ်မခွဲငယ် (၁) မှ (၄) တွင် ဖော်ပြထားသူများမှ စုပေါင်းလျက်ဖြစ်စေ။

(ခ) လျှောက်လွှာတင်သွင်းသူသည် ပုဒ်မခွဲ (က) အရ လျှောက်လွှာတင်သွင်းပြီးနောက် နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ အောက်ပါတို့ထံသို့ အကြောင်းကြားရမည် -

(၁) ကုမ္ပဏီ၊

(၂) အာမခံအကျိုးခံစားခွင့်ရ မြီရှင်များ၊

(၃) နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသူများ။

(ဂ) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေဆဲဖြစ်ပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်ခွင့်ပြုရန် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှသာ လျှောက်ထားနိုင်သည်။

(ဃ) ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားချက်အရ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်စတင်ရန် အမိန့်ချမှတ်သည့်အခါ-

(၁) တရားရုံးသည် ကုမ္ပဏီနှင့်ပတ်သက်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရန်အမိန့်ကို ပလပ်နိုင်သည် သို့မဟုတ် ဆိုင်းငံ့နိုင်သည်၊

(၂) တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ပြန်လည်ထူထောင်ရေးမန်နေဂျာ အဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်၊

(၃) တရားရုံးက ထိုအမိန့်ကို ချမှတ်သည့်အခါ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင် စေရမည်၊

(၄) တရားရုံးသည် နည်းဥပဒေတွင် ဖော်ပြထားသည့် အခြားသောကိစ္စရပ်များအတွက် အမိန့်ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

**တရားရုံး၏ အာဏာများ**

၄၆။ (က) တရားရုံးသည် အောက်ပါကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ကျေနပ်မှုရှိလျှင် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) အရ အမိန့်ချမှတ်နိုင်သည် -

(၁) ကုမ္ပဏီသည် ကြွေးမြီကိုပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပြန်လည် မပေးဆပ်နိုင်ခြင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ရန် အလားအလာမရှိခြင်းနှင့်

(၂) အပိုင်း (၂) ပါ ရည်ရွယ်ချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် သင့်လျော်သော အလားအလာများရှိခြင်း။

(ခ) ပြန်လည်ထူထောင်ရေးလျှောက်ထားချက်ကို ကြားနာပြီးနောက် တရားရုံးသည် -

(၁) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ကြောင်း အမိန့်ချမှတ်နိုင်သည်၊

(၂) လျှောက်ထားမှုကို ပလပ်နိုင်သည်၊

(၃) စည်းကမ်းချက်နှင့်ဖြစ်စေ၊ စည်းကမ်းချက်မပါဘဲဖြစ်စေ ကြားနာခြင်းကို ရွှေ့ဆိုင်းနိုင်သည်၊

(၄) လျှောက်ထားချက်ကို စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားခြင်းဖြစ်သည်ဟု မှတ်ယူလျက် ပုဒ်မ ၁၆၄ နှင့်အညီ အမိန့်ချမှတ်နိုင်သည်၊

(၅) အပြီးသတ်အမိန့်မချမှတ်မီ ပုဒ်မခွဲ (ဂ) ပါ ကြားဖြတ်မိန့်အပါအဝင် မည်သည့်ကြားဖြတ် အမိန့်ကိုမဆို ချမှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၅) အရ ချမှတ်သော ကြားဖြတ်အမိန့်သည် -

(၁) ကုမ္ပဏီဒါရိုက်တာများအတွက် သီးခြားဖော်ပြထားသည့် လုပ်ပိုင်ခွင့်များကျင့်သုံးခြင်းကို ကန့်သတ်နိုင်သည် သို့မဟုတ်

(၂) ပုဒ်မ ၁၇၂၊ ပုဒ်မခွဲငယ် (ဃ)၊ (စ) နှင့် (ဆ) တွင် ပြဋ္ဌာန်းထားသော ကန့်သတ်ချက်များကို သတ်မှတ်နိုင်သည်။

**ခန့်အပ်မှုအကျိုးသက်ရောက်သည့် အခြေအနေ**

၄၇။ အောက်ပါကိစ္စရပ်ဖြစ်ပွားပြီးနောက်ပိုင်း ပြန်လည်ထူထောင်ရေးမန်နေဂျာအား ခန့်ထားမှုသည် စတင် သက်ရောက်မှုရှိစေရမည် -

(က) တရားရုံးမှ ခန့်အပ်ခြင်းဖြစ်လျှင် ထိုပြန်လည်ထူထောင်ရေးအမိန့်တွင် ဖော်ပြပါရှိသည့်အချိန် သို့မဟုတ် အချိန်ဖော်ပြပါရှိခြင်းမရှိလျှင် ထိုအမိန့်ကို ချမှတ်သည့်အချိန်နှင့်

(ခ) ကုမ္ပဏီ သို့မဟုတ် အာမခံအကျိုးခံစားခွင့်ရမြီရှင်မှ ခန့်အပ်ခြင်းဖြစ်လျှင် ထိုသို့ခန့်အပ်ကြောင်း စာဖြင့်ရေးသားခန့်အပ်လွှာကို လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင်သို့ ပေးပို့သည့်အချိန်။

## အထူးကိစ္စရပ်များတွင် ပြန်လည်ထူထောင်ရေးမန်နေဂျာကို ရွေးချယ်ခြင်း

၄၈။ (က) ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ဆဲ သို့မဟုတ် ပုဒ်မ ၅၅၊ ပုဒ်မခွဲ (က) အရ ဆောင်ရွက်ဆဲအခြေအနေတွင် တရားရုံးက ပြန်လည်ထူထောင်ရေးမန်နေဂျာခန့်အပ်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ထို့ပြင် ပြန်လည်ထူထောင်ရေးမန်နေဂျာခန့်အပ်ရန် သို့မဟုတ် တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းရန်တရားရုံးသို့ လျှောက်ထားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ကုမ္ပဏီမှ ဆောင်ရွက်နေလျှင် တရားရုံးသည် သင့်သည်ထင်ပါက ပြန်လည်ကယ်ဆယ်ခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်တွင် ကုမ္ပဏီမှ ခန့်အပ်ထားသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအစား တရားရုံးသို့ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန်သဘောတူကြောင်း စာဖြင့်ရေးသားပေးပို့သည့် အခြားလူမွဲခံယူခြင်းကျွမ်းကျင်သူနှင့် အစားထိုးနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ကုမ္ပဏီက ခန့်အပ်ထားခြင်းဖြစ်ပြီး ကုမ္ပဏီပိုင်ပစ္စည်းအားလုံးကိုဖြစ်စေ၊ အများစုကိုဖြစ်စေ ပိုင်ဆိုင်သည့်အာမခံအကျိုးခံစားခွင့်ရမြီရှင်ရှိသည့် အခြေအနေတွင် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအား ခန့်အပ်ကြောင်း အကြောင်းကြားစာကို အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အာမခံအကျိုးခံစားခွင့်ရမြီရှင်သို့ ပေးပို့ရမည်ဖြစ်သည်။ ထို့ပြင် အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် အကြောင်းကြားစာရပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ၎င်းခန့်ထားလိုသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအား ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် အစားထိုးခန့်ထားနိုင်သည်။ ပြန်လည်ထူထောင်ရေးမန်နေဂျာက ထိုသို့ခန့်အပ်ခြင်းကို လက်ခံကြောင်း စာဖြင့် ရေးသားသဘောတူရမည်။

(ဂ) ပြန်လည်ထူထောင်ရေးမန်နေဂျာကို အာမခံအကျိုးခံစားခွင့်ရမြီရှင်က ခန့်အပ်ခြင်းဖြစ်လျှင် ဦးစားပေးအဆင့်မြင့်ပြီး ကုမ္ပဏီပိုင်ပစ္စည်းအားလုံးကိုဖြစ်စေ၊ အများစုကိုဖြစ်စေ ပိုင်ဆိုင်သည့် အခြားသော အာမခံအကျိုးခံစားခွင့်ရမြီရှင် (ရှိလျှင်) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအား ခန့်အပ်ကြောင်း အကြောင်းကြားစာကို အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း ထိုအခြားသော အာမခံအကျိုးခံစားခွင့်ရမြီရှင်ထံ ပေးပို့ရမည်ဖြစ်သည်။ ထို့ပြင် ထိုမြီရှင်သည် အကြောင်းကြားစာရရှိပြီး အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း ၎င်းခန့်ထားလိုသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအား ပြန်လည်ထူထောင်ရေးမန်နေဂျာအဖြစ် အစားထိုးခန့်ထားနိုင်သည်။ ပြန်လည်ထူထောင်ရေးမန်နေဂျာက ထိုသို့ခန့်အပ်ခြင်းကို လက်ခံကြောင်း စာဖြင့်ရေးသား သဘောတူရမည်။

## ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း

၄၉။ (က) ခန့်အပ်ခြင်းခံရသည့် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ၎င်းအား ခန့်အပ်ပြီးကြောင်းကို ကုမ္ပဏီသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေပါ နည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်။

(၂) ၎င်းအား ခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(၃) ၎င်းအား ခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ကျပ် တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ခန့်အပ်မှုတရားမဝင်ခြင်း**

၅၀။ အကြောင်းတစ်စုံတစ်ရာကြောင့် ပြန်လည်ထူထောင်ရေးမန်နေဂျာအား ခန့်ထားမှုသည် တရားမဝင်ကြောင်းတွေ့ရှိပါက တရားရုံးသည် တရားမဝင်ခန့်ထားမှုကြောင့် ခန့်ထားခြင်းခံရသူတွင် ဖြစ်ပေါ်လာသည့် နစ်နာမှုတစ်စုံတစ်ရာအတွက် ၎င်းအား ခန့်ထားသူမှ ပေးလျော်ရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၃)

## ကယ်ဆယ်ခြင်းအဆင့်

## ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ လုပ်ငန်းဆောင်တာများ၊တာဝန်များနှင့်လုပ်ပိုင်ခွင့်များ

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ လုပ်ငန်းဆောင်တာများ**

၅၁။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အဓိကလုပ်ငန်းဆောင်တာများမှာ ပုဒ်မ ၄၁ တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များ အောင်မြင်စေရန်နည်းလမ်းများကို ရှာဖွေကာ ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို စီမံရန်ဖြစ်သည်၊

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်ရန် အလားအလာရှိသည့် ပစ္စည်းများအားလုံးကို ထိန်းသိမ်းရမည် သို့မဟုတ် စီမံခန့်ခွဲရမည်၊

(ဂ) အဆိုပြုအစီအစဉ်ကို မြီရှင်များထံ ပေးပို့လျှင် ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

(၁) အစီအစဉ်၏ ဖြစ်နိုင်ခြေနှင့် ပုဒ်မ ၄၁ ပါ ရည်ရွယ်ချက်များ ပြည့်မီနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြရန်၊

(၂) အဆိုပြုထားသည့် အစီအစဉ်သည် ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်သူ သို့မဟုတ် အာမခံအကျိုးခံစားခွင့်ရ မြီရှင်၏ အကျိုးဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ စုံစမ်းတင်ပြရန်၊

(၃) အစီအစဉ်ကို အတည်ပြုခဲ့လျှင် မြီရှင်များက ပြန်လည်ရရှိနိုင်သည့် အနေအထားကို စုံစမ်းတင်ပြရန်၊

(၄) အစီအစဉ်ကို အတည်မပြုခြင်းနှင့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းဆိုင်ရာ စီမံဆောင်ရွက်မှုပြုလုပ်ခြင်းတို့ကြောင့် မြီရှင်များပြန်လည်ရရှိနိုင်မှုတို့ကို နှိုင်းယှဉ်တင်ပြရန်၊

(၅) အထက်ဖော်ပြပါ ကိစ္စရပ်တစ်ခုချင်းစီအပေါ် ၎င်း၏အမြင်နှင့် ထင်မြင်ချက်များ၊ ထိုသို့ထင်မြင်ယူဆရသည့် အကြောင်းအရင်းများ၊ မြီရှင်များက ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် သိရှိသမျှ အရေးကြီးအချက်အလက်များနှင့် ထိုအစီအစဉ်အတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံ သင့် မသင့် စသည့်အချက်များ ဖော်ပြပါရှိသည့် အစီရင်ခံစာတစ်စောင်ထုတ်ပြန်ရန်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ တာဝန်များ**

၅၂။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြီရှင်များအားလုံး၏ အကျိုးရှေးရှုဆောင်ရွက်ရန်နှင့်

(ခ) တတ်နိုင်သမျှ လျင်မြန်ထိရောက်စွာ ဆောင်ရွက်ရန်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီအေးဂျင့်အဖြစ် ဆောင်ရွက်ခြင်း**

၅၃။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ရန် ၎င်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ခြင်းမှာ ကုမ္ပဏီအေးဂျင့်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ လုပ်ပိုင်ခွင့်များ**

၅၄။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကယ်ဆယ်ခြင်းအဆင့်တွင် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည်-

(၁) ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီပိုင်ပစ္စည်းများနှင့် ကုမ္ပဏီလုပ်ငန်းကိစ္စရပ်များကို ကြီးကြပ်ပြီး ကုမ္ပဏီကို ဆက်လက်လည်ပတ်စေခြင်း၊

(၂) လုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၃) ကုမ္ပဏီဒါရိုက်တာများကို ထုတ်ပယ်ခြင်း သို့မဟုတ် ခန့်အပ်ခြင်း၊ ထို့အပြင်

(၄) အကယ်၍ ကုမ္ပဏီသည် မည်သူ၏ စီမံခန့်ခွဲမှုအောက်တွင်မှ မရှိတော့သည့်အခါ ကုမ္ပဏီဒါရိုက်တာများ ဆောင်ရွက်နိုင်သည့် သို့မဟုတ် ကျင့်သုံးနိုင်သည့် မည်သည့်လုပ်ပိုင်ခွင့်ကိုမဆို ကျင့်သုံးခြင်း သို့မဟုတ် မည်သည့်လုပ်ငန်းဆောင်တာကိုမဆို ဆောင်ရွက်ခြင်း။

( ခ ) ပုဒ်မ ၅၉၊ ၆၀ နှင့် ၆၁ ပါ ပြဋ္ဌာန်းချက်များတွင် ခွင့်ပြုထားသည်မှအပ ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအပေါင်အနှံရှိသောပိုင်ဆိုင်မှုများကို စီမံခွင့်မရှိစေရ။

( ဂ ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီမြီရှင်များအစည်းအဝေးကို ကျင်းပနိုင်သည်။

**ကယ်ဆယ်ခြင်းအဆင့်အတွင်း ကုမ္ပဏီအား အကာအကွယ်ပေးထားမှုများ**

**ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီအတွက် အကျိုးဆက်များ**

၅၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မ ၁၇၂၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့အရ ကုမ္ပဏီနှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ခြင်းအဆင့်တွင်လည်း အသုံးပြုနိုင်သည်။ထိုပုဒ်မခွဲများအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များကို ပြန်လည်ထူထောင်ရေးမန်နေဂျာအနေဖြင့် ကယ်ဆယ်ခြင်းအဆင့်တွင် ကျင့်သုံးနိုင်သည်။

( ခ ) ကုမ္ပဏီက သုံးစွဲနေသော သို့မဟုတ် ကုမ္ပဏီ၏ လက်ဝယ်တွင်ရှိသော ပစ္စည်းကို တစ်ဦးဦးက ပိုင်ဆိုင်လျှင် သို့မဟုတ် တစ်ဦးဦးထံမှ ငှားရမ်းထားလျှင် ကယ်ဆယ်ခြင်းအဆင့်တွင် တရားရုံး၏ အမိန့်အရ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ စာဖြင့်ရေးသား သဘောတူညီချက်အရမဟုတ်လျှင် ထိုသူထံ လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

( ဂ ) ကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်အားလုံးသည် ရပ်စဲသွားသည်။

**ကုမ္ပဏီ၏ အာမခံအကျိုးခံစားခွင့်ရမြီရှင်များကို ကာကွယ်ခြင်း**

၅၆။ ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီ၌ အာမခံထားရှိသောပိုင်ဆိုင်မှုများအား အတည်ပြုခြင်း၊ အတည်ပြုနေမှုကို ဆက်လက်ဆောင်ရွက်ခြင်းတို့ကို ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ စာဖြင့်ရေးသားသဘောတူညီချက် သို့မဟုတ် တရားရုံး၏ ခွင့်ပြုချက်မှတစ်ပါး ဆောင်ရွက်ခြင်းမပြုရ။

**အာမခံသူများအား အကာအကွယ်ပေးခြင်း**

၅၇။ ကုမ္ပဏီ၏ ကြွေးမြီများ သို့မဟုတ် တာဝန်များနှင့်စပ်လျဉ်း၍ အာမခံသူများကို ကယ်ဆယ်ခြင်းအဆင့်တွင် တရားရုံး၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး ဥပဒေကြောင်းအရ အရေးယူခြင်း သို့မဟုတ် အရေးယူထားသည်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**တရားရုံးက ခွင့်ပြုချက်ပေးခြင်း**

၅၈။ ဤအခန်းအရ တရားရုံးက ခွင့်ပြုချက်များပေးရာတွင် တရားရုံးက သင့်တော်သည် ထင်မြင်သည့်အတိုင်း စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်များမထားဘဲဖြစ်စေ ခွင့်ပြုနိုင်သည်။

**အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၅၉။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်ရှိသည့်ပစ္စည်းကို အောက်ပါနည်းလမ်းများဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်း စီမံခန့်ခွဲနိုင်သည် -

(၁) ကုမ္ပဏီ၏ ပုံမှန်လုပ်ငန်း ဆောင်ရွက်မှုအရဖြစ်စေ သို့မဟုတ်

(၂) အာမခံပစ္စည်းရရှိထားသူ၏ စာဖြင့်ရေးသားသဘောတူညီချက်ဖြင့်ဖြစ်စေ သို့မဟုတ်

(၃) တရားရုံး၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ။

(ခ) ထိုသို့ဆောင်ရွက်ရာတွင် အာမခံပစ္စည်းရရှိထားသူ၏ အကျိုးစီးပွားကို လုံလောက်စွာ ကာကွယ်မှုရှိသည်ဟု တရားရုံးက ယုံကြည်မှသာလျှင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ရည်ရွယ်ချက်များအလို့ငှာ အကြောင်းကြားစာ သို့မဟုတ် တောင်းခံစာထုတ်နိုင်သည့်အချက် သို့မဟုတ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်မှ ပုံသေကြွေးမြီတာဝန်အဖြစ် ပြောင်းလဲသည့်အချက်ဖြစ်သည်ဆိုရုံမျှဖြင့် ကုမ္ပဏီ၏ ပုံမှန်လုပ်ငန်းဆောင်ရွက်ရာတွင် ရောင်းချခြင်းကို တားဆီးခြင်းမပြုနိုင်။

(ဃ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအကျိုးခံစားခွင့်အတွက် ကုမ္ပဏီပစ္စည်းကို ရောင်းချရာတွင် စီမံခန့်ခွဲသူတစ်ယောက်မှ ၎င်း၏သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များကိုကျင့်သုံးရာတွင် ကျိုးကြောင်းဆီလျော်စွာအသုံးပြုရမည်။

**ပုံသေကြွေးမြီတာဝန်ရှိသည့်ပစ္စည်း**

၆၀။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပုံသေကြွေးမြီတာဝန်ရှိသည့်ပစ္စည်းကို အောက်ပါနည်းလမ်းများဖြင့် ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်းစီမံခန့်ခွဲနိုင်သည် -

(၁) အာမခံပစ္စည်းရရှိထားသူ၏ စာဖြင့်ရေးသား သဘောတူညီချက်ဖြင့်ဖြစ်စေ သို့မဟုတ်

(၂) တရားရုံး၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ခွင့်ပြုရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာ ခွင့်ပြုနိုင်သည် -

(၁) အာမခံပစ္စည်းရရှိသူ၏ အကျိုးကို လုံလောက်စွာ ကာကွယ်သောအစီအစဉ်များ ရှိ မရှိ နှင့်

(၂) အမိန့်ကိုချမှတ်ခြင်းဖြင့် ပုဒ်မ ၄၁ ပါ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အထောက်အကူပြုနိုင်ခြင်း ရှိ မရှိ။

**အခြားကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရမြီရှင်များကို အကာအကွယ်ပေးခြင်း**

၆၁။ ပုဒ်မ ၅၉ နှင့်ပုဒ်မ ၆၀ တွင် ခွင့်ပြုထားသည်မှအပ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၏ ပစ္စည်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်ကို ထိခိုက်စေနိုင်ပါက တစ်စုံတစ်ရာ စီမံခန့်ခွဲခြင်းမပြုရ။

**အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ**

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ တာဝန်ရှိမှု**

၆၂။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကုမ္ပဏီ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် ပုဒ်မခွဲ (ခ) သို့မဟုတ် (ဂ) ပါ အခြေအနေများ၌ ပုဂ္ဂိုလ်ရေးအရ တာဝန်များ ရှိစေရမည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီမှ ချေးယူခဲ့သော ငွေများ၊ အသုံးပြုခဲ့သော ဝန်ဆောင်မှုများ၊ ဝယ်ယူခဲ့သော ကုန်စည်များ သို့မဟုတ် ငှားရမ်းခဲ့သော

ပစ္စည်းများ၊ လက်ဝယ်ရယူထားသော သို့မဟုတ် သုံးစွဲနေသော သို့မဟုတ် အငှားယူထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ ငှားရမ်းထားသည့် ပစ္စည်းများအတွက် ကျခံပေးချေခဲ့သော ကြွေးမြီများနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိသည်။

(ဂ) အကယ်၍ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ကယ်ဆယ်ခြင်းအဆင့်တွင် ပစ္စည်းအား ကုမ္ပဏီမှ ဆက်လက်အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်းအတွက် စာချုပ်အရပေးရန်ရှိသော ငှားရမ်းခ သို့မဟုတ် အခြားပေးဆောင်ရန်ရှိသော အခကြေးငွေတို့အတွက် အောက်ပါကိစ္စများ၌ တာဝန်ရှိစေရမည် -

(၁) ပြန်လည်ထူထောင်ရေးမန်နေဂျာတစ်ဦးအဖြစ် ခန့်အပ်ခြင်းမပြုမီ အခြားသူတစ်စုံတစ်ဦးက ပိုင်ဆိုင်သော သို့မဟုတ် အငှားယူထားသော ပစ္စည်းတစ်ရပ်ကို ထိုသူနှင့်ချုပ်ဆိုသော ပဋိညာဉ်တစ်ရပ်အရ ကုမ္ပဏီက သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူခြင်း ပြုလုပ်ထားသည့်ကိစ္စ၊ ထို့ပြင်

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးနောက် ကုမ္ပဏီသည် ထိုပစ္စည်းကို ဆက်လက်သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် လက်ဝယ်ရယူထားခြင်း ပြုသည့်ကိစ္စ။

(ဃ) ၎င်းအား ခန့်ထားပြီးနောက် အလုပ်လုပ်ကိုင်ရက် ခုနစ်ရက်အတွင်း ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပစ္စည်းနှင့်စပ်လျဉ်း၍ ယင်း၏အခွင့်အရေးများကို ကျင့်သုံးတော့မည် မဟုတ်ကြောင်း၊ ထိုပစ္စည်း၏ ပိုင်ရှင်ဖြစ်သူ သို့မဟုတ် အငှားချထားသူထံသို့ အကြောင်းကြားစာကို ပေးပို့ခဲ့သည့်အပြင် ထိုသို့အကြောင်းကြားစာ ပေးပို့ပြီးနောက်တွင်လည်း ကုမ္ပဏီသည် အမှန်တကယ်ပင် ထိုပစ္စည်းနှင့်ပတ်သက်၍ အခွင့်အရေးများကို ကျင့်သုံးခြင်းမပြုလျှင် အထက်ပါ ပုဒ်မခွဲ (ဂ) အရ တင်ရှိသောတာဝန်မှ ကင်းလွတ်ခွင့်ရစေရမည်။

**ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း**

၆၃။ (က) ကယ်ဆယ်ခြင်းအဆင့်တွင် ကုမ္ပဏီသည် အောက်ပါတို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည် -

(၁) ကုမ္ပဏီ၊ ကုမ္ပဏီကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများအားလုံး၊

(၂) ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်များအားလုံး။

(ခ) ပုဒ်မခွဲ (က) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုလိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် ကုမ္ပဏီအရာရှိနှင့် ပြန်လည်ထူထောင်ရေးမန်နေဂျာအား မှတ်ပုံတင်အရာရှိသည် ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာမှ ခွဲဝေပေးခြင်း**

၆၄။ ပြန်လည်ထူထောင်ရေးမန်နေဂျာသည် -

(က) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ အာမခံပစ္စည်းအား ထုခွဲရောင်းချရသောငွေကို ၎င်းမြီရှင်ထံသို့ ပုဒ်မ ၂၀၅ နှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ခွဲဝေပေးနိုင်သည်၊ ထို့အပြင်

(ခ) ပုဒ်မ ၁၉၆ ပါ ဦးစားပေးအစဉ်အတိုင်း ခွဲဝေပေးနိုင်သည်။

**ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်**

၆၅။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးနောက် ကုမ္ပဏီကိစ္စများနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူတို့အား ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံပေးပို့ရန် အကြောင်းကြားစာ ရေးသားပေးပို့နိုင်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်ပတ်သက်၍ နည်းဥပဒေတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည်-

(၁) စာဖြင့်ရေးသားသော အကြောင်းကြားစာ၏ ပုံစံ၊

(၂) ဆက်နွယ်သည့် ပုဂ္ဂိုလ်များနှင့်

(၃) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ပုံစံနှင့် ယင်းပုံစံတွင် ပါရှိရမည့် အချက်များ။

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြန်လည်ထူထောင်ရေးမန်နေဂျာထံသို့ တင်ပြရန်တာဝန်ရှိသူသည် စာဖြင့်ရေးသားပေးပို့သည့် အကြောင်းကြားစာကိုရရှိပြီးနောက် ၇ ရက်အတွင်း ထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) တစ်စုံတစ်ဦးသည် ဤပုဒ်မအရ တင်ရှိသောတာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**မြီရှင်များကော်မတီအား ဖွဲ့စည်းခြင်း**

၆၆။ (က) မြီရှင်များက သင့်သည်ထင်မြင်လျှင် မည်သည့်မြီရှင်များအစည်းအဝေးတွင်မဆို ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့်တိုင်ပင်ရန်အတွက် မြီရှင်များကော်မတီကို ဖွဲ့စည်းနိုင်သည်။

(ခ) နည်းဥပဒေတွင် ကော်မတီအတွက်ဖြစ်စေ၊ ကော်မတီနှင့်ဆက်စပ်လျက်ဖြစ်စေ မြီရှင်များကော်မတီဖွဲ့စည်းမှု၊ ကော်မတီအစည်းအဝေး၏ ကျင်းပခြင်း၊ လုပ်ထုံးလုပ်နည်း၊ မဲပေးပုံတို့နှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းနိုင်သည့်အပြင် ကော်မတီ၏ နောက်ထပ်လုပ်ငန်းတာဝန်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

**မြီရှင်များက စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးခြင်း**

၆၇။ (က) ကယ်ဆယ်ခြင်းအဆင့် ဆောင်ရွက်နေစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်နှင့်ကြွေးမြီဆပ်ရန် တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသော စာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်းမရှိစေရ -

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း သို့မဟုတ်

(၂) ပြန်လည်ထူထောင်ရေးမန်နေဂျာကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

**တရားရုံးသို့ လျှောက်ထားခြင်း**

၆၈။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏ လမ်းညွှန်ချက်ရယူရန် လျှောက်ထားနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အစုရှယ်ယာဝင်တစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကယ်ဆယ်ခြင်းအဆင့်မှ ပေါ်ထွက်လာသည့် မေးခွန်းတစ်ခုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန်

တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးက ထိုမေးခွန်းအပေါ် လမ်းညွှန်ချက်ပေးလျှင် သို့မဟုတ် မေးခွန်းကိုဆုံးဖြတ်ပေးလျှင် တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့်စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားချက်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည် ထင်မြင်သည့်အမိန့် ချမှတ်နိုင်သည်။

**မြီရှင်များ အစည်းအဝေး**

၆၉။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အောက်ပါကိစ္စရပ်များတွင် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည် -

(၁) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တိုးတက်မှုအခြေအနေကို မြီရှင်များသို့ အစီရင်ခံတင်ပြရန်အတွက် ၎င်းအားခန့်အပ်ပြီး ရက်ပေါင်း ၃၀ အတွင်း အစည်းအဝေးခေါ်ယူရန်နှင့် ယင်းအစီအစဉ်အား ရေးဆွဲအတည်ပြုရန် ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်စေ၊

(၂) ပုဒ်မခွဲ (က) ပါ အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မခွဲအတည်ပြုနိုင်ခဲ့ခြင်းမရှိပါက ပုဒ်မ ၇၁၊ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသည့်အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ခုကို အတည်ပြုလိုခြင်း ရှိ မရှိ ဆုံးဖြတ်ရန်ဖြစ်စေ၊

(၃) စုစုပေါင်းမြီရှင်အရေအတွက်၏ ၁၀ % ထက်ကျော်သော မြီရှင်များမှတောင်းဆိုလျှင်ဖြစ်စေ၊ စုစုပေါင်းကြွေးမြီ၏ ၁၀% ကို ပိုင်ဆိုင်သည့်မြီရှင်များက တောင်းဆိုလျှင်ဖြစ်စေ။

(ခ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်ဟုထင်မြင်လျှင် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကျင်းပခြင်းကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်။

**ပြန်လည်ထူထောင်ရေးမန်နေဂျာအား ပြောင်းလဲခန့်အပ်ခြင်း**

၇၀။ (က) ပုဒ်မ ၁၈၁၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၈၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ခြင်းအဆင့်တွင် ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့်စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ခြင်းအဆင့်တွင်လည်း အသုံးပြုနိုင်သည်။ သို့ရာတွင် မြီရှင်များအစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးမန်နေဂျာကို အစားထိုးခန့်ထားခဲ့ခြင်းဖြစ်လျှင် ၎င်းအား ခန့်အပ်ခဲ့သည့် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၏ သဘောတူညီချက်ရရှိရန်လိုသည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးမန်နေဂျာကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ ခန့်အပ်ပြီးကြောင်း မှတ်ပုံတင်အရာရှိထံ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

**အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို တင်သွင်းရန်အချိန်**

၇၁။ (က) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ၎င်းအား ခန့်အပ်ပြီးသည့်နေ့မှ ၃ လအတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရေးဆွဲအတည်ပြုရန် မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ခ) အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ဆုံးဖြတ်နိုင်ရန်အတွက် ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် တင်ပြနိုင်သည်။

(ဂ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ဆုံးဖြတ်နိုင်ရန်အတွက် မည်သည့်မြီရှင်များ အစည်းအဝေးမဆို ရွှေ့ဆိုင်းနိုင်သည်။ သို့သော် ထိုရွှေ့ဆိုင်းသောရက်သည် ပြန်လည် ထူထောင်ရေးမန်နေဂျာအား စတင်ခန့်ပြီးသည့်နေ့မှ ၄ လထက် ကျော်လွန်ခြင်းမရှိစေရ။

(ဃ) ပုဒ်မ ၄၁ ပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များအောင်မြင်ရန် အထောက်အကူဖြစ်မည်ဟု တရားရုံးက ယုံကြည်ပါက ပုဒ်မခွဲ (က) နှင့် (ဂ) တို့တွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလများနှင့်ပတ်သက်၍ ထူးခြားသည့်အခြေအနေရှိပါက သက်တမ်းတိုးသည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(င) ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အစီအစဉ်အား ဆောင်ရွက်ရန်နည်းလမ်းနှင့် မြီရှင်များဆုံးဖြတ်နိုင်ရန်အချက်များကို တတ်နိုင်သမျှ ဆောလျင်စွာ ရှာဖွေရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်အား ရေးဆွဲခြင်းနှင့် ပါဝင်ရမည့်အချက်များ**

၇၂။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြန်လည်ထူထောင်ရေးမန်နေဂျာ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦးက ရေးဆွဲနိုင်သည်။

(ခ) ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် အောက်ပါအချက်အလက်များ ပါဝင်ရမည် -

(၁) အစီအစဉ်ကို မည်သူက ကြီးကြပ်မည်၊

(၂) ဒါရိုက်တာများနှင့် အစီအစဉ်ကြီးကြပ်သူတို့၏ အခန်းကဏ္ဍနှင့် တာဝန်များ၊

(၃) မြီရှင်များ၏ တောင်းဆိုမှုကို ကျေအေးညှိနှိုင်းထားသည့်အတိုင်းအတာနှင့် သဘောသဘာဝ၊ မည်သည့်နည်းလမ်းနှင့် မည်သည့်ပစ္စည်းအပေါ်တွင် ပေးချေမည်၊

(၄) မြီစားအပေါ် အရေးယူဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်းသဘောသဘာဝနှင့် ယင်းအတွက် ခွင့်ပြုကာလ၊

(၅) ကုမ္ပဏီအား ကြွေးမြီလျှော့ပေါ့ပေးမည့် အတိုင်းအတာ၊

(၆) အစုဝင်များ၏ အစုရှယ်ယာကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း အတိုင်းအတာ၊

(၇) သဘောတူစာချုပ်၏ တစ်စိတ်တစ်ဒေသကို ဆောင်ရွက်ချက်နှင့် သဘောတူစာချုပ် တစ်ရပ်လုံးအား ဆက်လက်ဆောင်ရွက်ချက်နှင့်ပတ်သက်သည့် စည်းကမ်းချက်များ (ရှိလျှင်)၊

(၈) သဘောတူစာချုပ်ရပ်စဲသည့် အခြေအနေများနှင့် အစီအစဉ်ကို အောင်မြင်စွာ အကောင် အထည်ဖော်ပြီးပါက ကုမ္ပဏီအား ဒါရိုက်တာများ၏ အုပ်ချုပ်မှုအောက်တွင် ပြန်လည် ထားရှိမည့် ဖော်ပြချက် သို့မဟုတ် ကုမ္ပဏီအား မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်မည့် ဖော်ပြချက်၊

(၉) သဘောတူစာချုပ်အား လိုက်နာရမည့် မြီရှင်များအကြား ခွဲဝေပေးမည့်အစီအစဉ်နှင့် ပတ်သက်သည့် ဖော်ပြချက်၊

(၁၀) သဘောတူစာချုပ်အရ ခွင့်ပြုပေးနိုင်သည့် တောင်းဆိုမှုများတွင် ထိုတောင်းဆိုခွင့် ပေါ်ပေါက် သည့်နေ့ရက် သို့မဟုတ် ယင်းမတိုင်မီနေ့ရက် (ထိုရက်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့်နေ့ရက်ထက် နောက်မကျစေရ)၊

(၁၁) အစီအစဉ်အရ အကျိုးထိခိုက်စေမည့် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ၏ အာမခံပစ္စည်း အပေါ် တောင်းဆိုမှုနှင့် ၎င်းတို့၏ အာမခံပစ္စည်းပမာဏ၊

(၁၂) နည်းဥပဒေတွင် ဖော်ပြထားသည့် အခြားကိစ္စရပ်များ။

(ခ) နည်းဥပဒေတွင် ဖော်ပြထားသော အကြောင်းကြားစာပူးတွဲလျက် ပြန်လည်ထူထောင်ရေး အစီအစဉ်၏ မိတ္တူတစ်စောင် သို့မဟုတ် အဓိကအချက်များပါဝင်သည့် အကျဉ်းချုပ် ဖော်ပြထားချက်အား ပုဒ်မ ၇၁ အရ ခေါ်ယူကျင်းပမည့် မြီရှင်များ အစည်းအဝေးမတိုင်မီ မြီရှင်အားလုံးထံ ပေးပို့ရမည်။

(ဂ) အကြောင်းကြားစာနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် အကျဉ်းချုပ်ဖော်ပြချက်အား မြီရှင်များသို့ ပေးပို့ရာတွင် ယင်းနှင့်အတူ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသည့် ပြန်လည်ထူထောင်ရေးမန်နေဂျာ၏ အစီရင်ခံစာလည်း ပါဝင်ရမည်။

(ဃ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးတစ်ယောက်က စာဖြင့်ရေးသားတောင်းခံပါက ပြန်လည် ထူထောင်ရေးမန်နေဂျာသည် အစီရင်ခံစာမိတ္တူကို ပေးပို့ရမည်။

## အခန်း (၄)
## ပြန်လည်ထူထောင်ရေးအစီအစဉ်

### ပြန်လည်ထူထောင်ရေးအစီအစဉ် မည်သည့်အချိန်တွင် အတည်ဖြစ်ခြင်း

၇၃။ (က) အဆိုပြုအစီအစဉ်ကို မြီရှင်များထံ ကြိုတင်ပေးပို့ပြီး အထမြောက်အတည်ဖြစ်သည့် မြီရှင်များ အစည်းအဝေးတွင် မြီရှင်အများစုမှလည်း သဘောတူပါက ပြန်လည်ထူထောင်ရေး အစီအစဉ်အား အတည်ဖြစ်သည်။

(ခ) အစီအစဉ်ကို အဆိုပြုသူ သို့မဟုတ် အဆိုပြုသူများ၏ သဘောတူညီချက်အရ အစီအစဉ်ပါ အချက်များကို မြီရှင်များအစည်းအဝေးတွင် ပြင်ဆင်နိုင်ပြီး မြီရှင်များက အစီအစဉ် ပြင်ဆင်ချက်ကို အဆိုပါ အစည်းအဝေးတွင်ပင် မဲပေးဆုံးဖြတ်နိုင်သည်။

(ဂ) ဤပုဒ်မပါ ရည်ရွယ်ချက်များအလို့ငှာ လိုအပ်သည့် အများစုဆိုသည်မှာ အောက်ပါအချက် နှစ်ရပ်စလုံး ပါဝင်စေရမည် -

(၁) အစည်းအဝေးတွင် မဲပေးသူမြီရှင်တို့၏ ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီပိုင်ဆိုင်သူမြီရှင်များက မဲပေးရန်နှင့်

(၂) အစည်းအဝေးတွင် မဲပေးသူ မြီရှင်စုစုပေါင်းအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက်ထက်ပိုသော မြီရှင်များက မဲပေးရန်။

(ဃ) မဲခွဲဆုံးဖြတ်ရာတွင် လက်မြှောက်၍ မဲခွဲနိုင်သည်။ အစည်းအဝေးသို့ တက်ရောက်လာသည့် မြီရှင်တိုင်းသည် မဲပေးရန်လိုအပ်ပြီး အဆုံးအဖြတ်ပြုရန်အတွက် လုံလောက်သည့် မဲအများစု ရရှိခြင်း ရှိ မရှိ သိရှိရန်အတွက် သဘာပတိက ထိုမဲများကို မှတ်တမ်းတင်ရေတွက်ရမည်။

(င) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေတွင် ဖော်ပြထားသူများထံသို့ မြီရှင်များ အစည်းအဝေးပြီးနောက် အလုပ် လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီရင်ခံရမည်။

(စ) မြီရှင် သို့မဟုတ် အစုဝင်များမှတောင်းဆိုပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် မဲခွဲစဉ်တွင် မည်သူက မည်သို့မဲပေးခဲ့ကြောင်း မှတ်တမ်းမိတ္တူကို ပေးအပ်ရမည်။

(ဆ) ပြန်လည်ထူထောင်ရေးမန်နေဂျာသည် ပုဒ်မခွဲ (င) နှင့် (စ) ကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ခန့်အပ်ခြင်းကို အကြောင်းကြားခြင်း**

၇၄။ (က) ခန့်အပ်ခြင်းခံရသည့် အစီအစဉ်ကြီးကြပ်သူသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ၎င်းအား ခန့်အပ်ပြီးကြောင်းကို ကုမ္ပဏီသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေပါ နည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်။

(၂) ၎င်းအား ခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှ ဆောလျင်စွာ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(၃) ၎င်းအား ခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်ခြင်း**

၇၅။ (က) မြီရှင်အများစုမှ သဘောတူအတည်ပြုပြီးပါက ပြန်လည်ထူထောင်ရေးမန်နေဂျာသည် အစီအစဉ်၏ အချက်များပါဝင်သော တရားဝင်စာရွက်စာတမ်းများကို စုစည်းပြုစုရမည်။ ထို့နောက် ယင်းစာရွက်စာတမ်းများကို ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာနှင့် ခန့်အပ်ခံရမည့် အစီအစဉ်ကြီးကြပ်သူတို့မှ လက်မှတ်ထိုးရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) အထက်ပါ စာရွက်စာတမ်းများအား ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်သတ်မှတ်သည့် ကာလအတွင်း လက်မှတ်ရေးထိုးရမည်။

(ဂ) ကုမ္ပဏီနှင့်အစီအစဉ်ကြီးကြပ်သူမှ ပြန်လည်ထူထောင်ရေးအစီအစဉ်အား လက်မှတ်ထိုးပြီးပါက ကယ်ဆယ်ခြင်းအဆင့်ပြီးဆုံးပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်အဆင့်စတင်သည်ဟု မှတ်ယူရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ**

၇၆။ (က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကုမ္ပဏီ၊ ၎င်း၏ မြီရှင်နှင့်အစုဝင်များအကြား ကျေအေးညှိနှိုင်းမှုကို ဖြစ်စေသည်။

(ခ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိသည် -

(၁) ပါဝင်မဲပေးခြင်းမရှိစေကာမူ အစုရှယ်ယာဝင်များ၏ အစုရှယ်ယာဆိုင်ရာအခွင့်အရေးများ၊ ထို့အပြင်

(၂) အစည်းအဝေးသို့ တက်ရောက်သည်ဖြစ်စေ၊ မတက်ရောက်သည်ဖြစ်စေ၊ အစီအစဉ်ကို ထောက်ခံမဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ မြီရှင်များ၏ အခွင့်အရေး။

(ဂ) ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်သည့်အချိန်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်လွှာကို ဆိုင်းငံ့ထားလျှင် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမှုကို စတင်စွဲဆိုခဲ့ပြီး ပြန်လည်ထူထောင်ရေးအဆင့်တွင် ဆိုင်းငံ့ထားလျှင် -

(၁) အစီအစဉ်ကြီးကြပ်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းသည့်အမှုတွင် ၎င်းအား ထိုသို့ခန့်အပ်ကြောင်းကို တင်ပြရမည်။

(၂) တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် လျှောက်လွှာကို ပလပ်ရမည်။ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်အား ပယ်ဖျက်ရမည်။

**အကျိုးသက်ဆိုင်သူများအပေါ် ပြန်လည်ထူထောင်ရေးအစီအစဉ်၏ သက်ရောက်မှု**

၇၇။ (က) ပုဒ်မခွဲ (ခ) နှင့် (ဂ) ကို မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့်နေ့တွင်ဖြစ်စေ၊ မစတင်မီဖြစ်စေ ပေါ်ပေါက်ခဲ့သော မြီရှင်များအားလုံး၏ တောင်းဆိုမှုများအပေါ်တွင် စည်းနှောင်အားရှိသည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်များမှအပ အာမခံအကျိုးခံစားခွင့်ရမြီရှင်များက ၎င်းတို့အာမခံရရှိထားသော ပိုင်ဆိုင်မှုကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင် သို့မဟုတ်

(၂) တရားရုံးက ပုဒ်မ ၇၈ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့လျှင်။

(ဂ) ပုဒ်မခွဲ (ခ) သည် အောက်ပါအချက်များမှအပ ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ ပစ္စည်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ထိခိုက်ခြင်း မရှိစေရ။

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် ပိုင်ရှင် သို့မဟုတ် အငှားချထားသူက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင် သို့မဟုတ်

(၂) တရားရုံးက ပုဒ်မ ၇၈ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်လျှင်။

(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့အပေါ်တွင်လည်း စည်းနှောင်အားရှိပါသည် -

(၁) ကုမ္ပဏီ၊

(၂) ကုမ္ပဏီ၏ အရာရှိများနှင့်

(၃) ပုဒ်မခွဲ (င) နှင့်အညီ ကုမ္ပဏီ၏ အစုဝင်များ။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ရှယ်ယာဝင်များ၏ အကျိုးကို ထိခိုက်နစ်နာစေမည့် ရှယ်ယာများ ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုလုပ်ရ။

(စ) အစုရှယ်ယာများတွင် တန်ဖိုးအလျှော့တွက်နုတ်ပြီးနောက် တန်ဖိုးမရှိတော့လျှင် ပုဒ်မခွဲ (င) ပါ ရည်ရွယ်ချက်များအရ ရှယ်ယာများကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းသည် အစုရှယ်ယာရှင်များ၏ အကျိုးကို ထိခိုက်နစ်နာသည်ဟု မှတ်ယူခြင်းမရှိစေရ။

**တရားရုံးသည် အာမခံအကျိုးခံစားခွင့်ရမြီရှင် သို့မဟုတ် ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ အခွင့်အရေးများကို ကန့်သတ်နိုင်ခြင်း**

၇၈။ (က) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ အချက်များနှင့်အညီ တရားရုံး၏ ခွင့်ပြုအရမှတစ်ပါး ကုမ္ပဏီ၏ အာမခံအကျိုးခံစားခွင့်ရမြီရှင်အပေါ် ယင်း၏ အာမခံပစ္စည်းကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်အရ သဘောတူထားသည်မှတစ်ပါး တရားရုံးသည် တစ်ဦးတစ်ယောက်က ပိုင်ဆိုင်ပြီး သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ ငှားရမ်းထားပြီး ကုမ္ပဏီက အသုံးပြုနေသော သို့မဟုတ် နေထိုင်လုပ်ကိုင်နေသော သို့မဟုတ်

လက်ဝယ်ရယူထားသော ပစ္စည်းကို တရားရုံး၏ အမိန့်အရ ခွင့်ပြုထားသည်မှလွဲ၍ ထိုသူတို့က လက်ဝယ်ရထားရှိခြင်း သို့မဟုတ် အခြားနည်းဖြင့် ပြန်လည်ရယူခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်ချမှတ်ရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် အမိန့်ချမှတ်နိုင်သည် -

(၁) ထိုအမိန့်ကို ချမှတ်ခြင်းမရှိပါက အစီအစဉ်၏ ရည်ရွယ်ချက်များအောင်မြင်ရန်အတွက် အရေးပါသော ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှုများ ရှိနိုင်ခြင်းနှင့်

(၂) အဆိုပါ အမိန့်ပါ အချက်အလက်များနှင့် အခြားသက်ဆိုင်သော ကိစ္စရပ်များတွင် အာမခံ အကျိုးခံစားခွင့်ရမြီရှင်၊ ပိုင်ရှင် သို့မဟုတ် အငှားချထားသူတို့၏ အကျိုးစီးပွားကို လုံလောက်စွာ အကာအကွယ်ပေးခြင်း။

**အစီအစဉ်ကြီးကြပ်သူ၏ အခန်းကဏ္ဍ**

၇၉။ (က) အစီအစဉ်ကြီးကြပ်သူ၏ လုပ်ငန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အစီအစဉ်ချမှတ်ခြင်း၊

(၂) အခန်း (၅) တွင် ချမှတ်ထားသော အစီအစဉ်အား ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်း ဆိုင်ရာတာဝန်များ။

(ခ) ဤအပိုင်းအရ အစီအစဉ်ကြီးကြပ်သူ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ကုမ္ပဏီ၏ အေးဂျင့်အဖြစ် ဆောင်ရွက်ခြင်း၊ ထို့အပြင်

(၂) အစီအစဉ်ကို တတ်နိုင်သမျှ ဆောလျင်စွာနှင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

**တရားရုံးက ညွှန်ကြားနိုင်သည့် အာဏာ**

၈၀။ (က) အစီအစဉ်ကြီးကြပ်သူသည် ယင်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

(ခ) အစီအစဉ်ကြီးကြပ်သူ၊ ကုမ္ပဏီ၊ ရှယ်ယာဝင် သို့မဟုတ် မြီရှင်သည် အစီအစဉ်အဆင့်တွင် ပေါ်ပေါက်လာသည့် မည်သည့်ပြဿနာကိုမဆို အဆုံးအဖြတ်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ညွှန်ကြားချက်ပေးရာတွင် သို့မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရာတွင် တရားမျှတ၍ အကျိုးရှိမည်ဟုထင်မြင်လျှင် သင့်တော်သည့် စည်းကမ်းချက်တစ်စုံတစ်ရာသတ်မှတ်၍ လျှောက်ထားမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် အခြားသင့်တော်သည့် အမိန့်ကိုလည်း ချမှတ် နိုင်သည်။

**ပြန်လည်ထူထောင်ရေးဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း**

၈၁။ (က) ပြန်လည်ထူထောင်ရေးအစီအစဉ်အဆင့်တွင် ကုမ္ပဏီသည် အောက်ပါကိစ္စရပ်များ၌ ပြန်လည် ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည် -

(၁) ကုမ္ပဏီ၊ ကုမ္ပဏီကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာတို့၏ ငွေတောင်းခံ လွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများအားလုံး၊

(၂) ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်များအားလုံး၊

(ခ) ပုဒ်မခွဲ (၁) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုသည်၊

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် ကုမ္ပဏီအရာရှိနှင့် ကုမ္ပဏီ၏ အစီအစဉ်ကြီးကြပ်သူအား မှတ်ပုံတင်အရာရှိသည် ကျပ် တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**အစီအစဉ်ကြီးကြပ်သူအား အစားထိုးခြင်း**

၈၂။ (က) ပုဒ်မ ၁၈၁၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ)၊ ပုဒ်မ ၁၈၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် အစီအစဉ်အဆင့်တွင် အစီအစဉ်ကြီးကြပ်သူနှင့်စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသည် အစီအစဉ်အဆင့်တွင်လည်း အသုံးပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အစီအစဉ်ကြီးကြပ်သူကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ ခန့်အပ်ပြီးကြောင်း မှတ်ပုံတင်အရာရှိထံ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာပေးပို့ရမည်။

## အခန်း (၅)

## ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်း

**မဲခွဲရာတွင် မဲအများစုကို သတ်မှတ်ခြင်း**

၈၃။ (က) ဤအခန်းပါ ရည်ရွယ်ချက်များအလို့ငှာ -

**ထပ်ဆင့်မဲအများစု**ဆိုသည်မှာ အောက်ဖော်ပြပါ နည်းနှစ်မျိုးစလုံးဖြင့် ရရှိသည့် မဲအများစုကို ဆိုလိုသည် -

(၁) အစည်းအဝေးတွင် မဲပေးသူမြီရှင်တို့၏ ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီပိုင်ဆိုင်သူမြီရှင်များနှင့်

(၂) အစည်းအဝေးတွင် မဲပေးသူမြီရှင် စုစုပေါင်းအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက်ထက်ပိုသော မြီရှင်များ။

**အုပ်စုတစ်စုတည်းမဲအများစု**ဆိုသည်မှာ မဲခွဲရာတွင် **ထပ်ဆင့်မဲအများစု** တွင်ပါဝင်သော အုပ်စုနှစ်စုအနက် တစ်စုက မဲအများစုရရှိခြင်းကို ဆိုလိုသည်။

**ရည်ရွယ်ချက်အောင်မြင်ပါက ပြန်လည်ထူထောင်ရေးအစီအစဉ်အား ရပ်စဲခြင်း**

၈၄။ (က) ကုမ္ပဏီပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ထိုအစီအစဉ်နှင့်သက်ဆိုင်သော အခြားသူများ၏ တာဝန်ဝတ္တရားများအား အပြည့်အဝဆောင်ရွက်ပြီးသည့်အပြင် အစီအစဉ်အရ မြီရှင်များ၏ တောင်းဆိုမှုများကို ဆောင်ရွက်ပြီးဖြစ်ပါက အစီအစဉ်ကြီးကြပ်သူသည် အစီအစဉ်အား ရပ်စဲကြောင်း အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ယင်းအကြောင်းကြားစာတွင် အထက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်ပြီးကြောင်း ဖော်ပြရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပြီးပါက ၎င်းအား ခန့်အပ်ထားမှုသည် ရပ်စဲပြီးဖြစ်သည်။

(ဂ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို ခိုင်လုံသော အကြောင်းမရှိဘဲ မှတ်ပုံတင်အရာရှိထံ ပေးပို့ရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ် တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(ဃ) အစီအစဉ်ကို အောင်မြင်စွာအကောင်အထည်ဖော်ပြီးပါက ကုမ္ပဏီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်မည်ဟု အစီအစဉ်တွင် ဖော်ပြပါရှိလျှင် အစီအစဉ်ကြီးကြပ်သူသည် ကုမ္ပဏီကို ပယ်ဖျက်ပေးရန် တစ်ချိန်တည်းတွင် လျှောက်ထားရမည်။ ထိုသို့လျှောက်ထားမှုအပေါ် ပုဒ်မ ၂၁၂ ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် အစီအစဉ်ကြီးကြပ်သူက တင်သွင်းရန် အချက်အလက်များနှင့် သက်ဆိုင်စေရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၁၃၆/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

## ဦးစီးအရာရှိရာထူး တိုးမြှင့်ခန့်ထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၇၀) ဦးတို့အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) ၏ သဘောတူညီချက်အရ ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၁) | ဒေါ်တင်တင်ဦး<br>ဒုတိယဦးစီးမှူး<br>ပုသိမ်မြို့နယ် | ဦးစီးအရာရှိ<br>သာပေါင်းမြို့နယ် |
| (၂) | ဒေါ်မြတ်မြတ်မော်<br>ဒုတိယဦးစီးမှူး<br>ဘဏ္ဍာရေးဌာနခွဲ | ဦးစီးအရာရှိ<br>သုတေသနနှင့်မှတ်တမ်းဌာနခွဲ<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| (၃) | ဦးအောင်ကျော်ဝင်း<br>ဒုတိယဦးစီးမှူး<br>မကွေးမြို့နယ် | ဦးစီးအရာရှိ<br>အောင်လံမြို့နယ် |
| (၄) | ဒေါ်သန်းသန်းဌေး<br>ဒုတိယဦးစီးမှူး<br>ရန်ကုန်တိုင်းဒေသကြီး | ဦးစီးအရာရှိ<br>ဆိပ်ကမ်းမြို့နယ် |
| (၅) | ဦးဆန်းဝင်း<br>ဒုတိယဦးစီးမှူး<br>ဒီးမော့ဆိုမြို့နယ် | ဦးစီးအရာရှိ<br>ရှားတောမြို့နယ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၆) | ဒေါ်သန်းသန်းနွယ်<br>ဒုတိယဦးစီးမှူး<br>ကျောက်ဆည်မြို့နယ် | <br>ဦးစီးအရာရှိ<br>လွိုင်လင်ခရိုင် |
| (၇) | ဒေါ်လဲ့လဲ့ဝတ်ရည်<br>ဒုတိယဦးစီးမှူး<br>ဘဏ္ဍာရေးဌာနခွဲ | <br>ဦးစီးအရာရှိ<br>ရမည်းသင်းခရိုင် |
| (၈) | ဒေါ်သန်းသန်းစိုး<br>ဒုတိယဦးစီးမှူး<br>လောက်ကိုင်မြို့နယ် | <br>ဦးစီးအရာရှိ<br>လောက်ကိုင်မြို့နယ် |
| (၉) | ဦးမြင့်ကို<br>ဒုတိယဦးစီးမှူး<br>ပျဉ်းမနားမြို့နယ် | <br>ဦးစီးအရာရှိ<br>ဇေယျာသီရိမြို့နယ် |
| (၁၀) | ဦးသိန်းမော်<br>ဒုတိယဦးစီးမှူး<br>မအူပင်ခရိုင် | <br>ဦးစီးအရာရှိ<br>ကျိုက်လတ်မြို့နယ် |
| (၁၁) | ဦးဇင်မင်းအောင်<br>ဒုတိယဦးစီးမှူး<br>ဧရာဝတီတိုင်းဒေသကြီး | <br>ဦးစီးအရာရှိ<br>ဘိုကလေးမြို့နယ် |
| (၁၂) | ဦးမင်းထက်အောင်<br>ဒုတိယဦးစီးမှူး<br>ဥတ္တရသီရိမြို့နယ် | <br>ဦးစီးအရာရှိ<br>ပင်လောင်းမြို့နယ် |
| (၁၃) | ဒေါ်လွင်လွင်တိုး<br>ဒုတိယဦးစီးမှူး<br>ပဲခူးခရိုင် | <br>ဦးစီးအရာရှိ<br>ကျောက်ကြီးမြို့နယ် |
| (၁၄) | ဒေါ်စုမွန်ကျော်<br>ဒုတိယဦးစီးမှူး<br>ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရုံးခွဲ | <br>ဦးစီးအရာရှိ<br>ကျိုင်းတုံမြို့နယ် |
| (၁၅) | ဦးမြတ်ကိုကိုဇော်<br>ဒုတိယဦးစီးမှူး<br>တာချီလိတ်မြို့နယ် | <br>ဦးစီးအရာရှိ<br>တာချီလိတ်ခရိုင် |
| (၁၆) | ဒေါ်ဇင်မာဖြိုး<br>ဒုတိယဦးစီးမှူး<br>ကျောက်ပန်းတောင်းမြို့နယ် | <br>ဦးစီးအရာရှိ<br>ဆီဆိုင်မြို့နယ် |
| (၁၇) | ဒေါ်ကြည်ကြည်ထွေး<br>ဒုတိယဦးစီးမှူး<br>စလင်းမြို့နယ် | <br>ဦးစီးအရာရှိ<br>မိုင်းရှူးမြို့နယ် |
| (၁၈) | ဦးရန်လင်းဖြိုး<br>ဒုတိယဦးစီးမှူး<br>ကုန်းကြမ်းမြို့နယ် | <br>ဦးစီးအရာရှိ<br>ကုန်းကြမ်းမြို့နယ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၁၉) | ဦးထက်လင်းအောင်<br>ဒုတိယဦးစီးမှူး<br>ပုဏ္ဏားကျွန်းမြို့နယ် | <br>ဦးစီးအရာရှိ<br>ပုဏ္ဏားကျွန်းမြို့နယ် |
| (၂၀) | ဒေါ်မေသူအောင်<br>ဒုတိယဦးစီးမှူး<br>ကျိုင်းတုံခရိုင် | <br>ဦးစီးအရာရှိ<br>ကျိုင်းတုံခရိုင် |
| (၂၁) | ဒေါ်ယုယုခိုင်<br>ဒုတိယဦးစီးမှူး<br>သဲကုန်းမြို့နယ် | <br>ဦးစီးအရာရှိ<br>သဲကုန်းမြို့နယ် |
| (၂၂) | ဦးချိုနိုင်<br>ဒုတိယဦးစီးမှူး<br>လင်းခေးခရိုင် | <br>ဦးစီးအရာရှိ<br>လင်းခေးမြို့နယ် |
| (၂၃) | ဒေါ်ခင်မျိုးသန်း<br>ဒုတိယဦးစီးမှူး<br>နိုင်ငံရေးပါတီဌာနခွဲ | ဦးစီးအရာရှိ<br>နိုင်ငံရေးပါတီဌာနခွဲ<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| (၂၄) | ဦးအောင်ကိုကိုဝင်း<br>ဒုတိယဦးစီးမှူး<br>မိုးနဲမြို့နယ် | <br>ဦးစီးအရာရှိ<br>မိုးနဲမြို့နယ် |
| (၂၅) | ဒေါ်ဝင်းဝင်းမာ<br>ဒုတိယဦးစီးမှူး<br>မအူပင်မြို့နယ် | <br>ဦးစီးအရာရှိ<br>မအူပင်မြို့နယ် |
| (၂၆) | ဦးထွန်းထွန်း<br>ဒုတိယဦးစီးမှူး<br>ဒိုက်ဦးမြို့နယ် | <br>ဦးစီးအရာရှိ<br>ရေးမြို့နယ် |
| (၂၇) | ဦးကြည်ခိုင်<br>ဒုတိယဦးစီးမှူး<br>ဇမ္ဗူသီရိမြို့နယ် | <br>ဦးစီးအရာရှိ<br>ကွမ်းလုံမြို့နယ် |
| (၂၈) | ဒေါ်အေးသီတာခင်<br>ဒုတိယဦးစီးမှူး<br>ကန်ကြီးထောင့်မြို့နယ် | <br>ဦးစီးအရာရှိ<br>ဟသ်ာတခရိုင် |
| (၂၉) | ဦးနိုင်းအွမ်<br>ဒုတိယဦးစီးမှူး<br>မင်းတပ်ခရိုင် | <br>ဦးစီးအရာရှိ<br>မတူပီမြို့နယ် |
| (၃၀) | ဦးဌေးလွင်<br>ဒုတိယဦးစီးမှူး<br>စေတုတ္တရာမြို့နယ် | <br>ဦးစီးအရာရှိ<br>ကျော့သောင်းမြို့နယ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၃၁) | ဒေါ်နှင်းပွင့်ရည်<br>ဒုတိယဦးစီးမှူး<br>မင်းလှမြို့နယ် | <br>ဦးစီးအရာရှိ<br>လဲချားမြို့နယ် |
| (၃၂) | ဒေါ်နှင်းရှုပါ<br>ဒုတိယဦးစီးမှူး<br>ကျောက်မဲခရိုင် | <br>ဦးစီးအရာရှိ<br>ကျောက်မဲခရိုင် |
| (၃၃) | ဒေါ်ရည်မွန်လှိုင်<br>ဒုတိယဦးစီးမှူး<br>မြစ်ကြီးနားမြို့နယ် | <br>ဦးစီးအရာရှိ<br>ဝိုင်းမော်မြို့နယ် |
| (၃၄) | ဒေါ်မာမာမြင့်<br>ဒုတိယဦးစီးမှူး<br>လားရှိုးမြို့နယ် | <br>ဦးစီးအရာရှိ<br>ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ |
| (၃၅) | ဒေါ်သဇင်ဝင်း<br>ဒုတိယဦးစီးမှူး<br>အင်္ဂပူမြို့နယ် | <br>ဦးစီးအရာရှိ<br>ဝါးခယ်မမြို့နယ် |
| (၃၆) | ဒေါ်မိုးမိုးခိုင်<br>ဒုတိယဦးစီးမှူး<br>ဒက္ခိဏခရိုင် | <br>ဦးစီးအရာရှိ<br>တပ်ကုန်းမြို့နယ် |
| (၃၇) | ဒေါ်ဇင်နွယ်ငွေး<br>ဒုတိယဦးစီးမှူး<br>မိုင်းတုံမြို့နယ် | <br>ဦးစီးအရာရှိ<br>လွိုင်လင်မြို့နယ် |
| (၃၈) | ဒေါ်နေရည်ဝင့်<br>ဒုတိယဦးစီးမှူး<br>ဆောမြို့နယ် | <br>ဦးစီးအရာရှိ<br>မင်းတပ်မြို့နယ် |
| (၃၉) | ဦးသူရိန်ဝင်း<br>ဒုတိယဦးစီးမှူး<br>ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | <br>ဦးစီးအရာရှိ<br>မက်မန်းခရိုင် |
| (၄၀) | ဦးမင်းနိုင်ထွေး<br>ဒုတိယဦးစီးမှူး<br>မဟာအောင်မြေမြို့နယ် | <br>ဦးစီးအရာရှိ<br>မြဝတီခရိုင် |
| (၄၁) | ဒေါ်မြသန္တာငွေး<br>ဒုတိယဦးစီးမှူး<br>ရမည်းသင်းခရိုင် | <br>ဦးစီးအရာရှိ<br>ဘားအံခရိုင် |
| (၄၂) | ဦးချမ်းသာ<br>ဒုတိယဦးစီးမှူး<br>ရပ်စောက်မြို့နယ် | <br>ဦးစီးအရာရှိ<br>လင်းခေးခရိုင် |
| (၄၃) | ဦးမင်းသီဟသန်း<br>ဒုတိယဦးစီးမှူး<br>ငဖဲမြို့နယ် | <br>ဦးစီးအရာရှိ<br>မော်လိုက်မြို့နယ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၄၄) | ဒေါ်ရီရီဝင်း | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ပခုက္ကူခရိုင် | လွိုင်ကော်ခရိုင် |
| (၄၅) | ဒေါ်သင်းသင်းနိုင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | မိတ္ထီလာမြို့နယ် | မောက်မယ်မြို့နယ် |
| (၄၆) | ဦးဇင်မောင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | မူဆယ်မြို့နယ် | နမ့်ခမ်းမြို့နယ် |
| (၄၇) | ဦးဇော်ထွန်းသောင်း | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ထားဝယ်ခရိုင် | တနင်္သာရီတိုင်းဒေသကြီး |
| (၄၈) | ဒေါ်မေပွင့်ဖြူ | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ပွင့်ဖြူမြို့နယ် | ကျေးသီးမြို့နယ် |
| (၄၉) | ဦးစိုင်းဝင်းထွဋ်အောင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | နမ့်ဆန်မြို့နယ် | နမ့်ဆန်မြို့နယ် |
| (၅၀) | ဒေါ်နန်းဝေဝေနှင်း | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ကော့ကရိတ်ခရိုင် | ကော့ကရိတ်မြို့နယ် |
| (၅၁) | ဒေါ်ဆုသန္တာ | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ညောင်လေးပင်မြို့နယ် | ဇီးကုန်းမြို့နယ် |
| (၅၂) | ဦးစောတီမသေ | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | တောင်ငူခရိုင် | သံတောင်ကြီးမြို့နယ် |
| (၅၃) | ဒေါ်နန်းစုနိုင်ဦး | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | နမ္မတူမြို့နယ် | မိုင်းရယ်မြို့နယ် |
| (၅၄) | ဦးထွန်းလင်း | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ပလက်ဝမြို့နယ် | ပလက်ဝမြို့နယ် |
| (၅၅) | ဒေါ်တောင်ဂျာခေါန် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ကွတ်ခိုင်မြို့နယ် | ကွတ်ခိုင်မြို့နယ် |
| (၅၆) | ဦးစောစိုးမိုးနိုင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | မြောင်းမြမြို့နယ် | မော်လမြိုင်ကျွန်းမြို့နယ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၅၇) | ဦးကီးလော<br>ဒုတိယဦးစီးမှူး<br>ကန်ပက်လက်မြို့နယ် | <br>ဦးစီးအရာရှိ<br>ကန်ပက်လက်မြို့နယ် |
| (၅၈) | ဦးဖေကီး<br>ဒုတိယဦးစီးမှူး<br>ချင်းပြည်နယ် | <br>ဦးစီးအရာရှိ<br>ချင်းပြည်နယ် |
| (၅၉) | ဒေါ်သူဇာဝင်း<br>ဒုတိယဦးစီးမှူး<br>မြစ်ကြီးနားခရိုင် | <br>ဦးစီးအရာရှိ<br>မိုးညှင်းခရိုင် |
| (၆၀) | ဒေါ်ယဉ်ယဉ်မွန်<br>ဒုတိယဦးစီးမှူး<br>သယ်ပို့ဌာနစု | ဦးစီးအရာရှိ<br>ထောက်ပံ့ရေးဌာနစု<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| (၆၁) | ဦးညီမွန်းခွန်း<br>ဒုတိယဦးစီးမှူး<br>လားရှိုးခရိုင် | <br>ဦးစီးအရာရှိ<br>လားရှိုးခရိုင် |
| (၆၂) | ဦးညီနပ်ဆောင်း<br>ဒုတိယဦးစီးမှူး<br>'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း | <br>ဦးစီးအရာရှိ<br>'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း |
| (၆၃) | ဒေါ်အိဇာနည်ကျော်<br>ဒုတိယဦးစီးမှူး<br>ကျောက်မဲမြို့နယ် | <br>ဦးစီးအရာရှိ<br>မိုးမိတ်ခရိုင် |
| (၆၄) | ဒေါ်အေးမြမြကျော်<br>ဒုတိယဦးစီးမှူး<br>စီမံ/ဝန်ထမ်းဌာနစု | ဦးစီးအရာရှိ<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်<br>ဥက္ကဌရုံး |
| (၆၅) | ဦးမျိုးဆက်နိုင်<br>ဒုတိယဦးစီးမှူး<br>ကျောက်ဖြူမြို့နယ် | <br>ဦးစီးအရာရှိ<br>ရမ်းဗြဲမြို့နယ် |
| (၆၆) | ဦးမြမင်းမင်းထိုက်<br>ဒုတိယဦးစီးမှူး<br>ဝိုင်းမော်မြို့နယ် | <br>ဦးစီးအရာရှိ<br>မံစီမြို့နယ် |
| (၆၇) | ဦးမင်းခန့်<br>ဒုတိယဦးစီးမှူး<br>ဂန့်ဂေါခရိုင် | <br>ဦးစီးအရာရှိ<br>ဖလမ်းမြို့နယ် |
| (၆၈) | ဒေါ်ရီရီခိုင်<br>ဒုတိယဦးစီးမှူး<br>ဖာပွန်ခရိုင် | <br>ဦးစီးအရာရှိ<br>ဖာပွန်မြို့နယ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၆၉) | ဒေါ်မကြွယ်<br>ဒုတိယဦးစီးမှူး<br>ဟားခါးခရိုင် | ဦးစီးအရာရှိ<br>ဟားခါးခရိုင် |
| (၇၀) | ဦးအဲလီရှဲ<br>ဒုတိယဦးစီးမှူး<br>ဟိုပန်မြို့နယ် | ဦးစီးအရာရှိ<br>ဟိုပန်မြို့နယ် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၄၆/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

### အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၂၇/၂၀၁၇ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲဆိုင်ရာ) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားခဲ့သော ဦးရဲရင့်လွင် အား အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၅၇/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) နေရာ၌ ဦးရဲလွင် (အစား) ဦးတင်ငွေ အား စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၅၈/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဒေါ်အေးအေးသန်း (အစား) ဦးသန်းထွန်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၅၉/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးအေးဝင်းမောင် (အစား) ဦးတင်မောင်သန်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၆၀/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်သုံးဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် သုံးဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | အဖွဲ့ဝင် (၁) | နေရာတွင် | ဦးစိုးတင့် | (အစား) | ဦးကိုကိုလေး |
| (၂) | အဖွဲ့ဝင် (၃) | နေရာတွင် | ဒေါ်ခင်မြစိမ်း | (အစား) | ဒေါ်သင်းသင်းစိုး |
| (၃) | အဖွဲ့ဝင် (၅) | နေရာတွင် | ဦးမြထွန်းဦး | (အစား) | ဦးငွေအောင် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၁/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးနေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးအောင်ထွန်းကျော် | (အစား) | ဦးစံသာမောင် |
| (၂) | အဖွဲ့ဝင် (၂) | နေရာတွင် | ဦးအောင်သိန်း | (အစား) | ဦးသာထွန်းအောင် |
| (၃) | အဖွဲ့ဝင် (၄) | နေရာတွင် | ဦးစံသာမောင် | (အစား) | ဦးမောင်သိန်းဖြူ |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၂/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၄) နေရာ၌ ဦးအုန်းညွန့် (အစား) ဦးမြင့်ဇော် အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၃/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁) | ဦးစိန်မြင့် | ၅/မရန (နိုင်) ၀၁၆၂၈၇ | မြင်းခြံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၂) | ဦးတိုးဝင်း | ၁၂/တမန (နိုင်) ၀၆၈၁၇၁ | တာမွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၃) | စိုင်းဥက္ကာ | ၁၃/လခန (နိုင်) ၀၀၀၁၈၁ | လဲချား | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၄/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

### အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| | ဦးဆီဟူးဒွေ့ | ၁/ပတအ (နိုင်) ၀၂၄၇၅၀ | ကချင်ပြည်နယ်-၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၅/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်** | | | | |
| (၁) | ဦးအောင်လျန် | ၄/မတပ (နိုင်) ၀၃၉၉၀၃ | မတူပီ (၁) | ချင်းဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၂) | ဦးရိုထန်းပွီးယာ | ၁၂/မဂဒ (နိုင်) ၀၀၁၀၇၆ | တမူး (၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၃) | ဦးကျော်ဇေယျ | ၇/အတန (နိုင်) ၀၈၁၆၆၄ | အုတ်တွင်း (၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၄) | ဦးကျော်ငွေ | ၈/မဘန (နိုင်) ၀၅၇၉၄၄ | မင်းဘူး (၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၅) | ဦးစိုးလွင် | ၉/သပက (နိုင်) ၀၁၈၀၅၈ | သပိတ်ကျင်း (၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် | ၉/မရမ (နိုင်) ၀၄၉၂၀၄ | ရှမ်းတိုင်းရင်းသား လူမျိုး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၇) | ဦးတင်မောင်ဝင်း | ၁၂/သခန (နိုင်) ၁၀၀၈၃၄ | ရသေ့တောင် (၂) | တစ်သီးပုဂ္ဂလ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၈) | ဦးနေမျိုးအောင် | ၁၂/ဆကန (နိုင်) ၀၀၁၄၀၀ | ဆိပ်ကမ်း (၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၆/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည် -

| **အမည်** | **နိုင်ငံသားစိစစ်ရေးကတ်အမှတ်** | **မဲဆန္ဒနယ်** | **ကိုယ်စားပြုပါတီ** |
|---|---|---|---|
| **ချင်းပြည်နယ်** | | | |
| ဦးညွန့်ဝင်း | ၄/ကပလ (နိုင်) ၀၀၈၁၅၈ | ကန်ပက်လက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၉၉/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကချင်ပြည်နယ်ကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ **ကချင်ပြည်နယ်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေးဝန်ကြီး/တာဝန်ပေးအပ်မည့်ဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ကချင်ပြည်နယ်ဦးစီးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကချင်ပြည်နယ်ဦးစီးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ကချင်ပြည်နယ်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ကချင်ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |

(ဆ) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(ဇ) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဈ) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန

(ည) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(ဋ) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဌ) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဍ) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ဎ) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာပြည်နယ်ဦးစီးမှူးရုံး

(ဏ) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန

(တ) ကချင်ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ထ) ကချင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်

(ဒ) မသန်စွမ်းကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဓ) ဦးစီးမှူး အတွင်းရေးမှူး
ကချင်ပြည်နယ်လူမှုဝန်ထမ်းရုံး

(န) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကချင်ပြည်နယ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်တို့၏ တိုးတက်ပြောင်းလဲမှု၊ အောင်မြင်မှုနှင့် ထိရောက်မှုအတိုင်းအတာတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊

အောက်ဖော်ပြပါ သူနာပြုဆရာမကြီး လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂၉) ဦးတို့အား အမည်နှင့် ယှဉ်တွဲပါ ရာထူး၊ ဌာနများသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ သူနာပြုအုပ် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်စမ်းစမ်းနွဲ့<br>သူနာပြုဆရာမကြီး<br>ရေနံဓာတုဗေဒစက်ရုံစု<br>မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | သူနာပြုအုပ်<br>သင်ကြားရေးဆေးရုံကြီး<br>မကွေးမြို့ |
| ၂။ | ဒေါ်စန်းစန်းအေး<br>သူနာပြုဆရာမကြီး<br>အထွေထွေရောဂါကုဆေးရုံကြီး<br>လွိုင်လင်မြို့၊ ရှမ်းပြည်နယ် | သူနာပြုအုပ်<br>စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး<br>တောင်ကြီးမြို့ |
| ၃။ | ဒေါ်နန်းခင်ခင်ညို<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံ<br>သီပေါမြို့၊ ရှမ်းပြည်နယ် | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>နမ္မတူမြို့၊ ရှမ်းပြည်နယ် |
| ၄။ | ဒေါ်စုစုဝင်း<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊<br>ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>မန္တလေးမြို့ |
| ၅။ | ဒေါ်သန်းသန်းစု<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊<br>ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၆။ | ဒေါ်အေးအေးရီ<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊<br>မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၇။ | ဒေါ်တင်တင်လင်း<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊<br>ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | သူနာပြုအုပ်<br>အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈။ | ဒေါ်မာမာဌေး<br>သူနာပြုဆရာမကြီး<br>ကလေးဆေးရုံကြီး၊ ရန်ကုန်မြို့ | သူနာပြုအုပ်<br>ခုတင် (၅၀၀) အထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၉။ | ဒေါ်ဌေးရီ<br>သူနာပြုဆရာမကြီး<br>အထူးကုဆေးရုံကြီး (ဝေဘာဂီ)<br>မြောက်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး | သူနာပြုအုပ်<br>ကလေးဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၀ | ဒေါ်ခင်မာနွယ်<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊<br>မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | သူနာပြုအုပ်<br>အလုပ်သမားဆေးရုံကြီး<br>မန္တလေးမြို့ |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၁၁။ | ဒေါ်ခင်ဆွေဦး<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံ<br>မူဆယ်မြို့၊ ရှမ်းပြည်နယ် | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>လားရှိုးမြို့၊ ရှမ်းပြည်နယ် |
| ၁၂။ | ဒေါ်ခင်စန်းကြည်<br>သူနာပြုဆရာမကြီး<br>အထွေထွေရောဂါကုဆေးရုံကြီး<br>မော်လမြိုင်မြို့၊ မွန်ပြည်နယ် | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၃။ | ဒေါ်ခင်မာအေး<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊<br>ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | သူနာပြုအုပ်<br>မြောက်ဥက္ကလာပဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၄။ | ဒေါ်ချိုမာရီ<br>သူနာပြုဆရာမကြီး<br>နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း<br>ခွဲစိတ်အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | သူနာပြုအုပ်<br>မျက်စိရောဂါအထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၅။ | ဒေါ်မြသန်းကြည်<br>သူနာပြုဆရာမကြီး<br>မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>စစ်တွေမြို့၊ ရခိုင်ပြည်နယ် |
| ၁၆။ | ဒေါ်ခင်ထားထားအေး<br>သူနာပြုဆရာမကြီး<br>မြောက်ဥက္ကလာပဆေးရုံကြီး၊ ရန်ကုန်မြို့ | သူနာပြုအုပ်<br>အထွေထွေရောဂါကုဆေးရုံသစ်ကြီး<br>ရန်ကုန်မြို့ |
| ၁၇။ | ဒေါ်နန်းဆိုင်ပန်း (ခ) နန်းဆိုင်ခမ်းပန်း<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊<br>ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး | သူနာပြုအုပ်<br>ချောက်ရေနံမြေဆေးရုံ<br>ချောက်မြို့၊ မကွေးတိုင်းဒေသကြီး |
| ၁၈။ | ဒေါ်ရီရီချို<br>သူနာပြုဆရာမကြီး<br>မြောက်ဥက္ကလာပဆေးရုံကြီး၊ ရန်ကုန်မြို့ | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၉။ | ဒေါ်တိုးတိုးဝင်း<br>သူနာပြုဆရာမကြီး<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး၊<br>ခုတင် (၁၀၀၀)၊ နေပြည်တော် | သူနာပြုအုပ်<br>အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ<br>နေပြည်တော် |
| ၂၀။ | ဒေါ်တင်တင်လေး<br>သူနာပြုဆရာမကြီး<br>ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့ | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၂၁။ | ဒေါ်သန်းသန်းလှ<br>သူနာပြုဆရာမကြီး<br>အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့ | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၂။ | ဒေါ်တင်ညို<br>သူနာပြုဆရာမကြီး<br>ရေနံ့သာအနာကြီးရောဂါကုဆေးရုံ<br>မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | သူနာပြုအုပ်<br>အရိုးရောဂါအထူးကုဆေးရုံကြီး<br>နေပြည်တော် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၂၃။ | ဒေါ်တင်တင်အေး<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး<br>လှိုင်ကော်မြို့၊ ကယားပြည်နယ် | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>လှိုင်ကော်မြို့၊ ကယားပြည်နယ် |
| ၂၄။ | ဒေါ်ခင်မာဝင်း-၁<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့ | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့<br>(စဉ့်ကိုင်မျက်စိဆေးရုံ-အင်အားဖြင့်) |
| ၂၅။ | ဒေါ်ဆွေလန်ဇိန်း<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့ | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>ဟားခါးမြို့၊ ချင်းပြည်နယ် |
| ၂၆။ | ဒေါ်တွန်အီယန်း<br>သူနာပြုဆရာမကြီး<br>ကလေးဆေးရုံကြီး၊ ရန်ကုန်မြို့ | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၇။ | ဒေါ်တင်တင်အေး<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့ | သူနာပြုအုပ်<br>ခုတင် (၃၀၀) သင်ကြားရေးဆေးရုံကြီး<br>မန္တလေးမြို့ |
| ၂၈။ | ဒေါ်သိန်းစီ<br>သူနာပြုဆရာမကြီး<br>စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်မြို့ | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉။ | ဒေါ်မာလာ<br>သူနာပြုဆရာမကြီး<br>ပြည်သူ့ဆေးရုံကြီး၊<br>ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး | သူနာပြုအုပ်<br>ပြည်သူ့ဆေးရုံကြီး<br>မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် သူနာပြုအုပ်များသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း/လက်ခံပြီးပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်က ရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) နှင့် တရားမဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (Official Development Assistant Loan-ODA Loan) တို့ဖြင့် ဆောင်ရွက်နေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအနေဖြင့် ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်များကို အပြည့်အဝ ခံစားခွင့်ရရှိနိုင်ရန်နှင့် အခွန်ကင်းလွတ်ခွင့်မရရှိနိုင်သည့် ကိစ္စရပ်များကိုလည်း ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်သတ်မှတ်လိုက်သည်။

၂။ နိုင်ငံတော်က ရယူသည့် ထောက်ပံ့ငွေ (Grant Aid) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအားလုံးကို အောက်ပါအတိုင်း ဝင်ငွေခွန် သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုလိုက်သည် -

(က) စီမံကိန်းလုပ်ငန်းတွင် လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားမှအပဖြစ်သော ဝန်ထမ်းများ၏ လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ခ) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများ၏ ရရှိသည့်ဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ဂ) စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန် တင်သွင်းလာသည့် ကုန်စည်များ၊ စက်ပစ္စည်းများ လိုအပ်သော ဆက်စပ်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊

(ဃ) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများက ကောက်ခံပေးရမည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်။

၃။ နိုင်ငံတော်က ရယူသည့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်တာအဖြစ် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအားလုံးကို အောက်ပါအတိုင်း ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုလိုက်သည် -

(က) နိုင်ငံတော်က ရယူသည့်ချေးငွေအတွက် အတိုးပေးငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ခ) စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန် တင်သွင်းလာသည့် ကုန်စည်များ၊ စက်ပစ္စည်းများ လိုအပ်သော ဆက်စပ်ပစ္စည်းများအပေါ် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊

(ဂ) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများက ကောက်ခံပေးရမည့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်။

၄။ ဤအမိန့်ကြော်ငြာစာ၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ ထောက်ပံ့ငွေ (Grant Aid) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာအဖြစ် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအနက် မြန်မာနိုင်ငံသားများမှအပဖြစ်သော ဝန်ထမ်းများသည် -

(က) ၎င်းတို့ရရှိသည့် လစာဝင်ငွေအပေါ်တွင် လစာဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ အရ ငွေထုတ်ပေးရန် တာဝန်ရှိသူကလည်း ၎င်းတို့၏လစာဝင်ငွေအပေါ် ကျသင့်အခွန်ကို နုတ်ယူပေးသွင်းရန် တာဝန်မရှိစေရ။

(ခ) သို့ရာတွင် ထောက်ပံ့ငွေဖြင့် ဖော်ဆောင်သည့်စီမံကိန်းလုပ်ငန်းမှအပ အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရရှိသည့် လစာဝင်ငွေအပေါ်တွင် ဤအမိန့်ကြော်ငြာစာအရ လစာဝင်ငွေခွန်ကင်းလွတ်ခွင့်မရှိစေရ။

၅။ ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်သော စီမံကိန်းအတွက် ကုန်စည်တင်သွင်းခြင်းမှအပ အခြားစီမံကိန်းများ၊ လုပ်ငန်းများ ဆောင်ရွက်ရန် ကုန်စည်များတင်သွင်းခြင်းအတွက် ဤအမိန့်ကြော်ငြာစာအရ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည့်တာဝန်အား ကင်းလွတ်ခွင့်မရှိစေရ။

၆။ ဤအမိန့်ကြော်ငြာစာ၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ) နှင့် အပိုဒ် ၃၊ အပိုဒ်ခွဲ (ဂ) တို့အရ ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံ ကန်ထရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်းအတွက်

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ဝန်ဆောင်ခနှင့်အတူ ကောက်ခံပေးရမည့် ကုန်သွယ်လုပ်ငန်းခွန် (Output Tax) အား ကောက်ခံပေးဆောင်ရန်တာဝန်မှ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး ဝန်ဆောင်မှု လက်ခံရရှိသူအဖွဲ့အစည်းများအနေဖြင့်လည်း ဝန်ဆောင်ခနှင့်အတူ ပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန် (Input Tax) အား ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။

၇။ စီမံကိန်းလုပ်ငန်းအတွက် သဘောတူစာချုပ်တစ်ရပ်ရပ်ချုပ်ဆို၍ ပြည်တွင်း၌ ကုန်စည်ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းအတွက် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။ သို့ရာတွင် ကုန်စည်များ၊ ကုန်ကြမ်းများကို ဈေးဝယ်သည့် (Shopping) သဘောကဲ့သို့ ဝယ်ယူခြင်း၊ ဝန်ထမ်းများက ဟိုတယ်များ၊ စားသောက်ဆိုင်များတွင် နေထိုင်စားသောက်ခြင်း၊ လျှပ်စစ်ခ၊ မီတာခနှင့် ကုန်တိုက်များတွင် အသုံးအဆောင်များ၊ စားသောက်ကုန်များ ဝယ်ယူခြင်း၊ ဖုန်းပြောဆိုမှုများ စသည့်ဝန်ဆောင်မှုများရယူခြင်း အတွက် ပေးဆောင်ရသည့် ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့်မရှိစေရ။

၈။ နိုင်ငံတော်က ရယူသည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ ချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများအနေဖြင့် အဆိုပါစီမံကိန်းသည် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက် ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက်တောင်းခံ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၉။ သို့ရာတွင် နိုင်ငံတော်က ရယူသည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ ချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်သော စီမံကိန်းများ မဟုတ်ဘဲ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဆောင်ရွက်နေသည့်စီမံကိန်းများ သို့မဟုတ် အဆိုပါအဖွဲ့အစည်း များ၏ အကူအညီဖြင့် ကုမ္ပဏီများက ဆောင်ရွက်နေသည့် အစီအစဉ်များသည် ဤအမိန့်ကြော်ငြာစာနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၀။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။ ဤအမိန့်ကြော်ငြာစာ အကျိုးသက်ရောက်သည့်နေ့မတိုင်မီ ဆောင်ရွက်ခဲ့သည့် အခွန်ဆိုင်ရာကိစ္စရပ်များ အပေါ် ဤအမိန့်ကြော်ငြာစာအရ နောက်ကြောင်းပြန် အကျိုးသက်ရောက်ခြင်း မရှိစေရ။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

**အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာတိုးမြှင့်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၈) မှ အငြိမ်းစားဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာမှုရှိစေရန်အတွက် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို တိုးမြှင့်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ အငြိမ်းစားလစာ ခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအငြိမ်းစားယူပါက ရရှိမည့်ပင်စင်ခံစားခွင့်အတိုင်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ပင်စင်လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။

၃။ တိုးမြှင့်ပင်စင်လစာအား ပင်စင်စား၏ အငြိမ်းစားယူခဲ့သော နောက်ဆုံးရာထူးချိန်ညှိန်းလစာနှင့် ကိုက်ညီသည့် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့စွဲပါ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၈) အရ သတ်မှတ်သော လစာနှုန်းထားများအပေါ်တွင် အခြေပြု၍ ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်သတ်မှတ်ပေးသွားမည်ဖြစ်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၁၈)

### နိုင်ငံရေးပင်စင်လစာများအား တိုးမြှင့်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၈) မှ နိုင်ငံရေးပင်စင်စားများ၏ စားဝတ်နေရေး သက်သာမှုရှိစေရန်အတွက် နိုင်ငံရေးပင်စင်လစာကို တိုးမြှင့်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ပါ၍ နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီက နိုင်ငံရေးပင်စင်စားများ၏ ပင်စင်လစာများအား ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၉ ရက် နေ့စွဲပါ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၈) ဖြင့် သတ်မှတ်သော မြို့ပြလစာနှုန်းထားနှင့် ညှိနှိုင်းတွက်ချက်ရရှိမည့် နိုင်ငံရေးပင်စင်လစာသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုလိုက်သည်။ လက်ရှိရရှိနေသော နိုင်ငံရေးပင်စင်လစာသည် (၂၇၅,၀၀၀/-) ထက်ပိုများနေပါက လက်ရှိအတိုင်းသာ ခံစားသွားရန် ဖြစ်သည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

မြန်မာနိုင်ငံတွင် **၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေ၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (င) အရ** National Highways လမ်း (၅၀) အား Road Numbering System အနေဖြင့် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည် -

| စဉ် | လမ်းကြောင်းအမည် | လမ်းနံပါတ် | ဖြတ်သန်းသွားသည့် တိုင်းဒေသကြီး/ ပြည်နယ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဘုရားကြီး-သထုံ-မော်လမြိုင်ထားဝယ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း | NH 1 | ပဲခူး/မွန်/တနင်္သာရီ | လမ်းကြောင်းသတ်မှတ်ချက်အရမြေပြင်တွင်အမှန်တကယ်ရှိသည့်လမ်းကြောင်းအရှည်ကိုပြန်လည်တိုင်းတာစိစစ်သတ်မှတ်သွားရန်ဖြစ်ပါသည်။ |
| ၂ | တုံခါ-သဲဖြူ-မောတောင်လမ်း (ထိုင်းနိုင်ငံနယ်ခြား) လမ်း | NH 2 | တနင်္သာရီ | |
| ၃ | ထားဝယ် (SEZ)-မေတ္တာ-ထီးခီး (ဖူနမ်ရွှမ်) (ထိုင်းနိုင်ငံနယ်ခြား) လမ်း | NH 3 | တနင်္သာရီ | |
| ၄ | သံဖြူဇရပ်-ဘုရားသုံးဆူလမ်း (ထိုင်းနိုင်ငံနယ်ခြား) လမ်း | NH 4 | မွန်/ကရင် | |
| ၅ | ပုသိမ်-အိမ်မဲ-ဝါးခယ်မ-မော်လမြိုင်ကျွန်း-ဘိုကလေး-ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ရန်ကုန်လမ်း | NH 5 | ဧရာဝတီ/ရန်ကုန် | |
| ၆ | သထုံ-ဘားအံ-ကော့ကရိတ်-မြဝတီ (ထိုင်းနိုင်ငံနယ်ခြား) လမ်း | NH 6 | မွန်/ကရင် | |
| ၇ | ပုသိမ်-ချောင်းသာ-ငွလမ်း | NH 7 | ဧရာဝတီ/ရခိုင် | |
| ၈ | ရန်ကုန်-ပုသိမ်လမ်း | NH 8 | ရန်ကုန်/ဧရာဝတီ | |

| စဉ် | လမ်းကြောင်းအမည် | လမ်းနံပါတ် | ဖြတ်သန်းသွားသည့် တိုင်းဒေသကြီး/ ပြည်နယ် | မှတ်ချက် |
|---|---|---|---|---|
| ၉ | ငါးသိုင်းချောင်း(ရေနံ့သာ)-ဂွ-သံတွဲ-တောင်ကုတ်လမ်း | NH 9 | ဧရာဝတီ/ရခိုင် | လမ်းကြောင်းသတ်မှတ်ချက်အရမြေပြင်တွင်အမှန်တည်ရှိသည့်လမ်းကြောင်းအရှည်ကိုပြန်လည်တိုင်းတာစိစစ်သတ်မှတ်သွားရန်ဖြစ်ပါသည်။ |
| ၁၀ | ပုသိမ်-မုံရွာလမ်း | NH 10 | ဧရာဝတီ/ပဲခူး/ မကွေး/စစ်ကိုင်း | |
| ၁၁ | ရန်ကုန်-ပြည်-မကွေး-ကျောက်ပန်းတောင်း-မြင်းခြံ-မန္တလေးလမ်း | NH 11 | ရန်ကုန်/ပဲခူး/ မကွေး/မန္တလေး | |
| ၁၂ | ရန်ကုန်-တောင်ငူ-မိတ္ထီလာ-မန္တလေးလမ်း- | NH 12 | ရန်ကုန်/ပဲခူး/ နေပြည်တော်/မန္တလေး | |
| ၁၃ | ပြည်-ပန်းတောင်း-တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း | NH 13 | ပဲခူး/ရခိုင် | |
| ၁၄ | ပြည်-ပေါက်ခေါင်း-တောင်ငူ (အုတ်တွင်း) လမ်း | NH 14 | ပဲခူး | |
| ၁၅ | တောင်ငူ-မော်ချီး-ဘောလခဲ-ဒီးမော့ဆိုလမ်း | NH 15 | ပဲခူး/ကရင်/ကယား | |
| ၁၆ | ဘောလခဲ-ရွာသစ်-စွပ်ပိုင်- BP 10 (ထိုင်းနိုင်ငံနယ်ခြား) လမ်း | NH 16 | ကယား | |
| ၁၇ | လွိုင်ကော်-ပွန်ချောင်း-ရှားတော-တာတမော့လမ်း | NH 17 | ကယား | |
| ၁၈ | မင်းဘူး-အမ်း-စစ်တွေလမ်း | NH 18 | မကွေး/ရခိုင် | |
| ၁၉ | နေပြည်တော်-ကံပြား-မကွေးလမ်း | NH 19 | နေပြည်တော်/မကွေး | |
| ၂၀ | ပျဉ်းမနား-(ကင်းသာ)-ပင်လောင်း-လွိုင်ကော်လမ်း | NH 20 | နေပြည်တော်/ ရှမ်း(တောင်)/ကယား | |
| ၂၁ | တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း | NH 21 | ပဲခူး/ကရင်/ ရှမ်း (တောင်)/ကယား | |
| ၂၂ | BPI (ထိုင်းနိုင်ငံနယ်ခြား)-မိုင်းတုံ-မိုင်းပန်-ကွန်ဟိန်း-မိုင်းနောင်- ကျေးသီး-မိုင်းရယ်-လားရှိုး (မူဆယ်) လမ်း | NH 22 | ရှမ်း (အရှေ့)/ ရှမ်း (တောင်)/ ရှမ်း (မြောက်) | |
| ၂၃ | နန့်ဆန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်လမ်း | NH 23 | ရှမ်း (တောင်)/ ရှမ်း (အရှေ့) | |
| ၂၄ | စစ်တွေ-ပုဏ္ဏားကျွန်း- ရသေ့တောင်-ဘူးသီးတောင်-မောင်တော-ကြိမ်ချောင်း-တောင်ပြိုလက်ဝဲ-(ဘင်္ဂလားဒေ့ရှ် နိုင်ငံခြား) လမ်း | NH 24 | ရခိုင် | |
| ၂၅ | ကျောက်တော်-ပလက်ဝ-စက်ပစ်ပြင်-မြိတ်ဝ(ဇိုရင်ပွီ)(အိန္ဒိယနိုင်ငံနယ်ခြား)လမ်း | NH 25 | ရခိုင်/ချင်း | |
| ၂၆ | မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး-မြင်းခြံလမ်း | NH 26 | မန္တလေး | |
| ၂၇ | မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် (ထိုင်းနိုင်ငံနယ်ခြား) လမ်း | NH 27 | မန္တလေး/ရှမ်း(တောင်) ရှမ်း(အရှေ့) | |
| ၂၈ | တာချီလိတ်(ထိုင်းနိုင်ငံနယ်ခြား)-ကျိုင်းတုံ-မိုင်းခတ်-မိုင်းပေါက်-ပန်ဆန်း-မိုင်းမော-ဟိုပန်-ချင်းရွှေဟော်(တရုတ်နိုင်ငံနယ်ခြား)လမ်း | NH 28 | ရှမ်း(အရှေ့)/ ရှမ်း (မြောက်) | |

| စဉ် | လမ်းကြောင်းအမည် | လမ်းနံပါတ် | ဖြတ်သန်းသွားသည့်တိုင်းဒေသကြီး/ပြည်နယ် | မှတ်ချက် |
|---|---|---|---|---|
| ၂၉ | တာလေ-ပါသျှိုး-ကျိုင်းလပ်လမ်း (လာအိုနိုင်ငံနယ်ခြား) လမ်း | NH 29 | ရှမ်း(အရှေ့) | လမ်းကြောင်းသတ်မှတ်ချက်အရမြေပြင်တွင်အမှန်တည်ရှိသည့်လမ်းကြောင်းအရှည်ကိုပြန်လည်တိုင်းတာစိစစ်သတ်မှတ်သွားရန်ဖြစ်ပါသည်။ |
| ၃၀ | ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်-မတူပီလမ်း | NH 30 | မကွေး/ချင်း | |
| ၃၁ | ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း | NH 31 | ရှမ်း(မြောက်)/ရှမ်း(တောင်) | |
| ၃၂ | လွိုင်လင်-ပန်ကေတု-သီပေါ(ခိုလန်)လမ်း | NH 32 | ရှမ်း(တောင်)/ရှမ်း(မြောက်) | |
| ၃၃ | ကျိုင်းတုံ-မိုင်းမ-မိုင်းလား (တရုတ်နိုင်ငံနယ်ခြား) လမ်း | NH 33 | ရှမ်း(အရှေ့) | |
| ၃၄ | ဟားခါး-မတူပီ-ပလက်ဝလမ်း | NH 34 | ချင်း | |
| ၃၅ | မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း | NH 35 | စစ်ကိုင်း/မကွေး/ချင်း | |
| ၃၆ | မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း | NH 36 | မန္တလေး/စစ်ကိုင်း | |
| ၃၇ | မန္တလေး-လားရှိုး-မူဆယ်-နန့်ခမ်း-ဗန်းမော်လွယ်ဂျယ်(တရုတ်နိုင်ငံနယ်ခြား)လမ်း | NH 37 | မန္တလေး/ရှမ်း(မြောက်)/ကချင် | |
| ၃၈ | စစ်ကိုင်း(အုန်းတော)-ရွှေဘိုလမ်း | NH 38 | စစ်ကိုင်း | |
| ၃၉ | ဟားခါး-ထန်တလန်-ဆာဆီချောက် (အိန္ဒိယနိုင်ငံနယ်ခြား) လမ်း | NH 39 | ချင်း | |
| ၄၀ | ကလေး-သိုင်းငင်း-ဖလမ်း-ဟားခါးလမ်း | NH 40 | စစ်ကိုင်း/ချင်း | |
| ၄၁ | ဂန့်ဂေါ-ကလေး-ကျီကုန်းလမ်း | NH 41 | မကွေး/စစ်ကိုင်း | |
| ၄၂ | မုံရွာ-ယာကြီး-ကလေးဝလမ်း | NH 42 | စစ်ကိုင်း | |
| ၄၃ | မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း | NH 43 | မန္တလေး/ကချင်/စစ်ကိုင်း | |
| ၄၄ | သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် (တရုတ်နိုင်ငံနယ်ခြား)လမ်း | NH 44 | ရှမ်း (မြောက်) | |
| ၄၅ | သိုင်းငင်း-တီးတိန်-တွန်းဇံ-ကျီခါး (အိန္ဒိယနိုင်ငံနယ်ခြား)လမ်း | NH 45 | ချင်း | |
| ၄၆ | ရွှေဘို-ရေဦး-ကလေးဝ-ကျီကုန်း-တမူး (အိန္ဒိယနိုင်ငံနယ်ခြား)လမ်း | NH 46 | စစ်ကိုင်း | |
| ၄၇ | ရွှေဘို-မြစ်ကြီးနားလမ်း | NH 47 | စစ်ကိုင်း/ကချင် | |
| ၄၈ | သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး-ဆင်သေ-လဟယ်-ဒုံဟီး-နန်းယွန်းလမ်း | NH 48 | စစ်ကိုင်း | |
| ၄၉ | ကန်ပိုက်တီး (တရုတ်နိုင်ငံနယ်ခြား) ဝိုင်းမော်-မြစ်ကြီးနား-တနိုင်း-ပန်ဆောင် (အိန္ဒိယနိုင်ငံနယ်ခြား)လမ်း | NH 49 | ကချင်/စစ်ကိုင်း | |
| ၅၀ | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို-နောင်မွန်းလမ်း | NH 50 | ကချင် | |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ လမ်းဦးစီးဌာနပိုင် ငရုတ်ကောင်း-ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-ကျောက်ချွန်-ဂွကမ်းရိုးတန်းပတ်လမ်းတွင်ပါဝင်သော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် **မကျေးငူ-ကျောက်ချွန်လမ်း (၉) မိုင် (၆) ဖာလုံ** အား လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည် -

(က) လမ်းပိုင်းအမည် - မကျေးငူ-ကျောက်ချွန်လမ်း
(ခ) လမ်းအရှည် - (၉) မိုင် (၆) ဖာလုံ
(ဂ) စတင်သည့်နေရာ - ဂွမြို့နယ်
(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ဂွမြို့နယ်
(င) လမ်းနယ်နိမိတ်အကျယ် - -

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရခိုင်ပြည်နယ်အတွင်းရှိ လမ်းအရှည်စုစုပေါင်းကို (၁၇၂၄ မိုင် ၆. ၃၆ ဖာလုံ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

မြန်မာနိုင်ငံတွင် **၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေ၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (င) အရ** ပင်မသွေးကြော လမ်းမကြီး (Main Arterial Road) လမ်းကြောင်း (၁၈) ခုအား Road Numbering System အနေဖြင့် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည် -

**(က) အဓိကလမ်းမကြီးကွန်ရက်စနစ်တွင်ပါဝင်သည့် တောင်မှမြောက်သို့ ဆက်သွယ်သော လမ်းမကြီးများ**

| စဉ် | လမ်းကြောင်းအမည် | လမ်းနံပါတ် | ဖြတ်သန်းသွားသည့် တိုင်းဒေသကြီး/ ပြည်နယ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပုသိမ် - ရွှေမြင်တင် - ချောင်းသာ - ဂွ - ကျိန္တလီ - သံတွဲ - တောင်ကုတ် - မအီ - အမ်း - နရမ်းလမ်းဆုံ - မင်းပြား - ပေါက်တော - ရသေ့တောင် - ဘူးသီးတောင် - မောင်တော - ကြိမ်ချောင်း - ဗန္ဒုလလမ်း | A 1 | ရခိုင်/ဧရာဝတီ | လမ်းကြောင်းသတ်မှတ်ချက်အရ မြေပြင်တွင် အမှန်တည်ရှိသည့် လမ်းကြောင်းအရှည်ကို ပြန်လည်တိုင်းတာ စိစစ် သတ်မှတ်သွားရန် ဖြစ်ပါသည်။ |
| ၂ | လပွတ္တာ - မြောင်းမြ - အိမ်မဲ - ကျောင်းကုန်း - ကံကလေး - ရေကြည် - ကွင်းကောက် - ဘက်ရဲ - ဥသျှစ်ပင် - ပဒါန်း - ကံပြား - ကဇွန်းမ - ဆော - ကျောက်ထု - ထီးလင်း -ဂန့်ဂေါ - ဟံသာဝတီ - ကလေး - ကျီကုန်း - တမူးလမ်း | A 3 | စစ်ကိုင်း/မကွေး/ပဲခူး/ဧရာဝတီ | |

| စဉ် | လမ်းကြောင်းအမည် | လမ်းနံပါတ် | ဖြတ်သန်းသွားသည့် တိုင်းဒေသကြီး/ ပြည်နယ် | မှတ်ချက် |
|---|---|---|---|---|
| ၃ | ရန်ကုန် - မှော်ဘီ - တိုက်ကြီး - သာယာဝတီ - မင်းလှ - ပြည် - ကံမ - သရက် - မင်းလှ - မင်းဘူး - မကွေး - ရေနံချောင်း - ကျောက်ပန်းတောင်း - ညောင်ဦး - လက်ပံချိပေါ် - ပခုက္ကူ - မြိုင် - လင်းကတော - ကျားတက် - ဆားလင်းကြီး - မုံရွာ - ရေဦး - တန့်ဆည် - ကန့်ဘလူ - ကွန်းလှ - ကောလင်း - ဝင်းကြီး - ဝန်းသို - နန့်သဲ - နန့်စီးအောင် - နမ္မတီးလမ်း | A 5 | ကချင်/စစ်ကိုင်း/ မကွေး/မန္တလေး/ ပဲခူး/ရန်ကုန် | လမ်းကြောင်း သတ်မှတ်ချက် အရ မြေပြင် တွင် အမှန် တည်ရှိသည့် လမ်းကြောင်း အရှည်ကို ပြန်လည် တိုင်းတာ စိစစ် သတ်မှတ် သွားရန် ဖြစ်ပါသည်။ |
| ၄ | ရန်ကုန် - ပဲခူး - တောင်ငူ - ပျဉ်းမနား - ပျော်ဘွယ် - မိတ္ထီလာ - ကျောက်ဆည် - မန္တလေး - မတ္တရာ - လက်ပံလှ - ဖော့တော - တွင်းငယ် - တကောင်း - မြတောင် - ငါးအိုး - သာယာကုန်း - ရွှေကူ - ငါးဘတ်ကြီး - မန်ဝိန်းလေး - ဆဝမ်ကထောင် - ဗန်းမော် - ဝိုင်းမော် - မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း | A 7 | ကချင်/စစ်ကိုင်း/ မန္တလေး/ပဲခူး/ ရန်ကုန် | |
| ၅ | ကော့သောင်း - ဘုတ်ပြင်း - တနင်္သာရီ - ကျောက်ဖြူတောင် (မြိတ်) - ရေး - သံဖြူဇရပ် - မုဒုံ - မော်လမြိုင် - သထုံ - ဘီးလင်း - ဖာပွန် - ခဲမဖြူ - ဖားဆောင်း - ဘောလခဲ - လွိုင်ကော် - ဟိုပုံး - လွိုင်လင် - ပန်ကေတု - ခိုလုံ - မယ်ဟန် - လားရှိုး - သိန္နီ - ကွတ်ခိုင် - နမ့်ဖတ်ကာ - မူဆယ်လမ်း | A 9 | ရှမ်း/ကယား/ ကရင်/မွန်/ တနင်္သာရီ | |
| ၆ | တာချီလိတ်/ ကျိုင်းလပ် - တာလေ - မိုင်းဖြတ် - ကျိုင်းတုံ - မိုင်းခတ် - မိုင်းနွန်း - မိုင်းပေါက် - နောင်ခတ် - မိုင်းမော - မန်မိန်းဟုန် - နမ့်ဟူးလမ်း | A 11 | ရှမ်း | |

## (ခ) အဓိကလမ်းမကြီးကွန်ရက်စနစ်တွင်ပါဝင်သည့် အနောက်မှ အရှေ့သို့ ဆက်သွယ်သော လမ်းမကြီးများ

| စဉ် | လမ်းကြောင်းအမည် | လမ်းနံပါတ် | ဖြတ်သန်းသွားသည့် တိုင်းဒေသကြီး/ ပြည်နယ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | တနင်္သာရီ - တုံခါ - သဲဖြူ - မောတောင်လမ်း | A 2 | တနင်္သာရီ | လမ်းကြောင်း သတ်မှတ်ချက် အရ မြေပြင် တွင် အမှန် တည်ရှိသည့် |
| ၂ | ထားဝယ် - ပကာရီ - မေတ္တာ - ဆင်ဖြူတိုင် - ထီးခီးလမ်း | A 4 | တနင်္သာရီ | |
| ၃ | သံဖြူဇရပ် - ချောင်းဆုံ - ဘုရားသုံးဆူလမ်း | A 6 | မွန်/တနင်္သာရီ | |

| စဉ် | လမ်းကြောင်းအမည် | လမ်းနံပါတ် | ဖြတ်သန်းသွားသည့် တိုင်းဒေသကြီး/ပြည်နယ် | မှတ်ချက် |
|---|---|---|---|---|
| ၄ | ငရုပ်ကောင်း - ငရုပ်ကောင်းတောင် - ဥသျှစ်ကွင်း - ငပုတော - ပမ္မဝတီ - မြောင်းမြ - ဝါးခယ်မ - မော်လမြိုင်ကျွန်း - ဘိုကလေး - ဖျာပုံ - ဒေးဒရဲ - ကွမ်းခြံကုန်း - ကော့မှူး - ကံဘဲ့ - ဒလ - သန်လျင် - သုံးခွ - သနပ်ပင် - ဘီးလင်းလမ်း | A 8 | ဧရာဝတီ/ ရန်ကုန်/ ပဲခူး/မွန် | လမ်းကြောင်း အရှည်ကို ပြန်လည် တိုင်းတာစိစစ် သတ်မှတ်သွားရန် ဖြစ်ပါသည်။ |
| ၅ | ပုသိမ် - ကံကလေး - ကျောင်းကုန်း - ပန်းတနော် - ဆားမလောက် - ထန်းတပင် - မှော်ဘီ - ထောက်ကြန့် - ဇရပ်ကွင်း - ပဲခူး - စစ်တောင်း - ဘီးလင်း - သထုံ - ဘားအံ - နောင်လုံ - ဂျိုင်း - ကျုံဒိုး - လှိုင်းကွယ် - မြဝတီလမ်း | A 10 | ဧရာဝတီ/ ရန်ကုန်/ပဲခူး/ မွန်/တနင်္သာရီ | |
| ၆ | တောင်ကုတ် - ပန်းတောင်း - ပြည် - ပေါက်ခေါင်း - အုတ်တွင်း - တောင်ငူ - သံတောင် - မော်ချီး - ဖားဆောင်း - မယ်စဲ့ - BP - 13 လမ်း | A 12 | ရခိုင်/ပဲခူး/ ကရင်/ကယား | |
| ၇ | ကျောက်ဖြူ - မအီ - အမ်း - ပဒါန်း - မင်းဘူး - မကွေး - တောင်တွင်းကြီး - ချောင်းနတ် - တောင်ညို - ပျဉ်းမနား - ပင်လောင်း - ဖယ်ခုံ - လွိုင်ကော်လမ်း | A 14 | ရခိုင်/မကွေး/ မန္တလေး/ရှမ်း/ ကယား | |
| ၈ | စစ်တွေ - ပုဏ္ဏားကျွန်း - ကျောက်တော် - ပလက်ဝ - မတူပီ - မင်းတပ် - ကန်ပက်လက် - ကဇွန်းမ - ချောက် - ငွေးချို - ကျောက်ပန်းတောင်း - မိတ္ထီလာ - သာစည် - ဘုရားငါးဆူ - ကလော - တောင်ကြီး - ဟိုပုံး - လွိုင်လင် - နမ့်စန် - ကွန်ဟိန်း - တာကော - မိုင်းပြင်း - ကျိုင်းတုံ - မိုင်းမ - မိုင်းလားလမ်း | A 16 | ရခိုင်/ချင်း/ မကွေး/မန္တလေး/ ရှမ်း | |
| ၉ | ဟားခါး - ဂန့်ဂေါ - ပုလဲ - မုံရွာ - မြင်းမူ - အုန်းတော - စစ်ကိုင်း - မြစ်ငယ် - ထုံးဘို - ပြင်ဦးလွင် - ကျောက်မဲ - သီပေါ - လားရှိုး - သိန္နီ - ကွမ်းလုံ - နမ်းဟူး - ချင်းရွှေဟော်လမ်း | A 18 | ချင်း/စစ်ကိုင်း/ မကွေး/မန္တလေး/ ရှမ်း | |
| ၁၀ | ကလေး - ကျီကုန်း - ကလေးဝ - သက္ကယ်ကျင်း - တန့်ဆည် - ရေဦး - ရွှေဘို - ကျောက်မြောင်း - စဉ့်ကူး - လက်ပံလှ - ဖော့တော - သပိတ်ကျင်း - တွင်းငယ် - မိုးမိတ် - မန်တုံ - မုံးဝီ - နမ့်ခမ်း - မူဆယ်လမ်း | A 20 | စစ်ကိုင်း မန္တလေး/ရှမ်း | လမ်းကြောင်း သတ်မှတ်ချက် အရ မြေပြင်တွင် အမှန်တည်ရှိသည့် |
| ၁၁ | တမူး - စစ်သောင် - ရောင်ဟီး - ပင်လည်ဘူး - ဝင်းကြီး - ဝန်းသို - ကျောက်တန်း - ဆင်ကုန်း - မရသိမ် - ထီးချိုင့် - မြတောင် - ငါးအိုး - သာယာကုန်း - ကျေးတော - ငါးဘတ်ကြီး - စင်းခန်း - ဟံထက် - မန်ဝိန်းလေး - ဆဝမ် - ကထောင် - မံစီ - ကိုက်ထိပ် - မံဝန်ကြီး - နမ့်ခမ်းလမ်း | A 22 | စစ်ကိုင်း/ မန္တလေး/ကချင်/ ရှမ်း | လမ်းကြောင်း အရှည်ကို ပြန်လည် တိုင်းတာ စိစစ် သတ်မှတ် |
| ၁၂ | ပန်ဆောင် - နန်းယွန်း - ရှင်ဗွေယန် - တနိုင်း - လဝ - နမ္မတီး - မြစ်ကြီးနား - ဝိုင်းမော် - ဆဒုံး - ကန်ပိုက်တီးလမ်း | A 24 | ကချင်/စစ်ကိုင်း | သွားရန် ဖြစ်ပါသည်။ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၆/၂၀၁၈ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်သက် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၈) ၏ သဘောတူညီချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးမှူး/ လူမှုဝန်ထမ်း-၁ (မူကြို)/လူမှုဝန်ထမ်း-၂/ဌာနစိတ်မှူး (၂၇) ဦးတို့အား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့မှစ၍ ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲပါနေရာများတွင် ရာထူးတိုးမြှင့်တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်ဝေဝေလတ် | ဦးစီးမှူး ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ ဟားခါးမြို့၊ (Information Centre၊ ရန်ကုန်မြို့ တွဲဖက်) | လက်ထောက်ကထိက လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း၊ ရန်ကုန်မြို့ |
| (ခ) | ဒေါ်တင်လှဲ့လှဲ့ထွန်း | ဦးစီးမှူး ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ ပုသိမ်မြို့ | ကျောင်းအုပ် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၊ ပုသိမ်မြို့ |
| (ဂ) | ဒေါ်ဝင်းဝင်းမာ | ဦးစီးမှူး မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ မော်လမြိုင်မြို့ | ဦးစီးအရာရှိ ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ဘားအံမြို့ |
| (ဃ) | ဒေါ်ဝင်းဝင်းမြင့် | ဦးစီးမှူး ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ ပဲခူးမြို့ | ဦးစီးအရာရှိ သုံးခွမြို့နယ်လူမှုဝန်ထမ်းရုံး၊ သုံးခွမြို့ |
| (င) | ဦးကျော်ဇင်ဦး | ဦးစီးမှူး ပြည်ခရိုင်လူမှုဝန်ထမ်းရုံး၊ ပြည်မြို့ | ကျောင်းအုပ် မသန်စွမ်းသက်ကြီး သင်တန်းကျောင်း၊ ရန်ကုန်မြို့ |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (စ) | ဦးသစ္စာ | ဦးစီးမှူး<br>မကွေးတိုင်းဒေသကြီး<br>လူမှုဝန်ထမ်းရုံး၊ မကွေးမြို့ | ဦးစီးအရာရှိ မကွေးတိုင်းဒေသကြီး<br>လူမှုဝန်ထမ်းရုံး၊ မကွေးမြို့ |
| (ဆ) | ဒေါ်စိန်စိန်မော် | ဦးစီးမှူး<br>ကယားပြည်နယ်လူမှုဝန်ထမ်းရုံး၊<br>လွိုင်ကော်မြို့ | ဦးစီးအရာရှိ<br>ကယားပြည်နယ်လူမှုဝန်ထမ်းရုံး၊<br>လွိုင်ကော်မြို့ |
| (ဇ) | ဒေါ်လှလှယဉ် | ဦးစီးမှူး<br>ရခိုင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊<br>စစ်တွေမြို့ | ကျောင်းအုပ်<br>အိမ်တွင်းမှုသက်မွေးလုပ်ငန်း<br>ပညာသင်ကျောင်း၊ စစ်တွေမြို့ |
| (ဈ) | ဒေါ်စန်းစန်းငွေ | ဦးစီးမှူး<br>ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊<br>ဘားအံမြို့ | ဦးစီးအရာရှိ<br>သထုံခရိုင်လူမှုဝန်ထမ်းရုံး၊ သထုံမြို့ |
| (ည) | ဒေါ်မြတ်မြတ်သိန်း | လူမှုဝန်ထမ်း (၁)<br>မူလတန်းကြိုကျောင်း၊ ပုသိမ်မြို့ | ဦးစီးအရာရှိ<br>ကလေးပြုစုရေးဌာန၊ ပုသိမ်မြို့ |
| (ဋ) | ဒေါ်သောင်းသောင်းမေ | လူမှုဝန်ထမ်း (၁)<br>အမှတ် (၅)၊ မူလတန်းကြိုကျောင်း၊<br>ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>ရှေးဦးအရွယ်ကလေးသူငယ်ပြုစု<br>ပျိုးထောင်ရေးနှင့်ဘက်စုံဖွံ့ဖြိုးမှု<br>ဆိုင်ရာပင်မအထောက်အကူပြု<br>ဗဟိုဌာန၊ ရန်ကုန်မြို့ |
| (ဌ) | ဒေါ်ခင်မာထူး | လူမှုဝန်ထမ်း (၁)<br>အမျိုးသမီးများပြုစုစောင့်ရှောက်<br>ရေးဌာန၊ မန္တလေးမြို့ | ကျောင်းအုပ်<br>အိမ်တွင်းမှုသက်မွေးလုပ်ငန်း<br>ပညာသင်ကျောင်း၊ ရွာငံမြို့ |
| (ဍ) | ဒေါ်အေးအေးကြည် | လူမှုဝန်ထမ်း (၁)<br>အမှတ် (၁) မူလတန်းကြိုကျောင်း<br>ဘားအံမြို့ | ဦးစီးအရာရှိ<br>မူကြိုမှတ်ပုံတင် (အောက်မြန်မာပြည်)<br>ဌာနစု၊ ရုံးချုပ်၊ နေပြည်တော် |
| (ပ) | ဒေါ်စိုးစိုးမော် | လူမှုဝန်ထမ်း (၁)<br>မူလတန်းကြိုကျောင်း၊ မုံရွာမြို့ | ဦးစီးအရာရှိ<br>ခရိုင်လူမှုဝန်ထမ်းရုံး၊ ကျောက်မဲမြို့ |
| (ဏ) | ဒေါ်ခင်အေးမော် | လူမှုဝန်ထမ်း-၂<br>ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၊<br>ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>ကလေးပြုစုရေးဌာန၊ မန္တလေးမြို့ |
| (တ) | ဒေါ်သန္တာညွန့် | လူမှုဝန်ထမ်း-၂<br>မသန်စွမ်းကလေးများပြုစုစောင့်<br>ရှောက်ရေးဂေဟာ (Information<br>Centre တွဲဖက်) | ကျောင်းအုပ်<br>စစ်ကိုင်းမျက်မမြင်ကျောင်း၊<br>စစ်ကိုင်းမြို့ |
| (ထ) | ဒေါ်ဥမ္မာဦး | လူမှုဝန်ထမ်း-၂<br>နားမကြားသောကလေးများကျောင်း<br>မန္တလေးမြို့ | ကျောင်းအုပ်<br>အမျိုးသမီးကလေးများသင်တန်း<br>ကျောင်း၊ မန္တလေးမြို့ |
| (ဒ) | ဒေါ်သီတာဆွေ | လူမှုဝန်ထမ်း (၂)<br>နားမကြားသောကလေးများကျောင်း<br>ရန်ကုန်မြို့ | ကျောင်းအုပ်<br>နားမကြားသောကလေးများ<br>ကျောင်း၊ မန္တလေးမြို့ |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (ဓ) | ဒေါ်မြမြထွေး | လူမှုဝန်ထမ်း (၂)<br>စစ်ကိုင်းမျက်မမြင်ကျောင်း<br>စစ်ကိုင်းမြို့ | ဦးစီးအရာရှိ<br>မူကြိုမှတ်ပုံတင် (အထက်မြန်မာပြည်)<br>ဌာနစု၊ ရုံးချုပ်၊ နေပြည်တော် |
| (န) | ဒေါ်ဇင်လင်းမောင် | လူမှုဝန်ထမ်း (၂)<br>အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး<br>ဌာန၊ မန္တလေးမြို့ | ဦးစီးအရာရှိ<br>ကလေးပြုစုရေးဌာန၊ မော်လမြိုင်မြို့ |
| (ပ) | ဒေါ်တင်တင်ဝါ | လူမှုဝန်ထမ်း (၂)<br>သန်လျင်လူငယ်သင်တန်းကျောင်း<br>ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>ခရိုင်လူမှုဝန်ထမ်းရုံး၊ မအူပင်မြို့ |
| (ဖ) | ဒေါ်စန်းစန်းရီ | လူမှုဝန်ထမ်း (၂)<br>အမျိုးသမီးကလေးများသင်တန်းကျောင်း<br>မန္တလေးမြို့ | ဦးစီးအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီး<br>လူမှုဝန်ထမ်းရုံး၊ မုံရွာမြို့ |
| (ဗ) | ဒေါ်ရှုပါအေး | လူမှုဝန်ထမ်း (၂)<br>နားမကြားသောကလေးများကျောင်း၊<br>ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>ဧရာဝတီတိုင်းဒေသကြီး<br>လူမှုဝန်ထမ်းရုံး၊ ပုသိမ်မြို့ |
| (ဘ) | ဒေါ်ရတနာအောင် | လူမှုဝန်ထမ်း (၂)<br>နားမကြားသောကလေးများကျောင်း၊<br>မန္တလေးမြို့ | ဦးစီးအရာရှိ<br>မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်<br>ရေးဌာနစု၊ လူမှုဝန်ထမ်းဦးစီးဌာန<br>ရုံးချုပ်၊ နေပြည်တော်၊ |
| (မ) | ဒေါ်ဇင်သင်းဦး | ဌာနစိတ်မှူး<br>ပြည်ပသင်တန်းဌာနစု<br>လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်) | ဦးစီးအရာရှိ<br>စီမံကိန်းနှင့်စာရင်းအင်းဌာနစု၊<br>လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊<br>နေပြည်တော်၊ |
| (ယ) | ဒေါ်မို့မို့အေး | ဌာနစိတ်မှူး<br>သက်သာဌာနစု (မသန်းစွမ်း<br>ဖွံ့ဖြိုးတိုးတက်ရေးဌာနတွဲဖက်)<br>လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဌာနဆိုင်ရာစာရင်းပြုဌာနစု၊<br>လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊<br>နေပြည်တော်၊ |
| (ရ) | ဒေါ်ခိုင်သဲစု | ဌာနစိတ်မှူး<br>NCRC ဌာနစု၊<br>လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)<br>နေပြည်တော်၊ | ဦးစီးအရာရှိ<br>Gender ဌာနစု၊ လူမှုဝန်ထမ်း<br>ဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၈**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) ဆုံးဖြတ်ချက်နှင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး

အမှတ်စဉ် (၁၃/၂၀၁၈) ၏ သဘောတူညီချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်နီနီဝင်း အား ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈) နှင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၄/၂၀၁၈) တို့၏ သဘောတူညီချက်အရ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးမှူး လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၂၇) ဦးအား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်ဖြူဖြူအောင် | ဦးစီးမှူး<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ခ) | ဒေါ်စန္ဒာလှိုင် | ဦးစီးမှူး<br>ကချင်ပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဂ) | ဦးတင်မောင်မောင်ဝင်း | ဦးစီးမှူး<br>ဗဟိုသိုလှောင်ရုံ၊ ရန်ကုန်မြို့ | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဃ) | ဒေါ်အေးအေးရီ | ဦးစီးမှူး<br>မြောင်းမြခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (င) | ဒေါ်ဟန်နီလာကျော် | ဦးစီးမှူး<br>သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု<br>ရန်ပုံငွေစာရင်းဌာနခွဲ (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (စ) | ဒေါ်ကေသွယ်ဝင်း | ဦးစီးမှူး<br>ကယ်ဆယ်ရေးဌာနခွဲ<br>(အထက်မြန်မာပြည်) (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဆ) | ဒေါ်ဝေဝေအောင် | ဦးစီးမှူး<br>ကသာခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (ဇ) | ဒေါ်ဝင်းပပကျော် | ဦးစီးမှူး<br>ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဈ) | ဦးမြင့်ဌေး | ဦးစီးမှူး<br>ဗန်းမော်ခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ည) | ဦးစည်သူစိုး | ဦးစီးမှူး<br>သထုံခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဋ) | ဒေါ်သွဲ့သွဲ့လင်း | ဦးစီးမှူး<br>သုတေသနဌာနခွဲ (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဌ) | ဒေါ်အေးအေးမော် | ဦးစီးမှူး<br>ဌာနဆိုင်ရာငွေစာရင်းဌာနခွဲ<br>(ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဍ) | ဦးရဲသူဟန် | ဦးစီးမှူး<br>ပြည်ပရေးရာဌာနခွဲ (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဎ) | ဒေါ်ဝင်းဝင်းမော် | ဦးစီးမှူး<br>မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဏ) | ဦးအာကာကိုကို | ဦးစီးမှူး<br>ပြည်တွင်းရေးရာဌာနခွဲ (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (တ) | ဒေါ်ဝင်းဝင်းမာ | ဦးစီးမှူး<br>ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ထ) | ဒေါ်ခိုင်သီတာ | ဦးစီးမှူး<br>ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရေး<br>ဌာနခွဲ (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဒ) | ဦးကျော်အုံးလွင် | ဦးစီးမှူး<br>ကယားပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဓ) | ဒေါ်မိုးစန္ဒာဝင်း | ဦးစီးမှူး<br>ကွန်ပျူတာဌာနခွဲ (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (န) | ဒေါ်နီထလဲန်းကြွယ် | ဦးစီးမှူး<br>ချင်းပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (ပ) | ဒေါ်မိမိစံ | ဦးစီးမှူး<br>မွန်ပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဖ) | ဒေါ်ဇင်မာထွန်း | ဦးစီးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဗ) | ဒေါ်စန်းစန်းဝင်း | ဦးစီးမှူး<br>သင်တန်းဌာနခွဲ<br>(အထက်မြန်မာပြည်) (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဘ) | ဦးမျိုးမျိုးအောင် | ဦးစီးမှူး<br>သဘာဝဘေးလျော့ပါးရေးဌာနခွဲ<br>(ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (မ) | ဒေါ်ကြည်ပြာစိုး | ဦးစီးမှူး<br>ညွှန်ကြားရေးမှူးချုပ်ရုံး (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ယ) | ဒေါ်အေးအေးစိုး | ဦးစီးမှူး<br>ဖြည့်တင်းရေးဌာနခွဲ (ရုံးချုပ်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ရ) | ဦးသိန်းဝင်းထွဋ် | ဦးစီးမှူး<br>သာပေါင်းမြို့နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၅၅၀,၀၀၀/-) ဦးရည်မွန် သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မြောက်မည်ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) နှင့်အညီ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစတင်၍ အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးရည်မွန် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃/ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဦးအုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

အမှတ် ၈၄ ။ ။ အောက်ဖော်ပြပါ ရုံးအုပ် လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဌာနခွဲအသီးသီးတွင် တာဝန် ဝတ္တရားများစတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ [စီမံခန့်ခွဲရေးဝန်ထမ်း (အုပ်ချုပ်ရေး) အဆင့်-၂] လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး၊ ဌာန၊ ဌာနခွဲ |
|---|---|---|---|
| ၁။ | ဒေါ်ယဉ်ယဉ်မြင့် | ရုံးအုပ်<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး | ဦးစီးအရာရှိ<br>စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး)<br>အဆင့်-၂<br>ဌာန-၄၊ ဌာနခွဲ (၁၇)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂။ | ဒေါ်ဆွေဆွေဝင်း | ရုံးအုပ်<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး | ဦးစီးအရာရှိ<br>စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး)<br>အဆင့်-၂<br>ဌာန-၄၊ ဌာနခွဲ (၁၄)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၃။ | ဒေါ်မျိုးကြည်ဝါအေး | ရုံးအုပ်<br>ဌာန-၄၊ ဌာနခွဲ (၁၇)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးစီးအရာရှိ<br>စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး)<br>အဆင့်-၂<br>ဌာန-၄၊ ဌာနခွဲ (၁၇)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၄။ | ဒေါ်ခင်ဝါရွှေ | ရုံးအုပ်<br>ဌာန-၄၊ ဌာနခွဲ (၁၆)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးစီးအရာရှိ<br>စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး)<br>အဆင့်-၂<br>ဌာန-၄၊ ဌာနခွဲ (၁၂/၁၅)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

အမှတ် ၈၉ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးဥပဒေအရာရှိ (ညွှန်ကြားရေးမှူး) ဥ/၂၀၂၈ ဦးဒယ်နီရယ်ကြည် အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့် ပြုလိုက်သည်။ အဆိုပါခွင့် ကုန်ဆုံးပြီးနောက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

အမှတ် ၉၂ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးဥပဒေအရာရှိ (ညွှန်ကြားရေးမှူး) ဥ/၂၂၉၃ ဦးကျော်ညွှန့် အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့် ပြုလိုက်သည်။ အဆိုပါခွင့် ကုန်ဆုံးပြီးနောက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

အမှတ် ၉၃ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၉) အရ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို ငြင်းပယ်ထားသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဥ/၂၂၃၀ ဦးရဲမြင့် အား အဆိုပါ ငြင်းပယ်ထားသော အငြိမ်းစားယူရန်ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့်

ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့် ကုန်ဆုံးပြီးနောက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၉၀/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

**ညွှန်ကြားရေးမှူးချုပ် ပြောင်းလဲခန့်ထားခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၈ ၏ အပိုဒ် ၁ အရ ဤရုံး၊ စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦးကို စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

မော်သန်း
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၉၃/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၈ ဖြင့် ဤရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့်သုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦး ကို အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့် စီမံရေးရာ၊ လေ့ကျင့်ရေးနှင့်သုတေသနဦးစီး ဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ ဤရုံးအမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်သည် စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များအပြင် ဗဟိုအဖွဲ့အစည်း၏တာဝန်ဝတ္တရားများကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

မော်သန်း
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၀၁/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

အနောက်ပိုင်းခရိုင်စာရင်းစစ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုလွင် (၄၅၀၆) အား ဤရုံး၊ ရုံးအဖွဲ့ (ဦးစီးရုံး) တွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဒုတိယညွှန်ကြားရေးမှူးအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

မော်သန်း

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၅၈/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အောင်မြစိန် (၃၆၄၁) ကို ဤရုံး၊ ရုံးအဖွဲ့ (ဦးစီးရုံး) တွင် တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်ရက်မှစ၍ ညွှန်ကြားရေးမှူးအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

မော်သန်း

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒေါ်တင်တင်ဝင်း အား ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ စီမံခန့်ခွဲမှုပညာဌာနတွင် လစ်လပ်လျက်ရှိသော ပါမောက္ခ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ပါမောက္ခ ဒေါ်တင်တင်ဝင်း အား လုပ်ငန်းလိုအပ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များ အလိုက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကြော်ငြာခေါ်ယူဆောင်ရွက် ရာ၌ သတ်မှတ်ထားရှိသည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများ၊ ဒေသန္တရဈေးနှုန်းများနှင့်အညီ မှန်မှန်ကန်ကန် စနစ်တကျတွက်ချက်နိုင်ရန်အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးလှအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးမောင်မောင်လတ်၊ ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်ဝင်းနိုင်၊ ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဇော်ထက်နိုင်၊ ဌာနမှူး (စီမံ/ဘဏ္ဍာ)<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (င) | ဦးလှစိုး၊ ဌာနမှူး (သုတေသနနှင့်ဖွံ့ဖြိုးမှု)<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (စ) | ဦးကျော်ဝင်း၊ မော်ကွန်းထိန်း (ကျောင်းသားရေးရာ)<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်တေဇထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးနေလင်းစိုး၊ လက်ထောက်အင်ဂျင်နီယာ<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဈ) | ဦးဗိုလ်ဗိုလ်ကျော်၊ လက်ထောက်အင်ဂျင်နီယာ<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ည) | ဦးဇင်ဗိုလ်၊ ဦးစီးအရာရှိ<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | အတွင်းရေးမှူး |

၂။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** အနေဖြင့် ယခင်ဖွဲ့စည်း ထုတ်ပြန်ထားရှိသော အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၇ တွင် သတ်မှတ်ထားရှိသော လုပ်ငန်းတာဝန်များ သာမက တင်ဒါဆိုင်ရာလုပ်ငန်းစဉ် အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်၊ ၁/၂၀၁၇ တွင် ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက် လာပါက လုပ်ငန်းနှောင့်နှေး ကြန့်ကြာမှုမဖြစ်စေရေးနှင့် လိုအပ်သည့်စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရေးတို့အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တင်ဒါကော်မတီ** သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာ (၁၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၂၀၀/၂၂-၃၉၀/ဦး ၁ အမိန့်ကြော်ငြာစာဖြင့် အောင်ဇမ္ဗူရပ်ကွက်သစ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သော နေပြည်တော် ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြန်ကပြေးကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ (၃၃၁. ၄၉၈) ဧကအနက် အောက်ပါမြေဧရိယာ (၂၈၄. ၈၂၈) ဧကကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက ကော်မတီ၏ ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ဇမ္ဗူသီရိမြို့မြေဧရိယာအဖြစ် သတ်မှတ်လိုက်သည် -

| စဉ် | ကွင်းအမှတ်/အမည် | ဧရိယာ (ဧက) |
|---|---|---|
| (က) | ၁/အောင်ဇမ္ဗူ | ၅၅. ၈၈၁ |
| (ခ) | ၂/အောင်ဇမ္ဗူ | ၂၂. ၆၀၀ |
| (ဂ) | ၃/အောင်ဇမ္ဗူ | ၁၅. ၇၆၇ |
| (ဃ) | ၄/အောင်ဇမ္ဗူ | ၁၉. ၄၄၈ |
| (င) | ၅/အောင်ဇမ္ဗူ | ၁၅. ၁၁၈ |
| (စ) | ၆/အောင်ဇမ္ဗူ | ၄၃. ၅၈၉ |
| (ဆ) | ၁၀/၁/အောင်ဇမ္ဗူ | ၁၃. ၈၀၅ |
| (ဇ) | ၁၀/၂/လက်ပံခါးလှ (အောင်ဇမ္ဗူ) | ၃၂. ၄၀၀ |
| (ဈ) | ၁၁/၁/အောင်ချမ်းသာ (အောင်ဇမ္ဗူ) | ၂၂. ၀၅၀ |
| (ည) | ၁၁/၂/အောင်ချမ်းသာ (အောင်ဇမ္ဗူ) | ၁၉. ၄၆၁ |
| (ဋ) | ၁၁/၃/အောင်ချမ်းသာ (အောင်ဇမ္ဗူ) | ၂၄. ၇၀၉ |
| | **စုစုပေါင်း** | **၂၈၄. ၈၂၈** |

ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာ (၂၁/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ဒုတိယဌာနမှူး (အထူးကု ဆရာဝန်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒေါ်ခင်ဆွေဦး အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်း၌ စတင်ခံစားခွင့်ပြုပြီး ၎င်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၈)**

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စစ်ဆေးရေးဌာနမှ ဒုတိယဌာနမှူး လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ကိုယ်ပိုင်အမှတ် မစ-၀၄၄၄ ဦးမောင်မောင်အေး အား ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင်ကျင်းပသောကော်မတီဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက် ၅။ (၃) အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်၍ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၈)**

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) တွင် ဌာနစုမှူး (အင်ဂျင်နီယာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားခဲ့သော ဌာနစုမှူး (အင်ဂျင်နီယာ)၊ ကိုယ်ပိုင်အမှတ် မစ-၁၈၂၁ ဒေါ်ဆွေဆွေမော် အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ ကျင်းပသောကော်မတီဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက် အမှတ် ၅။ (က/၃၀) (၂) အရ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ ဌာနစုမှူး (အင်ဂျင်နီယာ) ရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၈)**

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ထုတ်လုပ်ရေးဌာနမှ ဒုတိယဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ကိုယ်ပိုင်အမှတ် မစ - ၀၃၂၆ သူရဦးခင်မောင်လတ် အား အငြိမ်းစားမယူမီ

ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၈)**

ကရင်ပြည်နယ်၊ ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ ကော့ကရိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ချထားခြင်းခံရပြီး လက်ရှိပြည်နယ်အစိုးရအဖွဲ့ရုံးတွင် (တွဲဖက်) တာဝန်ထမ်းဆောင်နေသော ဦးစီးအရာရှိ ဦးငွေထွန်း (ကရစ-၀၀၁၅) သည် လက်ရှိရာထူး၌ အစမ်းခန့်ခဲ့သည်မှာ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစတင်၍ အတည်ပြုခန့်ထားလိုက်သည်။

နန်းခင်ထွေးမြင့်၊
ပြည်နယ်ဝန်ကြီးချုပ်၊
ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်ရေးစစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒေါ်ခင်ဆွေဝင်း သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှစ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက် ( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၈) ၏ သဘောတူညီချက်အရ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ အောက်ပါ ဒုတိယဦးစီးမှူး (၂) ဦးအား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်ဝင်းအိအိဖြိုး

(၂) ဒေါ်မေသဇင်နိုင်

**အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၈) ၏ သဘောတူညီချက်အရ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ အောက်ပါ ဒုတိယဦးစီးမှူး (၂) ဦးအား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဦးကျော်ကျော်ဝင်း

(၂) ဒေါ်ခင်အုန်းထွေး

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၈၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/အမည်-၅/ရုံးကြီးရပ်၊ ဦးပိုင်အမှတ် (B-၁၂)၊ **မြေဧရိယာ (၉. ၀၂) ဧက** အား **ထာဝရငြိမ်းချမ်းရေးစေတီတော်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၈၅/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ မြောက်ရှားတောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၄၃၃/ ရှားတောကွင်း၊ ဦးပိုင်အမှတ် (၂) မှ **မြေဧရိယာ (၀. ၈၄) ဧက** အား **ဆုတောင်းပြည့်ကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၈၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၉၂/ဖက်ခင်းကွင်း)၊ ဦးပိုင်အမှတ် (၁၉/၆) ရှိ **မြေဧရိယာ (၀. ၅၈) ဧက** အား **သုခါရာမကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၈၇/၂၀၁၈)

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်၊ ပြေကျေးရွာအုပ်စု၊ ပန်းအော့ကျေးရွာ၊ ကွင်းအမှတ်/အမည်-၁၇၃/ပန်းအော့၊ ဦးပိုင်အမှတ် (၃)၊ **မြေဧရိယာ (၁. ၂) ဧက** အား **ပန်းအော့ကက်သလစ်အသင်းတော်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၈၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၆၆၈/ကြိုးဆွဲကွင်း၊ ၆၆၉/ကံပြားလေးကွင်း၊ ဦးပိုင်အမှတ် (၁၀၃၊ ၁၀၃/၂၊ ၈၊ ၈/၁၊ ၁၀/၁၊ ၁၀/၂) မှ **မြေဧရိယာ (၅. ၉၆၃) ဧက** အား **သဒ္ဓမ္မဇောတကသုဘောဓာရုံကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

# စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

အမှတ် ၁၁၃/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

မြတ်ထွန်း ကြည်း ၇၃၃၂၃

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

အမှတ် ၁၁၄/၂၀၁၈ ။ ။ အောက်ဖော်ပြပါ တက္ကသိုလ်ကျောင်းဆရာ/ဆရာမများအား ကာကွယ်ရေးဌာန ကောင်စီညွှန်ကြားလွှာအမှတ် ၂/၈၇ အရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှအစပြု၍ တက္ကသိုလ် လေ့ကျင့်ရေးတပ်များတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| အမှတ်စဉ် | ရာထူး | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|---|
| ၁ | ကထိက | ဦးကျော်ကျော်နိုင် | တကသ-၈၇ |
| ၂ | ကထိက | ဦးမောင်မောင်စိုး | တကသ-၈၈ |
| ၃ | လက်ထောက်ကထိက | ဒေါ်စုစန္ဒီသိန်း | တကသ-၈၉ |
| ၄ | လက်ထောက်ကထိက | ဒေါက်တာနီနီအေး | တကသ-၉၀ |
| ၅ | ကထိက | ဒေါ်နွေးနွေးအိ | တကသ-၉၁ |
| ၆ | လက်ထောက်ကထိက | ဒေါက်တာဟန်ဝင်းစိုး | တကသ-၉၂ |

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

အမှတ် ၁၃၂/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

(၁) ထွန်းသိန်း ကြည်း ၇၃၃၂၄ ၁-၉-၂၀၁၈
(၂) ဝင်းတင့် ကြည်း ၇၃၃၂၅ ၁၂-၉-၂၀၁၈

## (ရေတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

အမှတ် ၇/၂၀၁၈ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

ခင်မောင်ကြည် ရေ ၅၃၆၇

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**[ ယခင်အပတ် ပြည်တွင်းအခွန်များဦးစီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၂၄၅/၂၀၁၈) အထူးကုန်စည်များနှင့် တရားမဝင်တင်သွင်းသည့်အထူးကုန်စည်များသိမ်းဆည်းခြင်း၊ ထုတ်ဖွဲရောင်းချခြင်းနှင့်ဖျက်ဆီးခြင်းတို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှ အဆက် ]**

**ဆုကြေးငွေထုတ်ယူခြင်းအတွက် ငွေစာရင်းဆိုင်ရာဆောင်ရွက်ရမည့်အချက်များ (Withdrawal of reward)**

၁၅။ သတင်းပေးတင်ပြသူနှင့် စစ်ဆေးသိမ်းဆည်းသည့်အဖွဲ့အား ဆုကြေးပေးနိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရမည် -

(က) သတင်းပေးတင်ပြသူနှင့် စစ်ဆေးသိမ်းဆည်းသည့်အဖွဲ့အား ဆုကြေးပေးနိုင်ရေးအတွက် သီးခြားမှတ်တမ်းစာတွဲအား "လျှို့ဝှက်" အဆင့် သတ်မှတ်ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ခ) အဆိုပါ မှတ်တမ်းစာတွဲ အပိုဒ် ၈ တွင် ဖော်ပြထားသည့် မှတ်ပုံတင်စာအုပ်၌ ရေးသွင်းသည့် အမှတ်စဉ်ကို မှတ်တမ်းတင်ထားရှိရန်၊

(ဂ) အထူးကုန်စည်များ စစ်ဆေးသိမ်းဆည်းရမိသည့်ကိစ္စတွင် သိမ်းဆည်းမှုအစီရင်ခံစာပုံစံထားရှိ၍ စနစ်တကျ ပြည့်စုံစွာရေးသားရန်နှင့် အဆိုပါသိမ်းဆည်းမှုတွင် ပါဝင်သူများ၊ သိမ်းဆည်းမှုအတွက် ဦးဆောင်သူ၊ ကြီးကြပ်သူစာရင်းကို ပြည့်ပြည့်စုံစုံ ရေးသွင်းရန်၊

(ဃ) စစ်ဆေးသိမ်းဆည်းသည့် အထူးကုန်စည်များအပေါ်တွင် ဒဏ်ငွေကို ပေးသွင်းထားသည့် ချလန် [ပတခ (အထခ) - ၁၂] မိတ္တူ၊

(င) အထူးကုန်စည်ခွန် ဥပဒေပုဒ်မ - ၂၂၊ ပုဒ်မခွဲ (ဂ) အရ အခွန်မပေးဆောင်ရသေးသည့် အထူးကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် တပ်ရိုက်ခြင်းဖြစ်၍ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း ဆုကြေးငွေထုတ်ပေးရမည်ဖြစ်သဖြင့် တွက်ချက်မှတ်တမ်းတင်ထားရန်၊

(စ) ဆုကြေးငွေထုတ်ပေးနိုင်ရန်အတွက် ရုံးချုပ်ရှိ အထူးကုန်စည်ခွန်စီမံချက်အဖွဲ့အနေဖြင့် အခွန်ဆိုင်ရာကြီးကြပ်ဌာနခွဲသို့ တင်ပြ၍လည်းကောင်း၊ မြို့နယ်စစ်ဆေးသိမ်းဆည်းရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးများထံ တင်ပြ၍လည်းကောင်း ခွင့်ပြုချက်ရယူရန်၊

(ဆ) ဆုကြေးငွေထုတ်ပေးရာတွင် ရုံးချုပ်ရှိ အထူးကုန်စည်ခွန်စီမံချက်အဖွဲ့ဖြစ်ပါက စစ်ဆေးသိမ်းဆည်းခြင်းလုပ်ငန်းစဉ်တွင်ပါဝင်သည့် အဖွဲ့ဝင်များအားလုံးကို အချိုးကျခွဲဝေပေးရန်နှင့် ပါဝင်သူတစ်ဦးချင်းစီသို့ လက်ဝယ်အရောက်ပေးအပ်ရန်၊

(ဇ) စစ်ဆေးသိမ်းဆည်းခြင်း လုပ်ငန်းစဉ်တွင်ပါဝင်သည့် အဖွဲ့များအားလုံးကို ဆုကြေးငွေထုတ်ပေးရာတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေအလိုက် ဆုကြေးငွေအချိုးကျ (အဖွဲ့ဝင် ၁၀ ဦးပါလျှင် ၁၀ နှင့်စား၍) ခွဲဝေပေးရန်၊ အဖွဲ့ခေါင်းဆောင်သည် မိမိဌာနမှ ပါဝင်သည့်အဖွဲ့ဝင်များသို့ ဌာနအစီအစဉ်ဖြင့် ခွဲဝေပေးရန်၊

(ဈ) ရုံးချုပ်ရှိ အထူးကုန်စည်ခွန်စီမံချက်အဖွဲ့နှင့် မြို့နယ်စစ်ဆေးသိမ်းဆည်းရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါက ဆုကြေးငွေထုတ်ပေးရာတွင် စစ်ဆေးသိမ်းဆည်းခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သည့်အဖွဲ့ဝင်ဦးရေအလိုက် ဆုကြေးငွေအချိုးကျ (အဖွဲ့ဝင် ၁၀ ဦးပါလျှင် ၁၀ နှင့်စား၍) ခွဲဝေပေးရန်နှင့် ပါဝင်သူတစ်ဦးချင်းစီသို့ လက်ဝယ်အရောက်ပေးအပ်ရန်၊

(ည) ဆုကြေးငွေများကို ထုတ်ပေးရာတွင် လက်ခံသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ သို့မဟုတ် ဌာနခွဲ/ရုံးအမည်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များ ပြည့်စုံစွာဖော်ပြစေပြီး၊ လက်ခံရရှိသည့် ငွေပမာဏနှင့် လက်ခံရရှိကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားသည့်ပုံစံ (နောက်ဆက်တွဲ-င) အား ပူးတွဲထားရှိရန်၊ (သတင်းပေးသူ၏လုံခြုံရေးအတွက် အသေးစိတ်ဖော်ပြရန် ဆန္ဒမရှိပါက လက်ခံရရှိသူလက်မှတ်နေရာတွင် သတင်းပေးသူ၏ လက်ဝဲလက်မလက်ဗွေနှိပ်ရမည်။ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာတို့ကို ဖြည့်သွင်းရန်မလိုပါ။)

(ဋ) အထက်ပါလုပ်ငန်းစဉ်များအားလုံး ဆောင်ရွက်ပြီးမှသာ ယင်းစာတွဲကို ချိပ်ပိတ်သိမ်းဆည်းထားရှိရန်။

၁၆။ ဆုကြေးငွေထုတ်ပေးခြင်းအတွက် ငွေစာရင်းဆိုင်ရာကိစ္စရပ်များအား အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်သည် -

(က) ဒဏ်တပ်ရိုက်သည့် ဒဏ်ကြေးငွေ အပြေအကြေ ကောက်ခံရရှိပြီးမှသာ ဆုကြေးငွေတောင်းခံခြင်း၊ ချီးမြှင့်ခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန်၊

(ခ) ငွေစာရင်းခေါင်းစဉ် ၀၁-၀၂။ စရိတ်ချီးမြှင့်ငွေစသည်များ ခေါင်းစဉ်အောက်မှ ချီးမြှင့်ငွေအဖြစ် ထုတ်ပေးနိုင်ရန်နှင့် ငွေစာရင်းဌာနခွဲသို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် ငွေတောင်းခံလွှာ ပေးပို့တင်ပြ တောင်းခံသွားရန်၊ အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲသို့ မိတ္တူ ပေးပို့ရန်၊

(ဂ) ခွင့်ပြုချက်ရရှိသည်နှင့်တစ်ပြိုင်နက် သတင်းပေးတင်ပြသူနှင့် စစ်ဆေးသိမ်းဆည်းရေးအဖွဲ့များအား ဆက်သွယ်အကြောင်းကြားပြီး ဆုကြေးငွေထုတ်ပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားရန်၊

(ဃ) ဆုကြေးငွေအား သတင်းပေးသူနှင့် စစ်ဆေးသိမ်းဆည်းရေးအဖွဲ့များသို့ သာမန်မျဉ်းသားချက်လက်မှတ်များဖြင့် ဆုကြေးငွေထုတ်ပေးရန်၊ (သတင်းပေးတင်ပြသူအနေဖြင့် သာမန်မျဉ်းသားချက်လက်မှတ်ဖြင့် ထုတ်ယူရန်အခက်အခဲရှိကြောင်း တင်ပြလာပါက မြို့နယ်အခွန်ဦးစီးဌာနမှူးက ဆုကြေးငွေအား တာဝန်ခံထုတ်ယူ၍ သတင်းပေးတင်ပြသူအား ပေးအပ်ရန်ဖြစ်ပြီး လက်ခံရရှိကြောင်းအား "လျှို့ဝှက်" အဆင့်သတ်မှတ်ထားသည့် လက်ခံရရှိကြောင်းပုံစံတွင် လက်မှတ်ရေးထိုးစေရန်ဖြစ်ပါသည်။)

၁၇။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားသဖြင့် အဆိုပါသတင်းပေးတင်ပြသူ၏ လုံခြုံရေးအတွက် ယင်းနှင့်သက်ဆိုင်သော အချက်အလက်များအား သက်ဆိုင်သည့် စစ်ဆေးသိမ်းဆည်းရေးအဖွဲ့၏ အဖွဲ့ခေါင်းဆောင်ကိုယ်တိုင် ရုံးလုပ်ငန်းလက်စွဲပါအတိုင်း "လျှို့ဝှက်" အဆင့်ဖြင့် ထိန်းသိမ်းထားရန်၊ အထက်အဆင့်ဆင့်သို့ တင်ပြအတည်ပြုချက်ရယူခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း ရာထူးအမည်ဖြင့် အကြောင်းကြားစာပေးပို့ခြင်းမပြုဘဲ အထက်အဆင့်အရာရှိ၏ အမည်ဖော်ပြ၍ "လျှို့ဝှက်" အဆင့်ဖြင့် ပေးပို့ရန် လိုအပ်မည်ဖြစ်ပါသည်။ သတင်းပေါက်ကြားမှုဖြစ်ပေါ်၍ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ပါက သက်ဆိုင်သည့် စစ်ဆေးသိမ်းဆည်းရေးအဖွဲ့ခေါင်းဆောင် တာဝန်ဖြစ်၍ ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအရ စုံစမ်းစစ်ဆေးအရေးယူခြင်း ခံရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးပါသည်။

၁၈။ ထို့အပြင် သက်ဆိုင်သည့် စစ်ဆေးသိမ်းဆည်းသည့်အဖွဲ့၏ အဖွဲ့ခေါင်းဆောင်အနေဖြင့် သတင်းပေးတင်ပြချက်အရ စစ်ဆေးခြင်း၊ သိမ်းဆည်းခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ဒဏ်တပ်ရိုက်ခြင်း၊ လေလံတင်ရောင်းချခြင်း သို့မဟုတ် ဖျက်ဆီးခြင်းနှင့် ဆုကြေးငွေချီးမြှင့်ခြင်းများကို ဆောင်ရွက်သည့် လုပ်ငန်းစဉ်အလိုက် မှတ်တမ်းပြည့်စုံစွာထားရှိမှုအား ရုံးချုပ်မှ လာရောက်စစ်ဆေးလျှင် အစစ်ဆေးခံနိုင်သည်အထိ ကြီးကြပ်ဆောင်ရွက်ထားရှိရမည်။

၁၉။ အထူးကုန်စည်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့် သတင်းပေးတင်ပြသူနှင့် ဖမ်းဆီးရေးအဖွဲ့များအား ဆုငွေချီးမြှင့်ခြင်းလုပ်ငန်းစဉ်များကို အထူးကုန်စည်ခွန်ဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဤအမိန့်ကြော်ငြာစာပါ လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်နှင့် ထူးခြားဖြစ်စဉ်များပေါ်ပေါက်ပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရမည်။ သို့ရာတွင် လက်တွေ့စစ်ဆေးသိမ်းဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မိမိဒေသ၊ အခြေအနေအရ ဆောင်ရွက်ရန်ခက်ခဲကြောင်း တွေ့ရှိပါက တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးများမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၀။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါ ညွှန်ကြားလွှာအမှတ်၊ ၁၈/၂၀၁၇ နှင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ ညွှန်ကြားလွှာအမှတ် ၂၃/၂၀၁၇ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မင်းထွဋ်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

နောက်ဆက်တွဲ (က)

## ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချသည့် အရက် နှင့် ဝိုင် ကုန်စည်အမျိုးအစားအလိုက် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်များ

| စဉ် | အရက်ပါဝင်မှု ပမာဏ Litre | | အခွန်အမှတ်တံဆိပ်သတ်မှတ်ချက် ဝီစကီ | | | အခွန်အမှတ်တံဆိပ်သတ်မှတ်ချက် အခြားအရက် | | | အခွန်အမှတ်တံဆိပ်သတ်မှတ်ချက် ဝိုင် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | မှ | ထိ | အရောင် | သင်္ကေတ | အမှတ်အသား | အရောင် | သင်္ကေတ | အမှတ်အသား | အရောင် | သင်္ကေတ | အမှတ်အသား | |
| ၁ | 0.090 Litre | 0.270 Litre | Blue | A-1 | IRD အမှတ်အသား | Orange | A-1 | IRD အမှတ်အသား | Grey | Y-1 | IRD အမှတ်အသား | |
| ၂ | 0.271 Litre | 0.350 Litre | Blue | A-2 | IRD အမှတ်အသား | Orange | A-2 | IRD အမှတ်အသား | Grey | Y-2 | IRD အမှတ်အသား | |
| ၃ | 0.351 Litre | 0.700 Litre | Blue | A-3 | IRD အမှတ်အသား | Orange | A-3 | IRD အမှတ်အသား | Grey | Y-3 | IRD အမှတ်အသား | |
| ၄ | 0.701 Litre | 1 Litre | Blue | A-4 | IRD အမှတ်အသား | Orange | A-4 | IRD အမှတ်အသား | Grey | Y-4 | IRD အမှတ်အသား | |
| ၅ | 1.001 Litre | 20.500 Litre | Blue | A-5 | IRD အမှတ်အသား | Orange | A-5 | IRD အမှတ်အသား | Grey | Y-5 | IRD အမှတ်အသား | |
| ၆ | 20.501 Litre | 41.000 Litre | Blue | A-6 | IRD အမှတ်အသား | Orange | A-6 | IRD အမှတ်အသား | Grey | Y-6 | IRD အမှတ်အသား | |
| ၇ | 41.001 Litre | 227 Litre | Blue | A-7 | IRD အမှတ်အသား | Orange | A-7 | IRD အမှတ်အသား | Grey | Y-7 | IRD အမှတ်အသား | |

## ပြည်ပတင်ပို့/တင်သွင်းသည့် အရက် နှင့် ဝိုင် ကုန်စည်အမျိုးအစားအလိုက် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်များ

| စဉ် | အရက်ပါဝင်မှု ပမာဏ Litre | အခွန်အမှတ်တံဆိပ်သတ်မှတ်ချက် အရက်အမျိုးမျိုး (ဝီစကီ/အခြားအရက်) | | | အခွန်အမှတ်တံဆိပ်သတ်မှတ်ချက် ဝိုင် (ပြည်ပတင်ပို့) | | | အခွန်အမှတ်တံဆိပ်သတ်မှတ်ချက် ဝိုင် (ပြည်ပတင်သွင်း) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အရောင် | သင်္ကေတ | အမှတ်အသား | အရောင် | သင်္ကေတ | အမှတ်အသား | အရောင် | သင်္ကေတ | အမှတ်အသား | |
| | မည်သည့်အရွယ်အစားမဆို | Blue | A.A | IRD အမှတ်အသား | Grey | Y Y | IRD အမှတ်အသား | Red | Y | IRD အမှတ်အသား | |

မှတ်ချက် ။

၁။ အခြားအရက်ဆိုသည်မှာ 'ဝီစကီ' နှင့် 'ဝိုင်' မှ တစ်ပါး အခြားအရက်များဖြစ်သော (ဂျင်၊ ရမ်၊ ဘရမ်ဒီ၊ အရက်ဖြူ . . . . စသည်ဖြင့်) များဟု မှတ်ယူရပါမည်။

၂။ 'အရက်ဆီ/အရက်ပြန်' ကုန်စည်အပေါ် ယခင်အသုံးပြုသော A-5 အမှတ်တံဆိပ်ကိုသာ ဆက်လက်ကပ်နှိပ်ရမည်ဖြစ်ပြီး အခွန်အမှတ်တံဆိပ်ပြောင်းလဲသတ်မှတ်မည်ဖြစ်ပါက ထပ်မံအကြောင်းကြားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (က) ၏ အဆက် (၁-၂)

**ပြည်တွင်းထုတ် စီးကရက် ကုန်စည်အမျိုးအစားအလိုက် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်များ**

| စဉ် | ဈေးကွက်ပေါက်ဈေးတန်ဖိုး အဆင့်ဆင့် | အခွန်အမှတ်တံဆိပ်သတ်မှတ်ချက် | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အရောင် | သင်္ကေတ | အမှတ်အသား | |
| ၁ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ကျပ် ၄၀၀ အထိ အဆင့်ဖြစ်လျှင် | Yellow | C-1 | IRD အမှတ်အသား | |
| ၂ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ကျပ် ၄၀၁ မှ ကျပ် ၆၀၀ အထိအဆင့်ဖြစ်လျှင် | Yellow | C-2 | IRD အမှတ်အသား | |
| ၃ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ကျပ် ၆၀၁ မှ ကျပ် ၈၀၀ အထိအဆင့်ဖြစ်လျှင် | Yellow | C-3 | IRD အမှတ်အသား | |
| ၄ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ကျပ် ၈၀၁ နှင့် အထက် အထိအဆင့်ဖြစ်လျှင် | Yellow | C-4 | IRD အမှတ်အသား | |
| ၅ | စီးကရက်အမျိုးမျိုး (ပြည်ပမှ တင်ပို့ခြင်းဖြစ်လျှင်) | Blue | CC | IRD အမှတ်အသား Export only | ပြည်တွင်း ထုတ်လုပ်၊ ပြည်ပတင်ပို့ခြင်း |

နောက်ဆက်တွဲ (က) ၏ အဆက် (၂-၂)

**ဆေးပေါ့လိပ် ကုန်စည်အမျိုးအစားအလိုက် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်များ**

| စဉ် | ထုပ်ပိုးမှု | အမှတ်တံဆိပ်သတ်မှတ်ချက် |
|---|---|---|
| ၁ | ၁ လိပ်မှ ၅ လိပ် | CR-1 (Red) |
| ၂ | ၁၀ လိပ် | CR-2 (Violet) |
| ၃ | ၂၀ လိပ် | CR-3 (Green) |
| ၄ | ၂၅ လိပ် | CR-4 (Orange) |
| ၅ | ၅၀ လိပ် | CR-5 (Blue) |
| ၆ | စည်းကြပ်ခြင်းမပြုသည့်ကုန်စည် (၂၅ လိပ်) | CR-6 (Yellow) |

မှတ်ချက် ။ (၁) အထူးကုန်စည်ခွန်ကျသင့်သည့် ဆေးပေါ့လိပ် ကုန်စည်များကို (၁၀၀) လိပ် ထုပ်ပိုးမှုအတွက် အခွန်အမှတ်တံဆိပ် (CR-5) ကို ၂ ခုကပ်ပေးရန်၊

(၂) အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုသည့် ဆေးပေါ့လိပ်ကုန်စည်များကို အနည်းဆုံး (၂၅) လိပ်ဖြင့်သာ ထုပ်ပိုးစေ၍ (၅၀) လိပ် ထုပ်ပိုးမှုအတွက် (CR-6) ကို ၂ ခု ကပ်ပေးရန်။

နောက်ဆက်တွဲ (ခ)

**အရက်ကုန်စည်ပေါ်တွင် ကပ်နှိပ်သည့်အခွန်အမှတ်တံဆိပ် (ဝီစကီ) အမျိုးအစား**




**အရက်ကုန်စည်ပေါ်တွင် ကပ်နှိပ်သည့်အခွန်အမှတ်တံဆိပ် (အရက်ဖြူ၊ ဂျင်၊ ဘရန်ဒီ) အမျိုးအစား**




နောက်ဆက်တွဲ (ခ) ၏ အဆက် (၁-၃)

**ပြည်ပမှတင်သွင်းအရက်ကုန်စည်ပေါ်တွင် ကပ်နှိပ်သည့်အခွန်အမှတ်တံဆိပ်**




**ပြည်တွင်းထုတ်ဝိုင်ကုန်စည်ပေါ်တွင် ကပ်နှိပ်သည့်အခွန်အမှတ်တံဆိပ်**



နောက်ဆက်တွဲ (ခ) ၏ အဆက် (၂-၃)

**ပြည်ပမှတင်သွင်းသည့်ဝိုင်ကုန်စည်ပေါ်တွင် ကပ်နှိပ်သည့်အခွန်အမှတ်တံဆိပ်**




**စီးကရက်ကုန်စည်ပေါ်တွင် ကပ်နှိပ်သည့်အခွန်အမှတ်တံဆိပ်**




နောက်ဆက်တွဲ (ခ) ၏ အဆက် (၃-၃)

**ဆေးပေါ့လိပ်ကုန်စည်ပေါ်တွင် ကပ်နှိပ်သည့်အခွန်အမှတ်တံဆိပ်**




**အရက်ကြမ်း/အရက်ဆီ၊ အရက်**
**ဝိုင်ပုလင်းသွင်းလုပ်ငန်းများသယ်ဆောင်ရာတွင် အသုံးပြုသည့်သယ်ယူပို့ဆောင်ခွင့်ပုံစံ**



နောက်ဆက်တွဲ (ဂ)

သို့

မြို့နယ်အခွန်ဦးစီးဌာနမှူး

----------------မြို့နယ်

ရက်စွဲ ။ ၂၀-----ခုနှစ် ----------လ ( ) ရက်

အကြောင်းအရာ ။ **အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အထူးကုန်စည်များနှင့် ပြည်ပမှ တရားမဝင်တင်သွင်းလာသော အထူးကုန်စည်များအား အရေးယူဆောင်ရွက်ပေးပါရန် သတင်းပေးတင်ပြခြင်း**

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ----------------------လုပ်ငန်းရှင်/ဆိုင်သည် အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော သို့မဟုတ် ပြည်ပမှ တရားမဝင်တင်သွင်းလာသော အထူးကုန်စည်များအား ရောင်းဝယ်/လက်ဝယ်ထားရှိကြောင်း သတင်းအချက်အလက် ရရှိထား/တွေ့ရှိထားပါသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ပါရန် ရရှိထားသော သတင်းအချက်အလက်များ/အထောက်အထားနှင့်အတူ သတင်းပေးတင်ပြအပ်သည်။

**(လက်မှတ်)**

သတင်းပေးတင်ပြသူအမည် -----------------

မှတ်ပုံတင်အမှတ် ---------------------------

နေရပ်လိပ်စာ -----------------------------

-------------------------------------------

-------------------------------------------

ဆက်သွယ်ရန်ဖုန်းနံပါတ် --------------------

**ပူးတွဲတင်ပြသည့်အချက်အလက်များ**

**(၁) ရရှိထားသော အထောက်အထား/သတင်းအချက်အလက်များ**

**(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။**

နောက်ဆက်တွဲ (ဃ)

| |
|---|
| ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။ |

**ပတခ (အထခ)-၂၃ ။**

**အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) အရ အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့် အဖွဲ့ဝင်များစာရင်း**

| စဉ် | အမည် | ရာထူး | ဌာန | တာဝန် |
|---|---|---|---|---|
| | | | | |

လက်မှတ် ---------------

အဖွဲ့ခေါင်းဆောင်အမည် ---------------

ရာထူး ---------------

နောက်ဆက်တွဲ (ဃ) ၏ အဆက် (၁-၃)

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။

**ပတခ (အထခ)-၂၄ ။**

**အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) အရ အထူးကုန်စည်ရှာဖွေသိမ်းဆည်းမှု အစီရင်ခံစာ**

စာအမှတ်၊ ----------------
ရက်စွဲ ၊ ----------------

အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့်အမှုတွဲအမှတ် ----------------------------------------------
အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့်နေ့ရက် -------------------------------------------------
အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့်အချိန် -------------------------------------------------
အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့်နေရာ --------------------------------------------------
ရှာဖွေသိမ်းဆည်းခြင်းခံရသော အထူးကုန်စည်ပိုင်ရှင်လုပ်ငန်းရှင်/ကုမ္ပဏီအမည် ----------------------
------------------------------------------------------------------------------------------------
ရှာဖွေသိမ်းဆည်းခြင်းခံရသော အထူးကုန်စည်ပိုင်ရှင် နိုင်ငံသားစိစစ်ရေးအမှတ်/ကုမ္ပဏီမှတ်ပုံတင်အမှတ် ---
------------------------------------------------------------------------------------------------
ရှာဖွေသိမ်းဆည်းခြင်းခံရသော အထူးကုန်စည်ပိုင်ရှင်၏လိပ်စာ -------------------------------------
------------------------------------------------------------------------------------------------
ရှာဖွေသိမ်းဆည်းသည့်အထူးကုန်စည်ပစ္စည်းစာရင်း ---------- ပတခ (အထခ) - ၂၅ ပူးတွဲလျက် တင်ပြရန်
အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့်အဖွဲ့ဝင်များစာရင်း --------- ပတခ (အထခ) - ၂၃ ပူးတွဲလျက် တင်ပြရန်
အစီရင်ခံတင်ပြချက် ---------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------
------------------------------------------------------------------------------------------------

| | | | |
|---|---|---|---|
| လက်မှတ် | ---------------- | လက်မှတ် | ------------------ |
| အဖွဲ့ခေါင်းဆောင်အမည် | ---------------- | အဖွဲ့ဝင် (၁) | ------------------ |
| ရာထူး | ---------------- | ရာထူး | ------------------ |
| လက်မှတ် | ---------------- | လက်မှတ် | ------------------ |
| အဖွဲ့ဝင် (၂) | ---------------- | အဖွဲ့ဝင် (၃) | ------------------ |
| ရာထူး | ---------------- | ရာထူး | ------------------ |
| လက်မှတ် | ---------------- | လက်မှတ် | ------------------ |
| အဖွဲ့ဝင် (၄) | ---------------- | အထူးကုန်စည်ရှာဖွေ သိမ်းဆည်းခြင်းခံရသူ၏အမည် | ------------------ |
| ရာထူး | ---------------- | | |

နောက်ဆက်တွဲ (ဃ) ၏ အဆက် (၂-၃)

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။

**ပတခ (အထခ)-၂၅ ။**

**အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) အရ ရှာဖွေသိမ်းဆည်းသည့်အထူးကုန်စည်စာရင်း**

အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့် အမှုတွဲအမှတ် ---------------------------------------------

အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့်နေ့ရက် ---------------------------------------------------

အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့်နေရာ ----------------------------------------------------

ရှာဖွေသိမ်းဆည်းခြင်းခံရသော အထူးကုန်စည်ပိုင်ရှင်လုပ်ငန်းရှင်/ကုမ္ပဏီအမည် ----------------------

**ရှာဖွေသိမ်းဆည်းသည့်အထူးကုန်စည်စာရင်း**

| စဉ် | ကုန်စည်အမှတ်တံဆိပ်အမည် | ရေတွက်ပုံ | အရွယ်အစား/ပမာဏ | အရေအတွက် | ထုပ်ပိုးမှုပုံစံ | တန်ဖိုး | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |

| | | | |
|---|---|---|---|
| လက်မှတ် | ---------------- | လက်မှတ် | ------------------ |
| အဖွဲ့ခေါင်းဆောင်အမည် | ---------------- | အဖွဲ့ဝင် (၁) | ------------------ |
| ရာထူး | ---------------- | ရာထူး | ------------------ |
| လက်မှတ် | ---------------- | လက်မှတ် | ------------------ |
| အဖွဲ့ဝင် (၂) | ---------------- | အဖွဲ့ဝင် (၃) | ------------------ |
| ရာထူး | ---------------- | ရာထူး | ------------------ |
| လက်မှတ် | ---------------- | လက်မှတ် | ------------------ |
| အဖွဲ့ဝင် (၄) | ---------------- | အထူးကုန်စည်ရှာဖွေ သိမ်းဆည်းခြင်းခံရသူ၏အမည် | ------------------ |
| ရာထူး | ---------------- | | |

နောက်ဆက်တွဲ (ဃ) ၏ အဆက် (၃-၃)

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။

**ပတခ (အထခ)-၂၆ ။**

**ရှာဖွေသိမ်းဆည်းထားသော အထူးကုန်စည်ပစ္စည်းများအား လွှဲပြောင်းလက်ခံခြင်း**

အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့် အမှုတွဲအမှတ် ---------------------------------------------

အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့်နေ့ရက် ---------------------------------------------------

အထူးကုန်စည်ရှာဖွေသိမ်းဆည်းသည့်နေရာ ----------------------------------------------------

ရှာဖွေသိမ်းဆည်းခြင်းခံရသော အထူးကုန်စည်ပိုင်ရှင် လုပ်ငန်းရှင်/ကုမ္ပဏီအမည် ---------------------

------------------------------------------------------------------------------------------

ရှာဖွေသိမ်းဆည်းခြင်းခံရသော အထူးကုန်စည်များကို လွှဲပြောင်းပေးအပ်သူအမည် ----------------------
------------------------------------------------------------------------------------------------

ရှာဖွေသိမ်းဆည်းခြင်းခံရသော အထူးကုန်စည်များကို လက်ခံလွှဲပြောင်းရရှိသူအမည် --------------------
------------------------------------------------------------------------------------------------

ရှာဖွေသိမ်းဆည်းခြင်းခံရသော အထူးကုန်စည်များကို လက်ခံလွှဲပြောင်းသည့်နေ့ရက် ---------------------

**လွှဲပြောင်းပေးအပ်သည့်အထူးကုန်စည်စာရင်း**

| စဉ် | ကုန်စည်အမှတ် တံဆိပ်အမည် | ရေတွက်ပုံ | အရွယ်အစား/ ပမာဏ | အရေအတွက် | ထုပ်ပိုးမှုပုံစံ | တန်ဖိုး | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |

လက်မှတ် ----------------
လွှဲပြောင်းပေးအပ်သူအမည် ----------------
ရာထူး ----------------

လက်မှတ် -----------------
လွှဲပြောင်းလက်ခံသူအမည် -----------------
ရာထူး -----------------

နောက်ဆက်တွဲ (င)

အကြောင်းအရာ ။ **အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (ဂ) အရ တပ်ရိုက်သည့်ဒဏ်ငွေအပေါ် သတင်းပေးတင်ပြသူအား ဆုကြေးငွေ ထုတ်ပေးခြင်း**

ရည်ညွှန်းချက် ။ ( - - ) ရက်စွဲပါ သတင်းပေးတင်ပြသည့်စာ

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ --------------- မှ --------------- လုပ်ငန်းရှင်/ဆိုင်သည် အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော သို့မဟုတ် ပြည်ပမှ တရားမဝင်တင်သွင်းလာသော အထူးကုန်စည်များအား ရောင်းဝယ်/လက်ဝယ်ထားရှိကြောင်း သတင်းပေးတင်ပြလာသည့်အပေါ် အရေးယူဆောင်ရွက်ပြီးဖြစ်ပါသည်။ တပ်ရိုက်သည့်ဒဏ်ငွေအပေါ်တွင်လည်း အပြည့်အဝကောက်ခံရရှိပြီးဖြစ်ပါသည်။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (ဂ) အရ တပ်ရိုက်သည့်ဒဏ်ငွေ၏ ( ) ရာခိုင်နှုန်းဖြစ်သည့် ဆုကြေး (ကျပ်) ----------------- (စာဖြင့်) ကျပ် --------------------------------- ကို သတင်းပေးတင်ပြသူအား ပေးအပ်၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပါသည်။

(လက်မှတ်)

ဆုကြေးလက်ခံရရှိသူအမည်၊ ---------------------
နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ----------------------
နေရပ်လိပ်စာ၊ --------------------------------
---------------------------------------------
---------------------------------------------
ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ------------------------

နောက်ဆက်တွဲ (င) ၏ အဆက် (၁-၁)

အကြောင်းအရာ ။ **အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂ (ဂ) အရ တပ်ရိုက်သည့်ဒဏ်ငွေအပေါ် အထူးကုန်စည်ခွန် စစ်ဆေးသိမ်းဆည်းရေးအဖွဲ့ဝင်များအား ဆုကြေးငွေ ထုတ်ပေးခြင်း**

ရည်ညွှန်းချက် ။ ( - - ) ရက်စွဲပါ သတင်းပေးတင်ပြသည့်စာ

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ -------------- မှ --------------- လုပ်ငန်းရှင်/ဆိုင်သည် အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော သို့မဟုတ် ပြည်ပမှ တရားမဝင်တင်သွင်းလာသော အထူးကုန်စည်များအား ရောင်းဝယ်/လက်ဝယ်ထားရှိကြောင်း သတင်းပေးတင်ပြလာသည့်အပေါ် အထူးကုန်စည်ခွန် စစ်ဆေးသိမ်းဆည်းရေးအဖွဲ့မှ အရေးယူဆောင်ရွက်ပြီးဖြစ်ပါ၍ အထူးကုန်စည်ခွန် သိမ်းဆည်းရေးအဖွဲ့ဝင်များအား အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ငွေ၏ ( ) ရာခိုင်နှုန်းဖြစ်သည့် ကျပ် --------------- (စာဖြင့်) --------------------- ကျပ်အား ---------------- ဌာနအလိုက် အချိုးကျခွဲဝေ၍ ဆုကြေး (ကျပ်) --------------- (စာဖြင့်) ----------------- ကျပ်ကို ဌာနမှ ကိုယ်စားလှယ်ဖြစ်သည့် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်သူ ဦး/ဒေါ် --------------၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ----------------------------၊ ရာထူး ------------------ အား သာမန်မျဉ်းသားချက်လက်မှတ်အမှတ် ---------------------- ဖြင့် ပေးအပ်၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပါသည်။

(လက်မှတ်)

ဆုကြေးလက်ခံရရှိသူအမည်၊ ----------------------
နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ----------------------
ဌာနခွဲ/ရုံးအမည်၊ ----------------------
ရာထူး၊ ----------------------
ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ----------------------

## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

အမှတ် ၂ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၀၄၈ (ဃ)/ရအဖ-၁/ ၃၈/၃၉/၅၁/ရခ-၃/၂၀၁၇ နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါစာအမှတ်၊ ၅၄၇/၃၈/၃၉/၅၁/ရခ-၃/၂၀၁၇ တို့အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတို့တွင် အောက်ဖော်ပြပါ အမည်ပါရှိသူများအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | အဘအမည် |
|---|---|---|---|
| ၁ | ဒေါ်လှဲ့ဝါမြင့် | ၁၂/ကတတ (နိုင်) ၀၂၉၀၃၀ | ဦးလှမြင့် |
| ၂ | ဦးအောင်မြင့်သူ | ၉/မထလ (နိုင်) ၂၇၆၃၈၄ | ဦးဆန်းဝင်းနိုင် |
| ၃ | ဒေါ်ဇင်မာထွန်း | ၅/ဘတလ (နိုင်) ၀၉၅၅၈၃ | ဦးထွန်း |
| ၄ | ဒေါ်ယဉ်မင်းထွန်း | ၉/ပမန (နိုင်) ၁၇၁၆၃၁ | ဦးထိန်ဝင်း |
| ၅ | ဦးအောင်ပြည့်ဖြိုး | ၉/ခအဇ (နိုင်) ၀၀၈၀၇၃ | ဦးနိုင်ဝင်း |

စိုးသိန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ဒီ ဒီ ဗီးနပ်(စ်) ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(D D VENUS SERVICES CO.,LTD)**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၄၈ အရ

ကုမ္ပဏီစာရင်းရှင်းလင်း ဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

အစုရှယ်ယာရှင်များ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဒီ ဒီ ဗီးနပ်(စ်) ဝန်ဆောင်မှုကုမ္ပဏီလီမိတက်** အား စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးပါပိုဂနီဆန် B.A (English) R.L, Advocate (Registration No.4647)၊ တိုက်အမှတ်-စီ ၁၊ အခန်း-၀၀၅၊ နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေးကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့အား ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

ကုမ္ပဏီမှ ရရန် ပေးရန်ရှိသည်များကို (၁၁. ၂. ၂၀၁၉) နေ့ထက် နောက်မကျဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်သည်။

U Zaw Min Thwin
Managing Director
D D Venus Services Co.,Ltd.

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal & Tax Consultants Ltd.
Liquidator

NOTICE

## PUNCAK NIAGA HOLDINGS BERHAD (MYANMAR BRANCH)

## In Liquidation

In pursuant of the Ministry of National Planning and Economic Development's Press Release No.2/94 dated 14th January, 1994, I hereby given notice that **PUNCAK NIAGA HOLDINGS BERHAD (MYANMAR BRANCH)** in liquidation since May 25, 2018, will finally wind up its affairs in Myanmar on 11th January, 2019.

No claim or claims whatsoever against the Company will be entertained after 11th January, 2019.

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Liquidator

Building No. C 1, Room No. 005, Ground Floor, Hninnsi Street, Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

Myanmar Company Act 348

(Voluntary Liquidation)

In Accordance with the **BEAUTY HAND COMPANY LIMITED**

Reg No : 2830/2011-2012 (18.8.2014) Special meeting is passed at 7.1.2019, Daw May Si (B.Com, CPA) is appointed as company's liquidator on that meeting. Therefore, All persons claiming to be creditor of the above company are requested to submit details of their claims together with any documentary evidence in their possession to the liquidator at address given below, not later than 11.2.2019.

Daw Kyawt Kyawt Khin
Managing Director
BEAUTY HAND CO.,LTD

Daw May Si
Liquidator
No (49), 3 Street, Malarmying,
Okkyin, Hlaing , Yangon.
Phone No; 01-522684, 095042447

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၁-၁-၂၀၁၉။